# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသော ဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့ လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလောသေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)


၁၃၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 18 December 2016 (၈၇၇၉)


# ဒုတိယသမ္မတဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ မွန်ဘိုင်းမြို့ရှိ ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဒီဇင်ဘာ ၁၇**

အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် မွန်ဘိုင်းမြို့ရှိ ကမ္ဘာ့ဝိပဿနာ စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကြပြီး စေတီတော်ကြီး၏ ဘယ်ညာတွင် ထားရှိသော ကြေးခေါင်းလောင်းကြီးနှင့် ကြေးမောင်းစင်များအား ကြည့်ရှုကြသည်။

ထို့နောက် တာဝန်ရှိသူများက စေတီတော်ကြီး၏ သမိုင်းနှင့် တည်ထားပုံ အဆင့်ဆင့်အား Avditorium ခန်းမတွင် Video presentation ဖြင့် ရှင်းလင်းပြသကြသည်။

ဆက်လက်၍ စေတီတော်ကြီး၏ ဗုဒ္ဓပန်းချီပြတိုက်၊ အာသောက ကျောက်တိုင်၊ မဟာဗောဓိပင်နှင့် စေတီတော်ကြီးအတွင်း လူအင်အား ၁၀၀၀၀ ဝိပဿနာတရားပွဲများအား ထုတ်နိုင်ရန် ဒေါက်တိုင်မပါ


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆**




ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ မွန်ဘိုင်းမြို့ရှိ ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီး၌ စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကြစဉ်။

**(သတင်းစဉ်)**

# ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပရန် အဆင်သင့်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲစတင်ရန် အဆင်သင့်ဖြစ်ပြီဟု အဆိုပြုထားသည့် ဒေသများအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ရေးကော်မတီစာရင်းများ ထုတ်ပြန်ပေးနိုင်ရန်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ လုပ်ငန်းကော်မတီ ကိစ္စရပ်များဆွေးနွေးရန်တို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့၏ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရုံးခွဲ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီတို့တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန်အတွက် အဆင်သင့်ဖြစ်နေပြီဖြစ်သောကြောင့် အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့များမှ ကျင်းပရေးကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ အမည်စာရင်းများကိုရွေ့လာမည့် ရက်သတ္တပတ်အတွင်းထုတ်ပြန်ပေးရန် စီစဉ်လျက်ရှိသည်ဟု UPDJC အတွင်းရေးမှူးအဖွဲ့၏


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒**


## ရပ်နားထားရသည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး မကြာမီပြန်လည်ဖွင့်လှစ်နိုင်မည့် အလားအလာရှိဟု သိရ


သတင်းစာမျက်နှာ »»» ၉



KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# အချုပ်အခြာအာဏာကိုကာကွယ်

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ယခုအောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်းက ဖြစ်ပွားခဲ့သောဖြစ်စဉ်များသည် ဒေသအတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်ဖြစ်ရပ်များနှင့် ပုံသဏ္ဍာန်ရော အခြေအနေပါ ကွဲပြားခြားနားသည်ကို မြင်တွေ့ခဲ့ရပြီးဖြစ်မည်။ လူမျိုးရေး၊ ဘာသာရေး အပေါ်တွင် အခြေမခံဘဲ အကြမ်းဖက်တိုက်ခိုက်မှုသက်သက်ဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားလာခြင်းဖြစ်သည်။

အကြမ်းဖက်မှုဖြစ်စဉ် စတင်ဖြစ်ပွားစဉ်ကတည်းက ကြိုတင်အစီအမံများချမှတ်ပြီး အဆိုပါဒေသရှိ လူမျိုးရေးအခြေအနေကို အသုံးချကာ ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာခြင်းဖြစ်သည်။ ဖြစ်စဉ်များ စတင်ဖြစ်ပွားသည်နှင့် မမှန်သတင်းများကို နိုင်ငံတကာသို့ လှုံ့ဆော်ဖြန့်ချိဝါဒဖြန့်ကာ တစ်ဆိတ်ကိုတစ်အိတ်လုပ်၊ အမှန်ကိုအမှားလုပ်၊ အမှားကိုအမှန်လုပ်ကာ ခြေလှမ်းများစတင်ခဲ့သည်။

အဆိုပါ မမှန်သတင်းအချက်အလက်များကို အခြေခံကာ အချို့သော အဖွဲ့အစည်းများနှင့် နိုင်ငံအချို့တို့က မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်နေသယောင်၊ လူမျိုးတုံးသတ်ဖြတ်နေသယောင် စွပ်စွဲပြောဆိုမှုများ ရှိလာခဲ့သည်။ ထိုအထဲတွင် တာဝန်မသိသော၊ ကျင့်ဝတ်သိက္ခာမစောင့်ထိန်းသော နိုင်ငံ့ခေါင်းဆောင်တစ်ဦးနှင့် မီဒီယာအချို့ပါဝင်လာခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ပြည်တွင်းသတင်းထုတ်ပြန်မှုကို နေ့စဉ်နှင့်အမျှ စဉ်ဆက်မပြတ်ထုတ်ပြန်ပေးနေသော်လည်း နိုင်ငံတကာ အနေဖြင့် အမှန်သိအောင်ထုတ်ပြန်ပေးမှုမှာ အားနည်းသည်ဟု ဆိုရမည်ဖြစ်သည်။ ထိုအားနည်းချက်ကြောင့်ပင် နိုင်ငံတကာ၏ဖိအားပေးမှုများ၊ စွပ်စွဲမှုများ ရှိလာခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

ယခုအခါ ကမ္ဘာတစ်ဝန်းမှ တာဝန်သိပြည်သူများ၊ တာဝန်သိ မီဒီယာများက မမှန်သတင်းများ၊ အလိမ်အညာသတင်းများကို ဖော်ထုတ်လာကြသလို မြေပြင်သို့ ကိုယ်တိုင်ကွင်းဆင်း လေ့လာစစ်ဆေးခဲ့ကြသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးဆောင်သည့် ရခိုင်ပြည်နယ် အကြံပေးကော်မရှင်၊ ဒုတိယသမ္မတဦးဆောင်သည့် ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်တို့၏ ကနဦးစုံစမ်းတွေ့ရှိချက်များအရ မြန်မာနိုင်ငံအား ကမ္ဘာကအထင်အမြင်လွဲမှားအောင် တမင်ကြံရွယ်လုပ်ဆောင်မှုများကို တွေ့ရှိလာရသည်။

ယခုနောက်ဆုံးအခြေအနေတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်ခဲ့သော လက်နက်ကိုင်အုပ်စု၏အဖွဲ့ဝင်များစွာအပြင် အခြားဇာစ်မြစ်များအား International Crisis Group က အင်တာဗျူးများပြုလုပ်ခဲ့ရာ ရခိုင်ပြည်နယ်မြောက်ပိုင်းအခြေအနေနှင့် ပတ်သက်၍ အရေးကြီးသော အသေးစိတ်အချက်အလက်များ ပေါ်ထွက်လာသည်။

အကြမ်းဖက်လက်နက်ကိုင်အုပ်စုသစ်ကို မက္ကာတွင်အခြေစိုက်သော ကော်မတီတစ်ခုကဦးဆောင်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း အကြမ်းဖက်လှုပ်ရှားမှုများတွင် လူသိရှင်ကြားကွပ်ကဲနေသူ၊ ၎င်းတို့အဖွဲ့ဝါဒဖြန့်ချိသော ဗီဒီယိုဖိုင်များတွင် အဓိကဦးဆောင်ပြောဆိုနေသူအဖြစ် မြန်မာနိုင်ငံသားများ သိရှိပြီးဖြစ်သည့် အက်တာအူလားဖြစ်ကြောင်း သိရှိရသည်။

အက်တာအူလားသည် ပါကစ္စတန်နိုင်ငံ ကရာချိတွင်မွေးဖွားပြီး မက္ကာတွင်ကြီးပြင်းခဲ့သူဖြစ်သည်။ ခေတ်မီ ပြောက်ကျားတိုက်ပွဲများနှင့် ပတ်သက်၍ နိုင်ငံတကာအတွေ့အကြုံရှိသူဖြစ်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း အကြမ်းဖက်လှုပ်ရှားမှုများတွင် ဦးဆောင်နေသော ၂၀ ဦးအုပ်စုတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး ၎င်းတို့နှင့်အတူ အကြီးတန်းတရားဟောဆရာတစ်ဦးလည်း ပါဝင်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးသည် ပြည်တွင်းရေးသက်သက် မဟုတ်ချေ။ နိုင်ငံရပ်ခြားမှ လူသူလက်နက်၊ ငွေကြေးပစ္စည်းနှင့် မူးယစ်ဆေးဝါးများပါ ပါဝင်ထောက်ပံ့လုပ်ဆောင်လာသည့် အစီအစဉ်တကျ ကောင်းစွာလေ့ကျင့်ထားသည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရာ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးခြင်းမရှိစေရေး အမျိုးသားရေးသတိဖြင့် ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရပါမည်။ ။

# ရသေ့တောင်မြို့နယ် အောင်ပလကျေးရွာ သောက်သုံးရေ အဆင်ပြေစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန "မျှဝေခြင်းအစီအစဉ်" ဖြင့် စီမံဆောင်ရွက်လျက်ရှိ

**ရသေ့တောင် ဒီဇင်ဘာ ၁၇**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အတွင်းရှိ အောင်ပလကျေးရွာနှင့် အနီးအနားရှိကျေးရွာများ သောက်သုံးရေ ရေချိုရရှိရေးအတွက် ရေလှောင်တမံတည်ဆောက်ပေးရန် ရခိုင်ပြည်နယ် ရသေ့တောင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေမှ လွှတ်တော်တွင် တင်သွင်း မေးမြန်းခဲ့မှုအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ ရခိုင်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကြည်စိုးနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၁ ရက်က အောင်ပလကျေးရွာသို့ သွားရောက်၍ အကြိုကွင်းဆင်းစူးစမ်းလေ့လာမှု လုပ်ငန်းများ ဆောင်ရွက်သည်။

ရေလှောင်တမံ မတည်ဆောက်နိုင်သေးမီ အောင်ပလကျေးရွာနေ ပြည်သူများ သောက်သုံးရေ အခက်အခဲမရှိစေရေးအတွက် လက်ရှိ အသုံးပြုလျက်ရှိသော ကျေးရွာ သောက်သုံးရေကန် နှစ်ကန်အား နွေရာသီရေငွေ့ပြန်နှုန်း သက်သာစေရန် ဇာစိမ်းစဖြင့်အုပ်ပြီး ကာကွယ်သည့် နည်းလမ်းဖြင့် ကြိုတင်စီမံဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ အဆိုပါလုပ်ငန်းကို "မျှဝေခြင်း အစီအစဉ်" မှ ငွေကျပ်သိန်း ၄၀ ခန့် အကုန်အကျခံ၍ အချိန်မီ ဆောင်ရွက်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ညွှန်ကြားမှုပြုခဲ့သဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများအမြန်ဆုံး စတင်ဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



နွေရာသီ၌ ရေငွေ့ပြန်နှုန်းသက်သာစေရန်အတွက် သောက်သုံးရေကန်တစ်ခုတွင် ဇာစိမ်းစဖြင့် ဖုံးအုပ်ဆောင်ရွက်ထားရှိမှုအား နမူနာအဖြစ်တွေ့မြင်ရစဉ်။

# မီးဘေးကြိုတင်တားဆီးရေး ကော်မတီ နှစ်ပတ်လည်စည်းဝေး

**တောင်ငူ ဒီဇင်ဘာ ၁၇**

တောင်ငူမြို့ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး အထောက်အကူပြုကော်မတီ၏ နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၁၃ ရက် ညနေ ၄ နာရီက တောင်ငူမြို့ မေတ္တာနှင့် စေတနာသွေးလှူရှင်အသင်းရုံးခန်းမ၌ ကျင်းပရာ နာယကများဖြစ်ကြသော ဦးမြင့်ညို(အမေ့အိမ်)၊ ဦးကျော်လှ(သမာဓိ) နှင့် ဥက္ကဋ္ဌ ဦးရဲဝင်း(ရွှေဝါပဲဆီသန့်) တို့က အမှာစကားပြောကြား၍ ဒု-ဥက္ကဋ္ဌ ဦးရဲမြင့်(ပွဲရုံလုပ်ငန်း)က ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးမြင့်နိုင်ထွန်းက မီးသတ်ယာဉ်စက်များကြံ့ခိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ဆက်လက်၍ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ရှေ့လုပ်ငန်းစဉ်များအဖြစ် မီးသတ်ယာဉ်များကြံ့ခိုင်မှုအပြည့်အဝရှိရေး၊ မီးသတ်ရေစင်နှင့် ရေကန်များ ရေအပြည့်ဖြည့်ဆည်းရေး၊ မီးသတိပေးပိုစတာများ ကပ်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အိမ်တိုင်းမီးချိတ်၊ မီးကပ်၊ သဲ၊ ရေများထားရှိရေး၊ မြို့ပေါ်နှင့် ရပ်ကွက်အသီးသီးတို့တွင် မီးသတိမူရေးအတွက် အသံချဲ့စက်များဖြင့် လိုက်လံနှိုးဆော်ရေးများ ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

(၁၂၉)

# ကံမမြို့နယ်တွင် ယာဉ်မောင်းလိုင်စင်များပြုလုပ်ပေး

**ကံမ ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်ရှိ မော်တော်ဆိုင်ကယ်မောင်းနှင်သူ ပြည်သူများအတွက် ယာဉ်မောင်းလိုင်စင်များ လွယ်ကူချောမွေ့စွာ ရရှိနိုင်ရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သရက်ခရိုင်ဦးစီးမှူး ဦးသန်းထွဋ်နှင့် ဝန်ထမ်းများသည် ဒီဇင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ နှစ်ရက်တိုင် ကွင်းဆင်း၍ ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ပြုလုပ်ရာတွင် အသက် (၁၈) နှစ်ပြည့်မီသူ ပြည်သူများအနေဖြင့် မေးခွန်းလွှာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပတ်သက်၍ ဖြေဆိုရမည်ဖြစ်ပြီး မေးခွန်းအခု ၂၀ တွင် အနည်းဆုံး ၁၈ ခုကို မှန်ကန်အောင် ဖြေဆိုရန် လိုအပ်ကြောင်းနှင့် မော်တော်ယာဉ်မောင်းနှင်နိုင်မှု စွမ်းရည်များအား စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကံမမြို့နယ်အတွင်း လိုင်စင်လျှောက်ထားဖြေဆိုသူ ၂၇၆၂ ဦး ရှိသည့်အနက် အရည်အချင်းပြည့်မီသူများအား ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

ဝ

# ၁၉၈၂ မြန်မာနိုင်ငံသား ဥပဒေဆိုင်ရာ ရက်တိုသင်တန်းဖွင့်



**ရမည်းသင်း ဒီဇင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး၌ ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ၁၉၈၂ မြန်မာနိုင်ငံသား ဥပဒေဆိုင်ရာသင်တန်းဖွင့်ပွဲကို ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရမည်းသင်းခရိုင်ရုံးဝန်ထမ်းများ၊ ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်ရုံးမှ ဝန်ထမ်းများ စုစုပေါင်း ၂၆ ဦးတို့ကို ရမည်းသင်းခရိုင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက ပရိုဂျက်တာဖြင့် ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေဆိုင်ရာအချက်များကို ရှင်းလင်းခဲ့ကြောင်း သိရသည်။ **(ဇော်ဝင်းအောင်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

◆ ရှေ့ဖုံးမှ

သံကူကွန်ကရစ်မသုံးဘဲ ကျောက်ထုံး၊ ကျောက်သားများဖြင့် ချိတ်ဆက်ကျားကန်ကာ တိုင်မဲ့တည်ထားမှုများကို လှည့်လည်ကြည့်ရှုကြပြီး စေတီတော်ကြီးအား လက်ယာရစ်တစ်ပတ် ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က စေတီတော်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားသော ကမ္ဘာ့ဝိပဿနာ စေတီတော်မြတ်ကြီးကို မြန်မာနိုင်ငံမှ ရွှေတိဂုံစေတီတော်နှင့် ပုံစံတူတည်ဆောက်ထားခြင်းဖြစ်ပြီး အမြင့် ၃၂၅ ပေဖြင့် တည်ထားခြင်းဖြစ်သည်။ စေတီတော်ကြီးအား ၂၀၀၀ ပြည့်နှစ်တွင် စတင်တည်ထားကာ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် အပြီးသတ်ပြီးစီးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကင်းထောက်အခြေခံသင်တန်းဖွင့်ပွဲနှင့် အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် ကင်းထောက်အခြေခံသင်တန်းဖွင့်ပွဲနှင့် အတွေ့အကြုံရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကောလိပ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်တင်တင်ထွေးတို့က အမှာစကားပြောကြားသည်။

ထို့နောက် ကင်းထောက်စခန်းချတွေ့ဆုံပွဲများနှင့် သင်တန်းများ တက်ရောက်ခဲ့ကြသည့် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် တတိယနှစ်ခရီးသွားလုပ်ငန်းပညာဌာနမှ မောင်ထူးမြတ်နိုင်၊ တတိယနှစ်စီးပွားရေးစီမံခန့်ခွဲမှုပညာဌာနမှ မစန္ဒီသင်းသင်းဇော်တို့က အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့်ပွဲတွင် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်ကင်းထောက်မောင်မယ်များက 'ပြည်သူ့အတွက် အစဉ်အသင့်' ကင်းထောက်သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၈ ရက်အထိ ကျောင်းသား ၂၅ ဦး၊ ကျောင်းသူ ၁၀၇ ဦးတို့ တက်ရောက်သင်ကြားကြမည်ဖြစ်သည်။

**ကိုလတ် (သတင်းစဉ်)**

# မောင်တောခရိုင်အတွင်း UN/INGO အဖွဲ့အစည်းများဝင်ရောက်၍ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်ရာတွင် အဆင်ပြေချောမွေ့ရေး ညှိနှိုင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

မောင်တောခရိုင်အတွင်း UN/INGO အဖွဲ့အစည်းများ ဝင်ရောက်၍ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ယနေ့မွန်းလွဲ ၁ နာရီတွင် မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံး၌ UN/INGO အဖွဲ့အစည်း ၁၁ ဖွဲ့နှင့် တာဝန်ရှိသူများ ညှိနှိုင်းဆွေးနွေးကြသည်။




လူသားချင်းစာနာထောက်ထားမှု အကူအညီပေးမည့် အဖွဲ့အစည်းများအား မောင်တောခရိုင်အတွင်းရှိ ကျေးရွာ ၁၇ ရွာသို့ ဝင်ရောက်၍ ထောက်ပံ့ကူညီမှုများ ပေးအပ်ရာတွင် အဆင်မပြေမှုများရှိခဲ့ပါက ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ တွေ့ဆုံ ဆွေးနွေးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ညှိနှိုင်းဆွေးနွေးမှုအရ ဒီဇင်ဘာ ၇ ရက်တွင် UNHCR မှ စတင်ဆောင်ရွက်နေပြီဖြစ်ပြီး ဒီဇင်ဘာ ၁၉ ရက်တွင် WFP၊ BAJ၊ Care၊ UNICEF၊ IOM၊ MSF၊ ဒီဇင်ဘာ ၂၀ရက်တွင် ACF စသည့် အဖွဲ့များက ထောက်ပံ့ကူညီမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဒီဇင်ဘာ ၁၉ ရက်တွင် Malteser အဖွဲ့မှ အဖွဲ့ဝင် ၂၈ ဦး ပါဝင်သည့် အဖွဲ့သည် ခမောင်းဆိပ်၊ ကြိမ်ချောင်း၊ တမန်းသားကျေးရွာများသို့ စတင်ဝင်ရောက်၍ ဆေးဝါးကုသမှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်တောဒေသအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် ပိုင်း WFP မှ ဒေသခံဝန်ထမ်းများဖြင့် နိုဝင်ဘာ ၄ ရက်မှစတင်၍ အကူအညီများ တောက်လျှောက်ပေးအပ်ခဲ့ပြီးဖြစ်သည်။

အလားတူ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ UNHCR တို့မှလည်း လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ဆေးဝါးများ ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

❒ **အမျိုးသားအဆင့်မှ**

အစည်းအဝေးမှ သိရသည်။

အစိုးရအစုအဖွဲ့ကိုယ်စားပြု UPDJC အတွင်းရေးမှူး ဦးလှမောင်ရွှေက "လောလောဆယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကျင်းပဖို့ အဆင်သင့်ဖြစ်နေတဲ့ နေရာသုံးနေရာရှိပါတယ်။ အစိုးရဘက်က အဆင်သင့်ဖြစ်ပြီပြောတဲ့ ကရင်၊ တနင်္သာရီနဲ့ နေပြည်တော်အတွက်တော့ ကြီးကြပ်ရေးကော်မတီစာရင်းတွေက ရှေ့လာမယ့် အပတ်ထဲမှာ သေချာပေါက်ထွက်လာမှာပါ။ အဲဒီနောက်မှာ လုပ်ငန်းကော်မတီစာရင်း ဆက်ထွက်လာမှာပါ။ ဒါကို ချက်ချင်းထုတ်ပြန်ပေးနိုင်ဖို့ အစိုးရကစီစဉ်နေပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ဒီဇင်ဘာလထဲမှာ အကြိုတွေလုပ်နိုင်ပြီး ဇန်နဝါရီလထဲမှာတော့ သေချာပေါက်လုပ်နိုင်မှာပါ။ ဇန်နဝါရီအစောပိုင်းနဲ့ လလယ်ပိုင်းပဲကွာမှာပါ။ KNU၊ KNLA-PC နဲ့ DKBA တို့က အကြိုပြင်ဆင်ရေးလုပ်ငန်းတွေ စတင်လုပ်ဆောင်နေပါပြီ" ဟုပြောသည်။

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပရန် အသင့်ဖြစ်နေသည့် ကရင်ပြည်နယ်တွင် လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲနှင့် နေပြည်တော်တွင်မူ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်သည့် အကြောင်းအရာအလိုက် အမျိုး သားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်မည်ဖြစ်သည်။



ဦးလှမောင်ရွှေက "ကရင်ပြည်နယ်မှာတော့ လူမျိုးအလိုက်ဆိုရင် ကရင်တိုင်းရင်းသားသုံးဖွဲ့ဖြစ်တဲ့ KNU၊ KNU/KNLA-PC၊ DKBA တို့က ကရင်ပြည်နယ်အစိုးရနဲ့ ညှိနှိုင်းပြီးဆောင်ရွက်မယ့်သဘော ရှိနေပါတယ်။ တနင်္သာရီမှာလုပ်တဲ့ အရာကတော့ ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုရင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ ဦးဆောင်ပြီးတော့ အဲဒီဒေသတစ်ခုလုံးမှာ ရှိနေတဲ့ နိုင်ငံရေးပါတီ၊ လက်နက်ကိုင် အင်အားစုတွေ၊ CSO စတာတွေနဲ့ ညှိနှိုင်းပြီးဆောင်ရွက်မယ့်သဘောပါပဲ။ အကြောင်းအရာအလိုက်မှာတော့ ညှိနှိုင်းပြီးလုပ်လို့ရတယ်လို့ ဆိုထားတော့ နေပြည်တော်မှာအရပ်ဘက်လူမှုအဖွဲ့အစည်း CSO ဖိုရမ်တွေ လုပ်နိုင်ပါတယ်" ဟုပြောသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ် NCA ပြဋ္ဌာန်းချက်အရ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ ရရှိလာသောဆွေးနွေးချက်များအား ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ တင်သွင်းရမည်ဖြစ်သောကြောင့် ဖေဖော်ဝါရီလအတွင်း ကျင်းပရန်လျာထားသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် တင်သွင်းရမည်ဖြစ်သည်။ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဦးလှမောင်ရွှေက "လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားတွေကိုလည်း ဆက်ပြီးတော့ တွေ့ဆုံပြီး ဆက်ဆွေးနွေးမယ်။ တရားဝင်ဆွေးနွေးပွဲတွေ မလုပ်နိုင်သေးတဲ့နောက်မှာ အလွတ်သဘောဆွေးနွေးပွဲကနေ စနိုင်ဖို့ဆိုတဲ့ လမ်းညွှန်ချက်ပေးထားတာတော့ရှိပါတယ်။ ဒါကို ပြင်ဆင်နေပါတယ်။ နိုင်ငံရေးဖြစ်စဉ်မှာ အတက်အကျဆိုတာရှိတတ်ပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံတည်းမှ မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးမှာလည်းဒီလိုမျိုးရှိတတ်တာပဲ။ ကျွန်တော်တို့နိုင်ငံသားတွေအားလုံး ဝိုင်းကြိုးစားကြဖို့နဲ့ အခိုက်အတန့် အကျဘက်ကိုရောက်ရင်လည်း ဝိုင်းတောင့်ခံထားဖို့၊ အဲဒီအထဲကနေ မြန်မြန်ရုန်းထွက်ဖို့ပဲ လိုတယ်လို့ မြင်ပါတယ်။ တက်တက်ကြွကြွနဲ့ ဆွေးနွေးနေနိုင်တာကြည့်ရင်း ငြိမ်းချမ်းရေးဟာ ခရီးရှည်ကြီးဖြစ်ပေမယ့် ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်" ဟုပြောသည်။

ယနေ့ပြုလုပ်သည့် PDJC အတွင်းရေးမှူးအဖွဲ့သည် တစ်လတစ်ခါ ခေါ်ယူကျင်းပသည့် ပုံမှန်အစည်းအဝေးဖြစ်ကာ ယနေ့အစည်းအဝေးသို့ နိုင်ငံရေးပါတီများအစုအဖွဲ့မှ UPDJC ဒုတိယဥက္ကဋ္ဌ ဦးသုဝေနှင့် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်နှင့် နိုင်ငံရေးပါတီများမှ UPDJC အတွင်းရေးမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - NRPC(ရန်ကုန်)**

❒ **မြန်မာ ယူ-၁၈ မှ**

မြန်မာ ယူ-၁၈ အသင်းသည် ပထမပွဲတွင် ကွမ်ကျိုးအသင်းနှင့် သုံးဂိုးစီသရေကျခဲ့ပြီး နောက်ပိုင်းပွဲများတွင် တရုတ်စူပါလိဂ်ကလပ် ကွမ်ကျိုး၊ အဲဗားဂရင်းလူငယ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ကန်တုံ ယူ-၁၈ အသင်းကို လေးဂိုး-သုံးဂိုး၊ ကန်တုံ ယူ-၂၀ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ မြန်မာယူ-၁၈ အသင်းသည် ဒီဇင်ဘာ ၂၀ ရက်တွင် ခြေစမ်းပွဲ ထပ်မံကစားရန် စီစဉ်ထားသည်။ **ဖိုးသော်ဇင်**

တို့ကမ္ဘာကြီးအစဉ်လှပဖို့
ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့

ရေရှည်တည်တံ့ ဖွံ့ဖြိုးစေဖို့
ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့

○ **ကျောဖုံးမှ**

အသင်းများအား လိုက်လံနှုတ်ဆက်၍ အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြိုင်ပွဲကိုစတင်ကျင်းပရာ တစ်ဦးချင်းယှဉ်ပြိုင်ရသော Petanque Shooting အားကစားနည်းအား Junior Shooting တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Junior Shooting တန်း တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ထိုင်းအသင်းမှ ထိုင်တမွန် ဝက်ဆွန်၊ ဒုတိယဆုရရှိသော ကမ္ဘောဒီးယားအသင်းမှ ခွန်လီဟူ၊ ပူးတွဲတတိယဆုရရှိသော မြန်မာအသင်းမှ ထူးပြည့်ကျော်နှင့် တရုတ် (တိုင်ပေ) အသင်းမှ ဆိုင်အိချိန်တို့အား Dr. Meas Sarlin က လည်းကောင်း၊ Women's Shooting ပြိုင်ပွဲတွင် ပထမဆုရရှိသော ထိုင်းအသင်းမှ နန်ထဝမ်၊ ဒုတိယဆုရရှိသော မြန်မာအသင်းမှ ခင်ချယ်ရီသက်၊ ပူးတွဲတတိယဆုရရှိသော ကမ္ဘောဒီးယားအသင်းမှ စီလန်းနှင့် လာအိုအသင်းမှ ဗိုဗီလာစ်တို့အား အာရှပီတန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Eddie Lin က လည်းကောင်း၊ Men's Shooting ပြိုင်ပွဲတွင် ပထမဆုရရှိသော ကမ္ဘောဒီးယားအသင်းမှ ဆောချန်မီင်း၊ ဒုတိယဆုရရှိသော ထိုင်းအသင်းမှ ဆပ်ခမ်ထန်ခွန်၊ ပူးတွဲတတိယဆုရရှိသော စင်ကာပူအသင်းမှ ချန်စီပိုင်းနှင့် လာအိုအသင်းမှ ဘွန်ဒိုင်းတို့အား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲသို့ အိမ်ရှင်မြန်မာ၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ လာအို၊ ဂျပန်၊ မလေးရှား၊ တရုတ်(တိုင်ပေ)၊ ထိုင်းတို့မှ ပြိုင်ပွဲဝင်အင်အား ၁၂၉ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဒီဇင်ဘာလ ၁၈ ရက်ထိ Shooting ပြိုင်ပွဲအမျိုးအစားဖြစ်သော Men's Shooting ၊ Women's Shooting၊ Junior Shooting အမျိုးအစားနှင့် Triple ပြိုင်ပွဲအမျိုးအစားဖြစ်သော Men's Triple၊ Women's Triple၊ Junior Triple ပြိုင်ပွဲများအား ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။



ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လွှတ်တော်မှ ကိုယ်စားလှယ်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အာရှပီတန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Eddie Lin ၊ မြန်မာနိုင်ငံ ပီတန်းအဖွဲ့ချုပ် နာယက ဦးသိန်းဝင်းနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအေးထွန်း၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မောင်းသူမဲ့ရေယာဉ်နှင့်ပတ်သက်ပြီး ညှိနှိုင်းသွားရန် တရုတ်နှင့်အမေရိကန်လိုလား

**ပေကျင်း ဒီဇင်ဘာ ၁၇**

တောင်တရုတ် ပင်လယ်အတွင်း တရုတ်ရေတပ်က သိမ်းယူခဲ့သော အမေရိကန် ရေအောက်ထောက်လှမ်းရေး မောင်းသူမဲ့ ရေယာဉ်နှင့် ပတ်သက်ပြီး စစ်ဘက်ဆက်သွယ်ရေး နည်းလမ်းများနှင့် ညှိနှိုင်းသွားရန် နှစ်ဖက်စလုံးက ဆန္ဒရှိကြောင်း တရုတ်နိုင်ငံပိုင်သတင်းစာက ဒီဇင်ဘာ ၁၇ ရက်တွင် ဖော်ပြသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး အထက်ပါအတိုင်း ဖြေရှင်းဆောင်ရွက်သွားမည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ တရုတ်ရေတပ်သင်္ဘောတစ်စင်းက အမျိုးအမည်မဖော်နိုင်သော အရာဝတ္ထုတစ်ခုကို ရေအောက်လုံခြုံရေး စည်းမျဉ်းများအရစစ်ဆေးခဲ့ကြောင်း ဂလိုဘယ်တိုင်းသတင်းစာက ဖော်ပြသည်။ ယင်းအရေးနှင့်ပတ်သက်ပြီး အပြုသဘောဆောင်သော နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်သွားရန် နှစ်ဖက်စလုံးက ဆန္ဒရှိနေကြောင်း သိရသည်။



ယင်းမောင်းသူမဲ့ ရေယာဉ်သည် တောင်တရုတ်ပင်လယ်တွင် စစ်ဘက်ဆိုင်ရာလုပ်ငန်းများကို ဥပဒေနှင့်အညီဆောင်ရွက်ခြင်းဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူများက ဆိုသည်။ "ဒီရေယာဉ်ဟာ ကျွန်တော်တို့ပိုင်ဆိုင်တဲ့ဟာဖြစ်ပြီး နောက်ထပ်ဒီလိုမဖြစ်ဖို့မျှော်လင့်ပါတယ်''ဟု ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဂျက်ဒေးဗစ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

**ရိုက်တာ။**

# အိုင်အက်စ်ခေါင်းဆောင်ဖမ်းဆီးရမိရေး သတင်းပေးသူကို ဆုငွေဒေါ်လာ ၂၅ သန်းပေးမည်ဟု အမေရိကန်ကြေညာ

**ဝါရှင်တန် ဒီဇင်ဘာ ၁၇**

အစ္စလာမ္မစ်နိုင်ငံအဖွဲ့ (အိုင်အက်စ်) ခေါင်းဆောင် အဘူဘာကာအယ်လ်ဘာဒါဒီ၏သတင်းပေးနိုင်သူကို ယခင်ထုတ်ပြန်ထားသည့် ဆုကြေးငွေ၏ နှစ်ဆကျော်ပေးအပ်မည်ဟု အမေရိကန်အစိုးရက ဒီဇင်ဘာ ၁၆ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။

ဂျီဟတ်ဝါဒီစစ်သွေးကြွအုပ်စု၏ ထိပ်တန်းခေါင်းဆောင် ဘာဒါဒီအား ဖမ်းဆီးရမိရေး သို့မဟုတ် ပြစ်ဒဏ်စီရင်နိုင်ရေးအတွက် ၎င်းရှိရာနေရာကို သတင်းပေးပို့နိုင်သူအား ဆုကြေးငွေ အမေရိကန် ဒေါ်လာ ၂၅ သန်း ပေးအပ်မည်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုသည် အိုင်အက်စ်ခေါင်းဆောင်ကိုဖမ်းဆီးရမိရေးအတွက် သတင်းပေးသူအား အမေရိကန်ဒေါ်လာ ၁၀ သန်း ချီးမြှင့်မည်ဟု ၂၀၁၁ ခုနှစ် အောက်တိုဘာလအတွင်းက ကြေညာခဲ့ပြီး ယခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် သတင်းပေးနိုင်သူအား ဆုကြေးငွေ တိုးမြှင့်ပေးအပ်မည်ဟု ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အိုင်အက်စ်ခေါင်းဆောင် ဘာဒါဒီသည် အီရတ်လူမျိုးတစ်ဦးဖြစ်ပြီး ၎င်း၏ အမည်ရင်းမှာ အီဘရာဟင် အယ်လ် ဆာမာရိုင်း ဖြစ်သည်။

အိုင်အက်စ်ခေါင်းဆောင် နေထိုင်ရာအရပ်ကို တိကျရှင်းလင်းစွာ မသိရသော်လည်း ထွက်ပေါ်နေသောသတင်းများအရ ၎င်းသည် အီရတ်နိုင်ငံအတွင်း အိုင်အက်စ်တို့ သိမ်းယူထားသည့် မိုဆူးမြို့ သို့မဟုတ် အီရတ်နှင့် ဆီးရီးယားနိုင်ငံ နယ်စပ်မျဉ်းနှင့်နီးကပ်စွာရှိနေသည့် အိုင်အက်စ်တို့ လက်ဝယ်ရှိ မိုဆူးမြို့ အနောက်ဘက်နယ်မြေဒေသတွင် ရှိနိုင်သည်ဟု ဆိုသည်။

မိုဆူးမြို့ကို ပြန်လည်သိမ်းယူရန် မဟာမိတ်တပ်ဖွဲ့များက စစ်ရေးအရ ဖိအားပေးတိုက်ခိုက်မှုများပြုမှု၏ အကျိုးဆက်အဖြစ် အိုင်အက်စ်ခေါင်းဆောင် ဘာဒါဒီနှင့် ၎င်း၏ ထိပ်တန်းလက်ထောက်များသည် ယင်းဒေသဝန်းကျင်သို့ ရွှေ့ပြောင်းပြီး ၎င်းတို့ကိုယ်ကို ပုန်းကွယ်ရန် ကြိုးပမ်းကြသည်ဟု ကာဒစ်တပ်ဖွဲ့တာဝန်ရှိသူများက ယုံကြည်ထားသည်။

**ရိုက်တာ။**



# တူရကီစစ်သားများ လိုက်ပါသည့် ဘတ်စ်ကား ဗုံးခွဲတိုက်ခိုက်ခံရ ၁၃ ဦးထက်မနည်းသေဆုံးပြီး ၄၈ ဦး ထိခိုက်ဒဏ်ရာရ

**အန်ကာရာ ဒီဇင်ဘာ ၁၇**

တူရကီနိုင်ငံအလယ်ပိုင်း ကေဆီရီမြို့တွင် ဒီဇင်ဘာ ၁၇ ရက်က တူရကီစစ်သားများကို တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီး ဗုံးဖောက်ခွဲ တိုက်ခိုက်ခံရခြင်းကြောင့် တပ်ဖွဲ့ဝင် ၁၃ ဦးထက်မနည်းသေဆုံးပြီး ၄၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ရဲတပ်ဖွဲ့ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် အမြွှာဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ယခုကဲ့သို့ တိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယခုနှစ်အတွင်း တူရကီနိုင်ငံတွင် လူအသေအပျောက်များသည့် ဗုံးပေါက်ကွဲမှုများ တသီတတန်းဖြစ်ပွားခဲ့သည်။ ယခုဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် ယခင်က ဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲ တိုက်ခိုက်မှုများကဲ့သို့ တူရကီနိုင်ငံသားများအတွက် မချင့်မရဲဖြစ်ကာ အမျက်ဒေါသ ပိုမိုထွက်ပေါ်လာစေသည်။

တူရကီနိုင်ငံတွင် ဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲတိုက်ခိုက်မှုအချို့ကို ၎င်းတို့ လုပ်ဆောင်ခဲ့ကြောင်း ကာဒစ် စစ်သွေးကြွအဖွဲ့က ကြေညာခဲ့ပြီး ၎င်းတို့အထဲတွင် လွန်ခဲ့သည့် ရက်သတ္တပတ်က လူ ၄၄ ဦး သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၅၀ ကျော်ရှိသည့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုလည်း ပါဝင်ကြောင်း သတင်းတွင်ဖော်ပြသည်။

ယခုဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲတိုက်ခိုက်မှုတွင် တာဝန်ရှိကြောင်း မည်သည့်အဖွဲ့အစည်းကမျှ လတ်တလော ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

ယင်းပေါက်ကွဲမှုတွင် တူရကီစစ်ဘက်တပ်ဖွဲ့ဝင် ၁၃ ဦး သေဆုံးပြီး ထိခိုက်ဒဏ်ရာရသူ ၄၈ ဦးရှိကြောင်း၊ ထို့အပြင် အရပ်သားများလည်း ထိခိုက်ဒဏ်ရာရဖွယ်ရှိကြောင်း၊ ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံသို့ တင်ပို့ကုသမှုပြုထားကြောင်း တူရကီစစ်ဘက်က ပြောကြားသည်။

တူရကီစစ်သားများကို တင်ဆောင်လာသော ဘတ်စ်ကားသည် ကေဆီရီမြို့ အီးကီးစ်ရပ်တက္ကသိုလ်နယ်မြေအနီး၌ မီးနီမိ၍ ရပ်တန့်နေစဉ် အခြားမော်တော်ယာဉ်တစ်စီးက ချဉ်းကပ်လာကာ ၎င်းကိုယ်၎င်းဖောက်ခွဲလိုက်ခြင်းဖြစ်သည်ဟု အန်တီဗွီ ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# ပါပူဝါနယူးဂီနီ နိုင်ငံတွင် အင်အားပြင်း ငလျင်လှုပ်ခတ် ဆူနာမီရေလှိုင်းများ ဖြစ်ပေါ် နိုင်

**ပေါ့မောရက်စ်ဘီ (ပါပူဝါနယူးဂီနီ) ဒီဇင်ဘာ ၁၇**

ပါပူဝါနယူးဂီနီနိုင်ငံတွင် အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဒီဇင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် ၁၀ နာရီ ၅၁ မိနစ်တွင် ပါပူဝါနယူးဂီနီနိုင်ငံ နယ်နိမိတ်အတွင်း ပြင်းအား ၇ ဒသမ ၉ ရှိ ငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း အမေရိကန်ဘူမိဗေဒ စောင့်ကြည့်လေ့လာရေးအဖွဲ့က အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါငလျင်သည် မြေအောက်အနက်ကီလိုမီတာ ၁၀၀ ခန့်ရောက်ရှိနိုင်ကြောင်း သိရသည်။

အမေရိကန် ပြည်ထောင်စု ဟာဝိုင်ယီပြည်နယ်ရှိ ပစိဖိတ်ဆူနာမီအချက်ပေးစင်တာက အဆိုပါ အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် သုံးပေအမြင့်ရှိသော ဆူနာမီရေလှိုင်းများ ပါပူဝါနယူးဂီနီနိုင်ငံတွင် ဖြစ်ပေါ်နိုင်ကြောင်းနှင့် စင်တီမီတာ ၃၀ အောက်လျော့နည်းသော ဆူနာမီရေလှိုင်းငယ်များ အနီးဝန်းကျင်ရှိ ကမ်းရိုးတန်းဒေသများတွင်ဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။

**အင်န်အိတ်ချ်ကေ။**

# ပေကျင်းမြို့တော်တွင် လေထုညစ်ညမ်းမှုဆိုင်ရာ သတိပေးချက်ထုတ်ပြန်



**ပေကျင်း ဒီဇင်ဘာ ၁၇**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ယခုနှစ်ဆောင်းရာသီအတွင်း လေထုညစ်ညမ်းမှုဆိုင်ရာ အမြင့်ဆုံးအဆင့်သတိပေးချက်တစ်ရပ်ကို ပထမဆုံးအကြိမ်ထုတ်ပြန်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရသိရသည်။

ဒီဇင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ မြို့တော်အတွင်း လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်မည်ဖြစ်ကြောင်း အမြင့်ဆုံးအနီရောင်အဆင့်သတ်မှတ်ချက်ဖြင့် ဒေသန္တရအစိုးရက ကြေညာထားသည်။

လေထုညစ်ညမ်းမှုဆိုင်ရာ သတိပေးချက်ထုတ်ပြန်ကြေညာပြီးနောက် မြို့တော်အတွင်းရှိ စက်ရုံများကို လုပ်ငန်းလည်ပတ်မှု ယာယီရပ်ဆိုင်းထားရန်နှင့် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ အိမ်အပြင်သို့မထွက်ကြရန် မြို့တော်အာဏာပိုင်များက တိုက်တွန်းပြောကြားထားသည်။ မြို့တော်အာဏာပိုင်များက ယာဉ်ကြောပိတ်ဆို့မှုများကင်းရှင်းစေရန် စနစ်တကျဆောင်ရွက်လျက်ရှိသည်။ မြို့တော်အတွင်းရှိ အခြေခံပညာကျောင်းများကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိ ယာယီပိတ်ထားမည်ဖြစ်သည်။


လေထုညစ်ညမ်းမှုသည် မြို့တော်နေပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားစေနိုင်သည့်အတွက် မျက်နှာဖုံးစွပ်များဝတ်ဆင်ထားရန် လိုအပ်ကြောင်း ဒေသခံအမျိုးသမီးတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံအတွင်းရှိ ဟယ်ပယ်စီရင်စုအပါအဝင် အခြားသောနေရာများတွင် လေ၏အရည်အသွေးနိမ့်ကျလျက်ရှိကြောင်း ကျွမ်းကျင်ပညာရှင်များကဆိုသည်။

**အင်န်အိတ်ချ်ကေ။**

# နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းနှင့် သတ်မှတ်နယ်မြေ ကျော်လွန်ဝင်ရောက်လှုပ်ရှားလာသည့် RCSS/SSA အဖွဲ့တို့ တွေ့ဆုံတိုက်ပွဲဖြစ်ပွား

RCSS/SSA (ရှုက်ဆစ်)အဖွဲ့နှင့် တိုက်ပွဲဖြစ်ပွားသည့်နေရာပြမြေပုံ




**နေပြည်တော် ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မိုင်းပျဉ်းကျေးရွာအုပ်စု အရှေ့ခြမ်း နယ်မြေအတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၈ နာရီ ၁၅ မိနစ်ခန့်မှ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်အထိ ကုန်းညောင်ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၂၀၀၀ ခန့်အကွာ နေရာတစ်ဝိုက်၌ သတ်မှတ်နယ်မြေကျော်လွန်ဝင်ရောက်လှုပ်ရှားလာသည့် RCSS/SSA အဖွဲ့မှ အင်အား ၃၀ ခန့်နှင့် တွေ့ဆုံတိုက်ပွဲ လေးကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

### ကျူးကျော်ဝင်ရောက်

ဖြစ်စဉ်တွင် တပ်မတော်စစ်ကြောင်းမှ စစ်သည်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ RCSS/SSA အဖွဲ့သည် NCA သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသည့်အဖွဲ့အစည်းဖြစ်ပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နယ်မြေသည် ၎င်းတို့အတွက် သတ်မှတ်ထားသည့် နယ်မြေမဟုတ်ဘဲ ကျူးကျော်ဝင်ရောက်လှုပ်ရှားလာခြင်းဖြစ်သည့်အတွက် Joint Ceasefire Monitoring Committee-Union Level(JMC) မှ တစ်ဆင့် ကန့်ကွက်အကြောင်းကြားစာ ပေးပို့သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



# လူမှုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်

**မြောင်းမြ ဒီဇင်ဘာ ၁၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြောင်းမြခရိုင်ရုံးနှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် လူမှုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီခွဲက မြောင်းမြခရိုင် ပြည်သူ့စာကြည့်တိုက်ရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်ပြီး ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ ဒေါက်တာ သန့်သော်ကောင်းက ရွေ့လျားစာကြည့်တိုက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ အလှူရှင်များဖြစ်သည့် ချက်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jarosiav Dolecek၊ Mr.Chang Chun Yu နှင့် Mr. Jason Huang တို့အား တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ပေးအပ်ကြသည်။

ဆက်လက်ပြီး လူမှုအခြေပြု ဗဟိုဌာန မြောင်းမြခရိုင် ဆိုင်းဘုတ်ကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းနှင့် ဒေါက်တာဥမ္မာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့် ဧည့်သည်တော်များက Community Centre အတွင်း ဝင်ရောက်ကြည့်ရှုကာ ကွန်ပျူတာသင်တန်းဖွင့်လှစ်ရန် ပြင်ဆင်ထားရှိမှုနှင့် ကလေးစာဖတ်ခန်းနှင့် စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ ရောင်စုံပန်းချီ ဆေးရေးခြယ်မှုနှင့် စာပေလေ့လာဖတ်ရှုနေသည်များကို ကြည့်ရှုအားပေးသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သော လူမှုအခြေပြုဗဟိုဌာန (Community Centre) နှင့် ရွေ့လျားစာကြည့်တိုက်ကို မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင်လည်း မကြာမီ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆက်လက်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကွတ်ခိုင်မြို့နယ် ရှခင်းသာအနီး လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အရပ်သားတစ်ဦး မိုင်းစထိမှန် ဒဏ်ရာရ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ကွတ်ခိုင်မြို့နယ် ရှခင်းသာအနီး ကွတ်ခိုင်-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် (၂၃၀)နှင့် (၂၃၃) ကြား၌ ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲခန့်က လက်နက်ကြီး ဗုံးသီးတစ်လုံး ကျရောက် ပေါက်ကွဲခဲ့သဖြင့် ဆိုင်ကယ်ကယ်ရီမောင်းသူ အရပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။



### မိုင်းစများထိမှန်

ထိခိုက်ဒဏ်ရာရရှိသူမှာ မူဆယ်မြို့ ဟိုမွန်ရပ်ကွက်နေ ကိုချစ်ထွေးဖြစ်ပြီး လည်ပင်းနှင့် ဝဲပခုံးတို့တွင် မိုင်းစများထိမှန်ခဲ့သဖြင့် မူဆယ်ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသမှုခံယူနေကြောင်း သိရသည်။ **(သတင်းစဉ်)**



# သီပေါမြို့နယ်ရောက် စစ်ဘေးရှောင်ပြည်သူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က လှူသုံးကုန်ပစ္စည်းများထောက်ပံ့

**သီပေါ ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မိုးတေကျေးရွာအုပ်စု နောင်သကြား/မန်ကောင်းကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ မန်တုံမြို့နယ်မှ စစ်ဘေးရှောင်ရောက်ရှိသည့် အိမ်ထောင်စု ၃၅ စု၊ လူဦးရေ ၁၂၇ ဦးတို့အား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လှူဒါန်းသော အသုံးအဆောင်ပစ္စည်းများပေးအပ်ပွဲကို ဒီဇင်ဘာ ၁၆ ရက်က အဆိုပါကယ်ဆယ်ရေးစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းက လာရောက်ပံ့ပိုးလှူဒါန်းရသည့် အကြောင်းကို ရှင်းလင်းတင်ပြ၍ ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လှူဒါန်းသော စောင်၊ တဘက်ကြီး၊ မုန့်သေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် စားသောက်စရာများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အစုအဖွဲ့အလိုက်ပေးအပ်ခဲ့သည်။

ထို့အပြင် မြို့နယ်အတွင်းရှိလူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းများကလည်း အဆိုပါစစ်ဘေးရှောင်ပြည်သူများအတွက် ငွေနှင့် စားသောက်ကုန်မျိုးစုံ လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

**ညောင်လေးပင် ဒီဇင်ဘာ ၁၇**

ညောင်လေးပင်မြို့ မြို့မဈေးကြီး မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် ဈေးသူဈေးသားများ မီးဘေးကြိုတင်ကာကွယ်နိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်၍ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁၇ ရက် ညနေ ၃နာရီခွဲက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ (၃) ရပ်ကွက် ဈေးအရှေ့လမ်းရှိ မြို့မဈေးကြီးရှေ့၌ ပြုလုပ်သည်။

မီးဘေး ကြိုတင်ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်နှင့် အပေါ့စားရေစုပ်စက်များ အသုံးပြု၍ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် အသိပညာပေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ကြသည်။

မီးဘေးကြိုတင် ကာကွယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာသို့ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ဈေးသူ ဈေးသားများ တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



သက်ရှိအားလုံး ရှင်သန်ဖို့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းစို့

# အကြိမ်ကြိမ် အခါခါ မရှုံးသင့်တော့ပါ

**ထိုက်**

ဟိုတစ်လောက ဆုဖူကီးဖလားအတွက် မြန်မာနဲ့ ထိုင်းဘောလုံးအသင်းကန်သွားကြတာအားလုံးမှတ်မိဦးမှာပါ။ အိမ်ကွင်းနဲ့ အဝေးကွင်းမှာ နှစ်ကြိမ် ကန်သွားသလို ရလဒ်ကိုလည်း အားလုံးသိပြီးဖြစ်မှာပါ။ ကျွန်မတို့ ပရိသတ်ကတော့ အမှတ်မရှိတဲ့ အသည်း အကြိမ်ကြိမ်အခါခါ အကွဲခံပြီး အားပေးခဲ့ကြတာပါပဲ။ တကယ်လား နောက်ပြောင်တာလားတော့မသိပေမယ့် 'မြန်မာ့အားကစားကမ္ဘာကို လွှမ်းရမည်' သီချင်းအစားနီနီခင်ဇော်ရဲ့ 'အကြိမ်ကြိမ်အခါခါရှုံးလည်း ယုံကြည်တာတွေ ပျောက်လို့မသွားပါနဲ့' ဆိုတဲ့ သီချင်းကို ပြောင်းဆိုကြတယ်ဆိုတာ အွန်လိုင်းသတင်းတွေမှာ ဖတ်ရတော့ ငိုရမလို၊ ရယ်ရမလို။ထားပါတော့လေ၊ အနိုင်အရှုံး၊ အကောင်းအဆိုးတွေကို ဘာမှ မဝေဖန်လိုတော့ပေမယ့် ပွဲကိုကိုယ်တိုင်သွားအားပေးသူတွေရော၊ တီဗီဖန်သားပြင်က အားပေးခဲ့သူတွေရော တညီတညာတည်း သတိထားမိသလို ချက်ချင်းမှတ်ချက်ချမိခဲ့တာကတော့ အသင်းနှစ်သင်းက ကစားသမားတွေရဲ့ အလုံးအရပ်၊ သက်လုံကောင်းမှုတွေ သိသိသာသာကွာခြားသွားတာကိုပါ။ တခြားအနောက်နိုင်ငံမှ ကစားသမားတွေနဲ့ မယှဉ်မိခင် ကိုယ့်အရှေ့တိုင်းသားအချင်းချင်း၊ အထူးသဖြင့် နိုင်ငံချင်း ဒီလောက်ကပ်နေတဲ့၊ ယဉ်ကျေးမှုလည်း မကွာလှသလို ရေမြေရာသီဥတုလည်း အင်မတန်နီးစပ်လှတဲ့ တိုင်းပြည်နှစ်ခုက နိုင်ငံသားတွေ အစားအသောက်နဲ့ လူနေမှု ပုံစံကွာခြားလိုက်တာက လူချင်းတူပေမယ့် ကွဲပြားမှုတွေ အများကြီးကို ဖြစ်သွားစေပါတယ်။

**ဆုံးရှုံးမှုတွေ ကြုံနေဦးမယ်**

ကျွန်မကြားဖူးနားဝ ရှိတာကတော့ တခြားနိုင်ငံတွေမှာ အားကစားသမားတွေဟာ ရုံးဝန်ထမ်းတွေ ရုံးတက်ရုံးဆင်းလုပ်သလိုပဲ မနက်မိုးလင်းကတည်းက ညနေအထိ တစ်နေကုန် လေ့ကျင့်နေကြတာပါ။ ပွဲရှိရှိ၊ မရှိရှိ၊ ပုံမှန်နေ့စဉ် လေ့ကျင့်ရပါတယ်။ အစားအသောက် အနေအထိုင်ကအစ အကုန်ဂရုတစိုက်နဲ့ ထိန်းသိမ်းကြလို့ ထွားကျိုင်းမှု၊ အမောခံနိုင်မှုတွေ ကောင်းကြတာပေါ့။ ကျွန်မတို့ဆီက အားကစားသမားတွေ လေ့ကျင့်ပုံကတော့ တာဝန်ရှိသူတွေမှ အသေးစိတ်သိနိုင်မှာပါ။ ကျွန်မကတော့ ပွဲတစ်လျှောက်လုံးမှာ တစ်ခါတလေ အနီးကပ်ရိုက်ပြလို့ မြင်ရတဲ့ နည်းပြနဲ့ ဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌရဲ့ မျက်နှာတွေကို ကြည့်ပြီး ဘာမှ မပြောရက်ပေမယ့် ကျွန်မတို့ ဒီအတိုင်းဆက်သွားနေရင် ဒီလိုပဲဆုံးရှုံးမှုတွေ ကြုံနေဦးမှာပဲလို့ တွေးမိပါတယ်။

**ကိုယ်ရောစိတ်ရောသေးကွေးကျုံ့လို့**

ကျွန်မတို့ဆီမှာ အားကစားသမားတွေတင်မကဘဲ ကိုယ့်ဘေးနားမှာရှိတဲ့ ပတ်ဝန်းကျင်ကိုပဲ လိုက်ကြည့်လိုက်ရင် သေးကွေးကျုံ့လှီညှိုးနွမ်းနေတဲ့ လူငယ်အများစုကို တွေ့ပါလိမ့်မယ်။ ဆင်းရဲမှု၊ မပြည့်စုံမှုတွေကြောင့် အာဟာရဓာတ်မပြည့်စုံဘဲ ရုပ်ခန္ဓာ သေးကွေးစွာနဲ့ မွေးဖွားလာတဲ့ ကလေးတွေ၊ ကြီးပြင်းလာတော့လည်း ဒီမပြည့်စုံမှုတွေကြောင့်ဘဲ ပညာရေးကို ဆုံးခန်းတိုင် မသင်နိုင်လို့ အသိပညာပါ အားနည်းချို့တဲ့နေကြတဲ့ လူငယ်တွေအတွက် ကျွန်မတို့ အမြန်ဆုံးစဉ်းစားလုပ်ဆောင်ပေးဖို့ လိုနေပါပြီ။

**ဆင်းရဲမှု၊ မပြည့်စုံမှုတွေကြောင့် အာဟာရဓာတ်မပြည့်စုံဘဲ ရုပ်ခန္ဓာသေးကွေးစွာနဲ့ မွေးဖွားလာတဲ့ကလေးတွေ၊ ကြီးပြင်းလာတော့လည်း ဒီမပြည့်စုံမှုတွေကြောင့်ဘဲ ပညာရေးကို ဆုံးခန်းတိုင် မသင်နိုင်လို့ အသိပညာပါ အားနည်းချို့တဲ့နေကြတဲ့ လူငယ်တွေအတွက် ကျွန်မတို့ အမြန်ဆုံး စဉ်းစားလုပ်ဆောင်ပေးဖို့ လိုနေပါပြီ။**

**ဟိုအရင်တုန်းက စနစ်ကောင်းလေးတွေ**

ကျွန်မတို့ ငယ်စဉ်ကတော့ မူလတန်းစတက်ချိန်ကတည်းက ကျောင်းတိုင်းမှာ ပီတီလို့ခေါ်တဲ့ ကိုယ်လက်လှုပ်ရှား အားကစားချိန်တစ်ခု အမြဲရှိခဲ့တယ်။ ဒ့ါအပြင် အာဟာရတိုက်ကျွေးမှု အစီအစဉ်ဆိုပြီး ကွေကာအုတ်လို၊ နွားနို့လိုမျိုး တိုက်လေ့ရှိတယ်။ အများစုက ကလေးပီပီအားရှိတာတွေ ဘာတွေနားမလည်၊ အီလည်လည် အရသာတွေကို မကြိုက်တတ်၊ မသောက်ချင်ကြပေမယ့် ကျောင်းသားအားလုံးက ကိုယ့်ရဲ့ ကိုယ်ပိုင်ခွက်ကလေးတွေ ကိုယ်စီယူလာရပြီး အဲဒီအချိန်မှာ သောက်ချင်ချင်၊ မသောက်ချင်ချင် သောက်ကြရတာပါပဲ။ အဲဒီစနစ်ကလေးက တော်တော်ကို ခေတ်စားခဲ့ပါတယ်။ တချို့ငွေကြေးတတ်နိုင်တဲ့ မိဘတွေက သူတို့သားသမီးကလေးတွေရဲ့ မွေးနေ့တွေမှာ အဲဒီအာဟာရအချိန်အတွက် တာဝန်ယူပြီး တစ်ကျောင်းလုံးက ကျောင်းသားတွေကို မွေးနေ့အလှူ ကျွေးမွေးလေ့ရှိပါတယ်။ နောက်တစ်ခု မှတ်မိနေသေးတာကတော့ ပတ်ဝန်းကျင်ဆိုတဲ့ ဘာသာရပ်ကိုသင်ခဲ့ရပါတယ်။ အဲဒါက စာသင်ချိန်တစ်ချိန် သက်သက်ကိုထားပေးပြီး ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ အပင်တွေ၊ တိရစ္ဆာန်တွေ အကြောင်းနဲ့ တခြားဗဟုသုတ ရစေမယ့် အကြောင်းအရာတွေကို သင်ပေးတာပါ။

**ဖယောင်းလေးတွေကို ပုံသွင်းခဲ့ကြတယ်**

အဲဒီလိုတွေ သင်ကြားပေးခဲ့တာက မူလတန်းစတက်တဲ့ အသက်ငါးနှစ်အရွယ်လောက်ကတည်းက ဖြစ်သလို ကျောင်းကြီး၊ ကျောင်းကောင်းတွေမှာသာ မဟုတ်ဘဲ ရပ်ကွက် ကျောင်းကလေးတွေမှာပါ အားလုံးတစ်ပြေးညီ လုပ်ဆောင်ပေး၊ သင်ပေးခဲ့တာပါ။ အဲဒီတုန်းက ဘာမှ နားမလည်ခဲ့ပေမယ့် အခုတိုင်းပြည်ရဲ့ အခြေအနေနဲ့ ကိုယ့် အခုအသက်အရွယ်မှာ ပြန်သတိရလိုက်တဲ့အခါ တိုင်းပြည်ရဲ့ အနာဂတ်လူငယ်တွေကို ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးခဲ့တာပါလားလို့ တန်ဖိုးထားမိတယ်။ ကျန်းမာရေးရှုထောင့်က ကြည့်ရင်လည်း အာဟာရရှိတာတွေကို ကျွေးမွေးခဲ့သလို ကိုယ်ပိုင် ခွက်ကလေးတွေကို သုံးစေတဲ့အတွက် ကူးစက်တတ်တဲ့ ရောဂါတွေကိုလည်း အလိုလို ကာကွယ်ခဲ့ပြီးသား ဖြစ်ခဲ့ပါတယ်။ အခုခေတ်လို တစ်ခါသုံးခွက်တွေ မပေါ်ခင်ကတည်းကမို့ ဘယ်လောက်ကောင်းခဲ့တဲ့ စီစဉ်မှုတွေပါလဲ။

**သင်ကြားစရာတွေ၊ ရွေးချယ်စရာတွေ အများကြီးရှိခဲ့တယ်**

ကျွန်မတို့က ငယ်စဉ်ကသာ အဲဒီလိုကံကောင်းခဲ့ပေမယ့် တက္ကသိုလ်ရောက်တဲ့ အချိန်မှာတော့ အရေးအခင်းချိန်နဲ့ ကြုံကြိုက်ရလို့ ခေတ်ကောင်းချိန် ဆုံးရှုံးခဲ့ရတယ်။ ဒါပေမယ့် ကျွန်မတို့ မိဘတွေခေတ်တုန်းကဆိုရင်တော့ တက္ကသိုလ်မှာ စာသင်ရုံမကဘဲ ကျန်တဲ့ ဝါသနာပါရာ အတတ်ပညာတွေကိုပါ သင်ကြားခွင့်ရခဲ့ကြတယ်။ ဘာသာရေးအတွက် တက္ကသိုလ်များ ဓမ္မာရုံဆိုတာ ရှိသလို RC (Recreation Center) ဆိုတဲ့ အပန်းဖြေဆောင်ကြီးထဲမှာ တက္ကသိုလ်အနုပညာအသင်းက ဖွင့်လှစ်သင်ကြားပေးတဲ့ အနုပညာသင်တန်းတွေကို ကိုယ်နှစ်သက်ရာ ရွေးချယ်တက်ရောက်လို့ ရသေးတယ်။ ကျွန်မဖေဖေဆိုရင် အကသင်တန်းမှာ ဘီလူးက သွားသင်ဖူးခဲ့တယ်ဆိုတာ သိရလို့ ကျွန်မတို့ ရယ်မောခဲ့ရသလို မေမေကလည်း အဆိုသင်တန်းမှာ တက်ဖူးတယ်ဆိုတာ သိရတော့ ကျွန်မတို့ မမီလိုက်တဲ့ ခေတ်ကောင်းချိန်ကို လွမ်းမောမိဖူးပါတယ်။ မေမေတို့ အသိတွေဆိုရင် ပတ္တလားသင်သူနဲ့၊ တယောတီးသင်သူနဲ့၊ ဘာမှ မသင်ခဲ့ဖူးသူဆိုတာ မရှိသလောက်ပါ။ အဲလိုပဲ အားကစားဝါသနာပါတဲ့ သူတွေကလည်း ကိုယ်နှစ်သက်ရာ ကစားနည်းတွေကို လေ့ကျင့်သင်ကြားခွင့်ရခဲ့ကြတယ်။ အကျိုးဆက်ကတော့ လူငယ်တွေဟာ တစ်ခုခုမှာ အာရုံစိုက်သင်ကြားနေရတာမို့ အချိန်အားမရှိတဲ့အတွက် လေလွင့်ပြီး လမ်းပေါ်မှာ အချိန်ကုန်နေတဲ့ လူငယ်တွေ မရှိသလောက် နည်းခဲ့တယ်။ လူအများနဲ့ တွေ့ဆုံရတဲ့အတွက် အသင်းအဖွဲ့ စိတ်ဓာတ်ရှိလာပြီး ပေါင်းသင်းဆက်ဆံရေးလည်း ကောင်းမွန်လာသလို အတ္တကြီး၊ တစ်ကိုယ်ကောင်းဆန်တဲ့ စိတ်ဓာတ်တွေ နည်းလာခဲ့တယ်။ ရုပ်ခန္ဓာရော၊ စိတ်ဓာတ်ပိုင်းရော ကျန်းမာသန်စွမ်းတဲ့ လူငယ်တွေ များလာခဲ့တယ်။ ဒ့ါအပြင် အမှားအမှန်ခွဲခြားတတ်လာတဲ့အတွက် ရာဇဝတ်မှုတွေ အင်မတန်နည်းခဲ့တာပါပဲ။

**ခါးသီးတဲ့ အမှန်တရား**

ဖယောင်းလို နူးနယ် ပုံသွင်းလို့ ကောင်းလှတဲ့ အရွယ်ကတည်းက သင်ခဲ့တာနဲ့ အသက်ကြီးမှ ပြောင်းလဲဖို့ ကြိုးစားတာနဲ့က အင်မတန် ကွာလှပါတယ်။ အခုဆိုရင် လူငယ်တွေ စာမဖတ်ကြတော့ဘူးဆိုတာ အားလုံးလက်ခံရမယ့် ခါးသီးတဲ့ အမှန်တရား ဖြစ်နေပါပြီ။ ကျွန်မအသိမိတ်ဆွေတစ်ယောက် ပြောပြဖူးသလို အရင်တုန်းက လူငယ်တွေကို သူဟောပြောခဲ့တဲ့အခါ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေရဲ့ ကွာခြားချက်တွေကို အသိဉာဏ် ဖြန့်ဝေဖူးခဲ့ပေမယ့် အခုအဲဒါတွေက ဘာဆိုတာမှန်းတောင် မသိတဲ့ လူငယ်တွေ များလာတဲ့အတွက် သူအင်မတန် စိတ်မကောင်းဖြစ်ရတယ်တဲ့။

**နည်းပညာတိုးတက်တဲ့ နိုင်ငံတွေမှာတောင် စာဖတ်ကြတယ်**

တခြားနိုင်ငံတွေမှာ ကလေးတွေကိုကြည့်လိုက်ရင် ကျောင်းချိန်ပြင်ပမှာ တင်းနစ် ရိုက်တံအိတ် လွယ်သွားတဲ့သူ၊ ဂစ်တာ၊ တယောအိတ် လွယ်သွားတဲ့သူစသဖြင့် နေရာအနှံ့တွေ့ရသလို ကိုယ့်မိခင်ဘာသာစကား မဟုတ်တဲ့ ဒုတိယဘာသာစကားတစ်ခုခုကို သင်နေကြတာကိုလည်း တွေ့နိုင်ပါတယ်။ တခြားနိုင်ငံတွေလောက် ခေတ်မီနည်းပညာတွေ သုံးစရာပေါ်များလွယ်ကူတာရှိဦးမလား၊ ဒါပေမယ့် စာကြည့်တိုက်တွေဆိုတာ အကျယ်ကြီး၊ စာအုပ်တွေက အများကြီးရှိသလို လာပြီးဖတ်နေကြတဲ့ လူငယ်တွေဆိုတာလည်း အများကြီးမှ အများကြီးပါ။

**မြန်မာပြည်ကဘွဲ့ရဆိုတာ**

ကျွန်မအတွေ့အကြုံအရ စင်ကာပူမှာ ဘွဲ့ရတဲ့သူရှားပါတယ်။ ဒါပေမယ့် အသက်မွေးဝမ်း ကျောင်းသင်တန်းတွေ အများကြီးဖွင့်လှစ်ပေးထားပါတယ်။ အလုပ်ထဲရောက်ရင်တောင် သက်ဆိုင်ရာ အလုပ်တာဝန်အတွက် လိုအပ်တဲ့ မွမ်းမံသင်တန်းတွေကို တက်ပြီးမှ လုပ်ခွင့်ရှိတာပါ။ ပညာရပ်တစ်ခုကို တတ်ထားပြီဆိုရင် ကြိုက်တဲ့နေရာ ဝင်လုပ်လို့ရပြီမဟုတ်လား။ ကျွန်မတို့ဆီမှာတော့ အဝေးသင်တက်နေတဲ့ လူငယ်တစ်ယောက်က စာမေးပွဲဖြေခါနီး တစ်လအလိုမှ ခွင့်ယူပြီး (သူတို့အခေါ်) အနီးကပ် သင်တန်းတက်ပြီး ဖြေလိုက်တာ အောင်တာပါပဲ။ အဲလိုနည်းနဲ့ သုံးခါလောက် ဖြေထားတဲ့ ဘွဲ့ရလေးတွေ အများကြီး မွေးထုတ်ပေးနိုင်တာ ဂုဏ်ယူစရာမဟုတ်သလို ဒီလို ပညာရေးစနစ်က ကောင်းတယ်၊ မကောင်းဘူးစဉ်းစားကြည့်စရာတောင် မလိုပါဘူး။ အဲဒီဘွဲ့ရတွေ ကိုယ်တိုင်လည်း သူတို့ဖြေခဲ့တဲ့ ဘာသာရပ်ကို တကယ်တတ်မြောက်လား၊ မတတ်မြောက်လား အသိဆုံးနေမှာပါ။ ဒါပေမယ့် အဲဒီလိုဘွဲ့ကိုတောင် မရနိုင်တဲ့ သူတွေကလည်း ကျွန်မတို့ဆီမှာ အများကြီးရှိနေပြန်တယ်။ ဒီလိုလူငယ်တွေက ဘယ်လိုလုပ်ပြီး တိုင်းပြည်ကို ဆွဲတင်နိုင်မှာလဲ။

**သူများကို အပြစ်တင်မယ့်အစား**

ခေတ်စနစ်ရဲ့ သားကောင်ဖြစ်ခဲ့ရလို့ ကံဆိုးလှတယ်၊ နှစ်ပေါင်းများစွာ အဖျက်ဆီးခံခဲ့ရလို့သာ အခုလို ဖြစ်ရပါတယ်. . စသဖြင့် အပြစ်ပုံချရမယ်ဆိုရင် အထက်တန်းကျောင်းသား ဘဝမှာတင်၊ တက္ကသိုလ်ကျောင်းသား ဘဝမှာတင် မတရားဖမ်းဆီးထောင်ချခံခဲ့ရလို့ နှစ်ရှည်လများထောင်ထဲမှာ တန်ဖိုးရှိတဲ့ လူငယ်ဘဝတွေကို ကုန်ဆုံးခဲ့ရတဲ့၊ အခုအချိန်မှာ လူကြီးအရွယ်ရောက်နေတဲ့သူတွေရဲ့ ဘဝတွေ အကုန်လုံးရစရာမရှိအောင် ပျက်စီးကုန်မှာပေါ့။ စနစ်ဆိုးကို ကြုံခဲ့ရတာကတော့ လူနည်းစုကလွဲပြီး မြန်မာတစ်နိုင်ငံလုံးက ပြည်သူတွေပါ။ ဒါပေမယ့် ဒီလိုပဲ ကိုယ့်ကိုယ်ကိုယ် ပြန်ထူထောင်ကြရတာပါပဲ။ အဓိကကတော့ သူများကို လက်ညှိုးထိုးအပြစ်တင်ပြီး ကိုယ့်ကိုယ်ကိုယ် သနားလို့ မဆုံးတာတွေရပ်ပြီး ကြိုးစားချင်စိတ်ရှိဖို့တော့လိုပါတယ်။

**အချိန်ဆွဲနေဦးမယ် ဆိုရင်ဖြင့်**

တာဝန်ရှိသူများဘက်ကလည်း တာဝန်ရှိသူဆိုတဲ့စကားနဲ့ လျော်ညီစွာ ဒီကိစ္စကို အစွမ်းကုန် ကူညီပံ့ပိုးပေးဖို့ လိုပါပြီ။ ရုပ်ဝတ္ထုတွေ တိုးတက်တာထက် စိတ်ဓာတ်ပိုင်းတွေ တိုးတက်ကောင်းမွန်မှ၊ စဉ်းစားတတ်တဲ့ အသိဉာဏ်ပညာရှိသူတွေ အများစုဖြစ်မှ တိုင်းပြည်က ရှေ့ကိုဆက်လို့ရမှာပါ။ စနစ်ကောင်းတွေက ရှိခဲ့ပြီးသားပါ၊ သူများဆီက အတုခိုးစရာမလိုသလို အသစ်လည်း အချိန်ယူဆွဲစရာ မလိုပါဘူး။ မူလတန်းအရွယ်ကတည်းက ပျိုးထောင်ပေးဖို့ အစီအစဉ်တွေ စကြပါတော့။ ဒီလိုမှ မဟုတ်ဘဲ အခြေအနေမှန်ကို လက်မခံဘဲ အကြောင်းပြချက်တွေ ပေးနေဦးမယ် ဆိုရင်ဖြင့်. . . အချိန်တွေ ထပ်ဆွဲနေဦးမယ် ဆိုရင်ဖြင့်. . . . . အကြိမ်ကြိမ်အခါခါ ရှုံးလည်းဆိုတဲ့ သီချင်းက နေရာတိုင်း၊ နယ်ပယ်တိုင်းမှာ အထပ်ထပ်ကျော့ပြီး ကြားနေရတော့မှာပါပဲ။ ဘောလုံးပွဲရှုံးတာထက် ပိုပြီးဆိုးရွားတဲ့ ဆုံးရှုံးမှုတွေ၊ နာကျင်မှုတွေကို ကျွန်မတို့ ဘယ်သူမှ၊ ဘယ်တော့မှ ထပ်မကြုံချင်ကြဘူးမဟုတ်ပါလား။ ။

## ပြည်ခရိုင်အတွင်း နွေစပါးစိုက်ပျိုးရေပေးဝေရေး ကြိုတင်ဆောင်ရွက်နေမှုများ ကွင်းဆင်းကြီးကြပ်

**ပြည် ဒီဇင်ဘာ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်နှင့်အဖွဲ့သည် ပြည်ခရိုင်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နွေစပါးစိုက်ပျိုးရေပေးဝေရေးအတွက် ဆောင်ရွက်နေမှုတို့ကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ပြည်ခရိုင် ပန်းတောင်းမြို့နယ် ခဝါဆည်ရေသောက်နှင့် ညောင်ကိုင်းဆည်ရေသောက်တို့၏ မြောင်းမကြီး၊ လက်တံမြောင်းများတွင် နွေစပါးစိုက်ပျိုးရေပေးဝေရန် ကြိုတင်စီစဉ်ဆောက်ရွက်ထားမှု အခြေအနေများ၊ ရေလှောင်တမံ ၊ ရေပိုလွှဲ ၊ ရေထုတ်ပြွန် ကြံ့ခိုင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ယမန်နှစ် မိုးရာသီအတွင်း ရာသီဥတုဖောက်ပြန်မှုကြောင့် ခဝါဆည်အတွင်း ရေဝင်ရောက်မှုအဆမတန်များပြားပြီး ခဝါရေလှောင်တမံ ရေပိုလွှဲမှ သတ်မှတ်ဒီဇိုင်းထက် ရေကျော်ကျမှုကြောင့် ပျက်စီးခဲ့သည့် Spillway Tail Structure အား ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်နှင့်အတူဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဦးနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုပြီး မိုးရာသီမတိုင်မီ ပြန်လည်ပြင်ဆင်နိုင်ရေး ပြောကြားခဲ့သည်။

အဆိုပါ ရေလှောင်တမံတို့မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်၍ နွေစပါးစိုက်ပျိုးရေ စတင်ပေးဝေမည်ဖြစ်ကြောင်း သိရသည်။ ညွှန်ကြားရေးမှူးက နွေစပါးစိုက်ပျိုးရေပေးဝေခြင်းသည် ဌာန၏ အဓိကကျသည့်လုပ်ငန်းအခန်းကဏ္ဍတစ်ခုဖြစ်သည့်အတွက် အထူးအလေးထား သေချာစွာဆောင်ရွက်ရန်နှင့် ရေပေးရာသီကာလတွင်လည်း မိမိတို့ ဝန်ထမ်းများအနေဖြင့် ရေပေးဝေရေးတွင်သာမကဘဲ ကွင်းအတွင်း ရေအလေအလွင့်မရှိစေရေး ဆောက်ရွက်ရန် နွေစပါးစိုက်ပျိုးရေပေးဝေရေးနှင့် ပတ်သက်၍ ဆက်စပ်အခြားဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သူရအောင် (ပြည်)**

# စိစစ်ကြပ်မတ်ခြင်းစီမံချက်ကြောင့် အခွန်ငွေအပြည့်အဝကောက်ခံလာနိုင်ပြီး အခွန်ထမ်းများဘက်မှလည်း အခွန်ငွေများ မှန်မှန်ကန်ကန်ပေးဆောင်ခြင်းဖြင့် နိုင်ငံတော်ကြီး ကြီးပွားတိုးတက်စေမည်

ပြည်တွင်းအခွန်များဦးစီးဌာနမှဝန်ထမ်းတစ်ဦး

ပြည်တွင်းအခွန်များဦးစီးဌာန၏ လုပ်ငန်းတာဝန်မှာ တည်ဆဲအခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ တရားမျှတစွာ တစ်ပြေးညီစည်းကြပ်မှု ပြုလုပ်သွားရန်နှင့် အခွန်ထမ်းများဘက်မှလည်း အခွန်စည်းမျဉ်း စည်းကမ်းများကို လိုက်နာလာစေရေးလုပ်ဆောင်ရန် ဖြစ်ပါသည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ငွေများအပြည့်အဝရရှိစေလျက် အစိုးရ၏ အသုံးစရိတ်အတွက် လုံလောက်ပြီး အားထားရသော ဝင်ငွေစီးကြောင်းတစ်ခုရရှိစေမည် ဖြစ်ပါသည်။

**အခွန်စနစ်သစ်**

နိုင်ငံတော်၏ အစိုးရဌာနအဖွဲ့အစည်း အသီးသီးတို့က ပြုပြင်ပြောင်းလဲရေးစီမံချက်များကို အကောင်အထည်ဖော်လျက် ရှိကြပါသည်။ ထို့အတူ ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့်လည်း ထိရောက်သော ပွင့်လင်းမြင်သာသည့် အခွန်စနစ်သစ်တစ်ရပ်ကို ဖော်ဆောင်နိုင်ရေးအတွက် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးနှင့် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးတို့ကို ဖွင့်လှစ်ပြီး တရားမျှတသော တစ်ပြေးညီ စည်းကြပ်မှုများကို ဖော်ဆောင်လျက် အခွန်ထမ်းများ၏ အခွန်စည်းမျဉ်း စည်းကမ်းများကို လိုက်နာမှု တိုးတက်လာစေရန်အတွက် အခွန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းလိုက်နာမှုကို ကြပ်မတ်သည့် လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပါသည်။

**အနည်းဆုံးနိုင်ငံ**

ယခင်က အခွန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လိုက်နာမှု ရှိ၊ မရှိကို ကြပ်မတ်မှုများ အားနည်းခဲ့ခြင်းကြောင့် စီးပွားရေးလုပ်ငန်းအချို့သည် အခွန်လုံးဝမပေးဆောင်ခြင်း၊ အခွန်မှန်မှန်ကန်ကန် မပေးဆောင်ခြင်းတို့ ရှိခဲ့ပါသည်။ သို့အတွက် နောက်ဆက်တွဲ ဖြစ်ပေါ်လာသည့် ရလဒ်မှာ မြန်မာနိုင်ငံ၏ အများပြည်သူ အကျိုးအတွက် လိုအပ်နေသော လူထုအကျိုးပြုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် နိုင်ငံတော်အစိုးရ၏ လုပ်ကိုင်နိုင်စွမ်း လျော့နည်းသွားခြင်းပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဘိုး (GDP) နှင့် အခွန်ဝင်ငွေအချိုးသည် အာဆီယံနိုင်ငံများ (ASEAN) အတွင်း အနည်းဆုံးဖြစ်သည့်အပြင် ကမ္ဘာ့နိုင်ငံများအတွင်း၌လည်း အနည်းဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်နေပါသည်။

သို့ဖြစ်၍ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဥပဒေများအရ အခွန်ထမ်းများဘက်မှ ပေးဆောင်ရမည့်အခွန်ကို တိမ်းရှောင်နိုင်မှုမရှိဘဲ ပေးဆောင်စေရန် စိစစ်ကြပ်မတ်ဆောင်ရွက်ပါမည်။ ထိုသို့ ကြပ်မတ်ဆောင်ရွက်ခြင်းကြောင့် အခွန်တာဝန်ကို ပို၍လည်းကောင်း၊ လျော့၍လည်းကောင်း ပေးဆောင်ရမည် မဟုတ်ပါ။ ပေးဆောင်သင့် ပေးဆောင်ထိုက်သည့်အခွန်ငွေကို မှန်မှန်ကန်ကန်ပေးဆောင်ရမည်သာ ဖြစ်ပါသည်။

**ဆယ်စုနှစ်များစွာ ရှောင်ရှား**

အချို့သော စီးပွားရေးလုပ်ငန်းများသည် မှန်မှန်ကန်ကန်အခွန်ပေးဆောင်ရန် တာဝန်ကို ဆယ်စုနှစ်များစွာ ရှောင်ရှားခဲ့ကြပြီး အခွန်ဥပဒေများကို လေးစားလိုက်နာခြင်း မရှိခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ဤကိစ္စရပ်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့်လည်း တာဝန်ရှိသည်ဟု ခံယူထားပါသည်။ ယခုလက်ရှိတွင်မူ အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ လုပ်ကိုင်နေပြီဖြစ်သည့်အတွက် အခြေအနေများ ပြောင်းလဲလာနေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံပြည်သူများ၏ လူမှုဘဝတိုးတက်စေရေးအတွက် အခွန်ထမ်းပြည်သူများက မှန်မှန်ကန်ကန် အခွန်ပေးဆောင်ရေးနှင့် အခွန်ဥပဒေများနှင့်အညီ တိကျစွာ လိုက်နာလာစေရန် ပြည်တွင်းအခွန်များဦးစီးဌာနသည် စိစစ်ကြပ်မတ်မှုများ လုပ်ဆောင်ရတော့မည်ဖြစ်ပါသည်။

စိစစ်ကြပ်မတ်မှု၏ ပထမခြေလှမ်းအဖြစ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးမှ အခွန်ထမ်းကြီးများအား လုပ်ငန်းတစ်ခုလုံးအတွက် စာရင်းစစ်ဆေးခြင်း အစီအစဉ်နှင့်အတူ အမှုထမ်းလုပ်ခလစာမှ ဝင်ငွေခွန်ကို တွက်ချက်၍ ပင်ရင်းမှနုတ်ယူပေးသွင်းခြင်း၊ ကုန်ပစ္စည်းဝယ်ယူမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပေးချေမှုများ (ငှားရမ်းခပေးချေမှုများအပါအဝင်)တွင် ဝင်ငွေခွန်ကို ပင်ရင်းမှနုတ်ယူပေးသွင်းခြင်း၊ ပရဟိတကုသိုလ်ဖြစ် လှူဒါန်းခြင်းများကို ပေးဆောင်ရမည့်အခွန်ငွေမှ မှန်ကန်စွာ ခုနှိမ်ခြင်းတို့ကို စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာမှု ရှိ၊ မရှိ စစ်ဆေးသည့် အစီအစဉ်တစ်ရပ်ကိုလည်း လုပ်ဆောင်နေပြီဖြစ်ပါသည်။

> **ပြည်တွင်းအခွန်များဦးစီးဌာနသည် "လာဘ်ပေးလာဘ်ယူ လုံးဝလက်မခံ" ဟူသော မူဝါဒကိုစွဲကိုင်လျက် ဤမူဝါဒကို ဖောက်ဖျက်သော ဝန်ထမ်းများကိုလည်း ထုတ်ပယ်ပစ်ပါမည်။ မြန်မာပြည်သူတို့ ယုံကြည်မှုနှင့် ထောက်ခံအားပေးမှု ရရှိလာသည်အထိ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းများဘက်မှ အခွန်ဥပဒေ၊ အခွန်စည်းမျဉ်း စည်းကမ်းများ လိုက်နာမှုကို တိုးတက်လာစေရန်နှင့် ပြည်သူတို့ပိုင်ဆိုင်သောအခွန်ဘဏ္ဍာငွေများကို အရကောက်ခံနိုင်ရန် အထူးကြိုးပမ်းခြင်းဖြင့် ဤနိုင်ငံတော်ကြီး၏ ကြီးပွားတိုးတက်ရေးအတွက် ဦးလည်မသုန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်**

**တွက်ချက်နုတ်ယူ**

ဤစီမံချက်သည် ကနဦးခြေလှမ်းသာဖြစ်သဖြင့် အခွန်ထမ်းကြီးများ အနည်းငယ်ကိုသာ စတင်စစ်ဆေးခဲ့ပြီး တွေ့ရှိရသည့် ရလဒ်များအပေါ် မူတည်လျက် တိုးချဲ့သွားမည် ဖြစ်ပါသည်။ အခွန်ဥပဒေအရ အလုပ်ရှင်သည် နိုင်ငံတော်အစိုးရ၏ ကိုယ်စားလှယ်အဖြစ် ယင်း၏ အမှုထမ်းများကိုပေးရမည့် လုပ်ခလစာမှ နုတ်ယူပေးသွင်းရမည့်အခွန်ငွေကို တွက်ချက်နုတ်ယူပြီး ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ သတ်မှတ်ရက်အတွင်း ပေးဆောင်ရန် လိုအပ်ပါသည်။ ယခုစီမံချက်တွင် လုပ်ခလစာငွေမှ ဖြတ်တောက်သောအခွန်ကို မှန်ကန်စွာ တွက်ချက်ထားခြင်း ရှိ၊ မရှိ၊ ဖြတ်တောက်ထားသောအခွန်ကို သက်ဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာနရုံးသို့ ပေးသွင်း၊ မသွင်း စစ်ဆေးမည် ဖြစ်ပါသည်။

ကန်ထရိုက်စာချုပ် သို့မဟုတ် သဘောတူစာချုပ်တစ်ရပ်ရပ်ဖြင့် ကုန်ပစ္စည်းဝယ်ယူသူနှင့် ဝန်ဆောင်မှုလုပ်ငန်းရယူသူများသည် နိုင်ငံတော်အစိုးရ၏ ကိုယ်စားလှယ်များအဖြစ် ကုန်ပစ္စည်းတန်ဖိုးနှင့် ဝန်ဆောင်မှုတန်ဖိုးအတွက် ငွေပေးချေမှုများ ပြုလုပ်ရာတွင် တန်ဖိုးကျပ် ၃၀၀၀၀၀ ထက်ပို၍ပေးချေရလျှင် ပေးချေငွေ၏ နှစ်ရာခိုင်နှုန်းကို နုတ်ယူပြီးမှ ပေးချေရပါမည်။ ပြည်ပနေနိုင်ငံခြားသား ဖြစ်ပါက ၃ ဒသမ ၅ ရာခိုင်နှုန်းနုတ်ယူ၍ နုတ်ယူထားသည့်ငွေကို ငွေလက်ခံရရှိမည့်သူ၏ အမည်ဖြင့် သက်ဆိုင်ရာအခွန်ရုံးသို့ ပေးသွင်းရန် လိုအပ်ပါသည်။

ဤသို့ ငွေထုတ်ပေးချိန်တွင် နုတ်ယူပေးသွင်းခြင်းဖြင့် အစိုးရအတွက် ဝင်ငွေခွန် ကြိုတင်ရရှိစေပြီး ကုန်ပစ္စည်းရောင်းချသူနှင့် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနေဖြင့်လည်း ၎င်းတို့၏ ဝင်ငွေကို မှန်ကန်စွာဖော်ပြရန် အားပေးရာလည်း ရောက်ပါသည်။ သို့ဖြစ်ပါ၍ ဆောင်ရွက်နေသည့် စိစစ်ကြပ်မတ်ခြင်း စီမံချက်တွင် ဒုတိယအပိုင်းအဖြစ် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်ကို မှန်ကန်စွာတွက်ချက်ဖြတ်တောက်ပြီး ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ အချိန်မီပေးဆောင်ခြင်း ရှိ၊ မရှိကို စစ်ဆေးမည်ဖြစ်ပါသည်။

**ပြန်လည်စိစစ်**

တတိယပိုင်းအဖြစ် အခွန်စည်းကြပ်ထိုက်သော ဝင်ငွေမှ ခုနှိမ်ထားသော ပရဟိတကုသိုလ်ပြု လှူဒါန်းမှုများအား ပြန်လည်စိစစ်ခြင်း ဖြစ်ပါသည်။ တရားဝင်အသိအမှတ်ပြုထားခြင်းခံရသော အများအကျိုးပြု ပရဟိတအဖွဲ့အစည်းများ၊ နိုင်ငံတော်မှ ထောက်ပံ့ထားသော ပရဟိတအဖွဲ့အစည်းများသို့ လှူဒါန်းသော စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ အခွန်စည်းကြပ်ထိုက်သော ဝင်ငွေ၏ ၂၅ ရာခိုင်နှုန်းအထိဖြစ်သည့် အလှူငွေပမာဏအား ဝင်ငွေမှခုနှိမ်ခွင့်ကို ဥပဒေက ခွင့်ပြုထားပါသည်။

ဥပဒေ၏ ရည်ရွယ်ချက်မှာ အခွန်ထမ်းများသည် စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီသော ပရဟိတအဖွဲ့အစည်းများသို့ လှူဒါန်းမှုများ ပြုလုပ်လာစေရန် အားပေးခြင်းဖြစ်ပါသည်။ ဤစီမံချက်ဖြင့် အခွန်ထမ်းများ၏ လှူဒါန်းငွေသည် ခွင့်ပြုထားသည့် ပမာဏ ဟုတ်၊ မဟုတ်နှင့် လှူဒါန်းငွေရရှိသော အဖွဲ့အစည်းသည် စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီသော အဖွဲ့အစည်း ဟုတ်၊ မဟုတ်တို့ကို စိစစ်မည် ဖြစ်ပါသည်။

**ဒေါ်လာတစ်သန်းမက**

ဤစီမံချက်များ၏ ကနဦးအတွေ့ကြုံများအရ အချို့သော အခွန်ထမ်းများသည် အခွန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းလိုက်နာမှု လွန်စွာနည်းပါးကြောင်း တွေ့ရှိရပါသည်။ တွေ့ရှိချက်များအရ အမှုထမ်းများ၏ လုပ်ခလစာမှ ကျသင့်အခွန်ကို နုတ်ယူပေးသွင်းခြင်း မရှိသကဲ့သို့ ပေးချေငွေအပေါ် အခွန်နုတ်ယူပေးသွင်းခြင်းများ မရှိသည်ကိုလည်း တွေ့ရှိရပါသည်။ ဤကိစ္စရပ် နှစ်မျိုးစလုံးတွင် အခွန်ထမ်းအနေဖြင့် နိုင်ငံသားများအကျိုးအတွက် ဆောင်ရွက်ပေးနိုင်သော အခွန်ကို နုတ်ယူပေးသွင်းပေးရန် နိုင်ငံတော်ကပေးအပ်သော တာဝန်ကို ပျက်ကွက်ခဲ့ခြင်း ဖြစ်ပါသည်။

အချို့ဆိုလျှင် ဒေါ်လာတစ်သန်းမကသော အခွန်ငွေများကို နုတ်ယူပေးသွင်းရန် ပျက်ကွက်မှုများပင် ရှိသည်ကို တွေ့ရှိရပါသည်။ ဤအခွန်ငွေများဖြင့် နိုင်ငံတော်အစိုးရသည် လမ်းများ၊ ဆေးရုံများနှင့် ကျောင်းများကို ဆောက်လုပ်နိုင်ပါသည်။ လုပ်ငန်းတစ်ခုလုံးအား စစ်ဆေးသော စာရင်းစစ်ခြင်းများမှ တွေ့ရှိချက်များအရ ရည်ရွယ်ချက်ရှိရှိဖြင့် ဝင်ငွေကို ဖုံးကွယ်ခြင်း၊ အသုံးစရိတ်များကို အမှန်ထက်ပိုပြခြင်း၊ စာရင်းနှင့်စာအုပ်မှတ်တမ်းတစ်စုံမက ထားရှိခြင်း၊ မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ စာရင်းကိုင်စံညွှန်းများကို မလိုက်နာခြင်း စသည်တို့ကို တွေ့ရှိခဲ့ရပါသည်။

**စွပ်စွဲချက်များ**

လက်ရှိအကောင်အထည်ဖော်နေသည့် စိစစ်ကြပ်မတ်ခြင်း စီမံချက်များကြောင့် ဥပဒေအရ အခွန်ထမ်းများမှ ပေးဆောင်ရန်တာဝန်ရှိသော အခွန်ငွေအပြည့်အဝကို ကောက်ခံလာနိုင်မည် ဖြစ်ပါသည်။ ဆယ်စုနှစ်များစွာ နိုင်ငံတော်အစိုးရအား ပေးဆောင်ရန်ရှိသည့် တာဝန်ကို ပျက်ကွက်ခဲ့ကြပြီးမှ အခွန်ရှောင်ရန် မဖြစ်နိုင်တော့သည့် ယခုအချိန်အခါနှင့် အခြေအနေတို့တွင် မကျေမနပ်မှု၊ တိုင်တောမှုများ ဖြစ်ပေါ်လာမည်ဆိုသည်မှာ သံသယဖြစ်စရာမရှိပါ။ ပြည်တွင်းအခွန်များဦးစီးဌာနသည် စီးပွားရေးလုပ်ငန်းရှင်များကို မလိုလားသူ၊ တိုးတက်မှုကို ဆန့်ကျင်သူ၊ အလှူဒါနပေးခြင်းကို ဆန့်ကျင်သူများအဖြစ် ပြောဆိုစွပ်စွဲကြပါမည်။ ဤစွပ်စွဲချက်များမှာ လုံးဝမမှန်ကန်ပါ။

ပြည်တွင်းအခွန်များဦးစီးဌာနသည် လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းလိုက်သော အခွန်ဥပဒေများကို ကျင့်သုံးအကောင်အထည်ဖော်နေခြင်းမျှသာ ဖြစ်ပါသည်။ နိုင်ငံ့ဘဏ္ဍာဝင်ငွေလျော့နည်းဆုံးရှုံးမှုများ လုံးဝမဖြစ်စေရေးအတွက် ဆောင်ရွက်သွားရန်လည်း ခံယူထားပြီး ဖြစ်ပါသည်။ ဤဌာနဝန်ထမ်းများ၏ သြဇာတိက္ကမ၊ စာရိတ္တနှင့် အရည်အသွေးမြင့်မားတိုးတက် ပြည့်စုံမှုအတွက်လည်း စီမံချက်တစ်ရပ်ကို ဖော်ဆောင်လျက်ရှိပါသည်။

**လာဘ်ပေးလာဘ်ယူ လုံးဝလက်မခံ**

ပြည်တွင်းအခွန်များဦးစီးဌာနအပေါ် လူထု၏အမြင်ကို သိရှိနားလည်ထားပါသည်။ ပြည်တွင်းအခွန်များ ဦးစီးဌာနသည် 'လာဘ်ပေးလာဘ်ယူ လုံးဝလက်မခံ' ဟူသော မူဝါဒကိုစွဲကိုင်လျက် ဤမူဝါဒကို ဖောက်ဖျက်သော ဝန်ထမ်းများကိုလည်း ထုတ်ပယ်ပစ်ပါမည်။ မြန်မာပြည်သူတို့ယုံကြည်မှုနှင့် ထောက်ခံအားပေးမှု ရရှိလာသည်အထိ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းများဘက်မှ အခွန်ဥပဒေ၊ အခွန်စည်းမျဉ်း စည်းကမ်းများ လိုက်နာမှုကို တိုးတက်လာစေရန်နှင့် ပြည်သူတို့ပိုင်ဆိုင်သော အခွန်ဘဏ္ဍာငွေများကို အရကောက်ခံနိုင်ရန် အထူးကြိုးပမ်းခြင်းဖြင့် ဤနိုင်ငံတော်ကြီး၏ ကြီးပွားတိုးတက်ရေးအတွက် ဦးလည်မသုန်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

## ဧပြီလမှ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အောက်တိုဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၆၇ ဒသမ ၈၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၃ ဒသမ ၆၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၂၁ ဒသမ ၄၆ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၄၇ ဒသမ ၀၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၇ ဒသမ ၇၁ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၀၄ ဒသမ ၇၃ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အောက်တိုဘာလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၄၂၆ ဒသမ ၁၉ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၈၃ ဒသမ ၂၇ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၀၉၆ ဒသမ ၂၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၁၈ ဒသမ ၇၄ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၈၁၄ ဒသမ ၉၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၀၇၉ ဒသမ ၉၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၆၂ ဒသမ ၃၇ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၇၄၂ ဒသမ ၂၇ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၁၅၅၅၇ ဒသမ ၂၁ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၉၂၇ ဒသမ ၃၃ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသောပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။ **(ကြေးမုံ)**

# ပြည်တွင်းရေးရာ

## ✪ ရခိုင်ပြည်နယ်မှ

အကြမ်းဖက်သမား ရှစ်ဦးကို အသေဖမ်းမိခဲ့ပြီး နှစ်ဦး အရှင်ဖမ်းမိခဲ့ပါတယ်။ သူတို့ဆီက လက်လုပ်သေနတ် ပစ္စတိုတစ်လက်၊ ကျည် နှစ်တောင့်၊ ကျည်အိမ် တစ်ခု သိမ်းဆည်းရမိခဲ့ပါတယ်။ ၁၅-၁၂-၂၀၁၆ အထိ တပ်မတော်နဲ့ ရဲတပ်ဖွဲ့ စုစုပေါင်း ဆုံးရှုံးလက်နက် ၆၇ လက်ရှိပြီးတော့ ၂၆ လက် ပြန်ရခဲ့ပါတယ်။ နောက်ထပ် ၄၁ လက် ပြန်ရဖို့ ကျန်ရှိနေပါသေးတယ်။

**မေး။ ။ ၉. ၁၀. ၂၀၁၆ ရက်နေ့က နယ်ခြားစောင့်ရဲစခန်း သုံးခုအား အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုကို ဘယ်သူတွေ၊ ဘယ်အဖွဲ့အစည်းတွေက ဦးဆောင်ခဲ့တာလဲ။**

ဖြေ။ ။ဖမ်းဆီးရမိသူများကို စစ်ဆေးရာမှာ သူတို့ပြောပြချက်အရ အဲဒီ အကြမ်းဖက်တိုက်ခိုက်မှုတွေကို ပြည်ပက ငွေကြေးထောက်ပံ့မှု၊ ပြည်ပအကြမ်းဖက်အဖွဲ့အစည်းဝင်တွေရဲ့ ပံ့ပိုးကူညီမှုတွေနဲ့ အချိန်ယူပြီး စနစ်တကျကြိုတင်ဆောင်ရွက်ခဲ့တာ ဖြစ်နေပါတယ်။ RSO အကြမ်းဖက်အဖွဲ့နဲ့ ဆက်နွှယ်နေတဲ့ Aqa Mul Mujahidin အဖွဲ့ရဲ့ ဆောင်ရွက်ချက်ဖြစ်ပြီး ဒီအဖွဲ့ကို ဦးဆောင်သူက ဘာသာရေး၊ လူမျိုးရေး အစွန်းရောက်သမား ဟာဗစ်တူဟာရ် ဖြစ်ပါတယ်။ အောက်တိုဘာလ ၁၁ ရက်နေ့မှာ ဟာဗစ်တူဟာရ်ရဲ့ ဂျီဟတ်ကြေညာတဲ့ ဗီဒီယိုဖိုင်ကို လူမှုကွန်ရက် စာမျက်နှာမှာ ထုတ်လွှင့်ခဲ့တာ ရှိပါတယ်။ အလားတူ ပြည်ပ ထောက်ခံမှု၊ ငွေကြေးပံ့ပိုးမှုများ မြင့်တက်လာဖို့အတွက် အခြားဗီဒီယိုဖိုင်များကိုလည်း လွှင့်တင်ထားတာ တွေ့ရပါတယ်။

**မေး။ ။၉. ၁၀. ၂၀၁၆ ရက်နေ့ဖြစ်စဉ် နောက်ပိုင်းမှာရော အလားတူ အကြမ်းဖက်တိုက်ခိုက်ခံရမှု ဖြစ်စဉ်တွေ ထပ်ဖြစ်သေးသလား။**

ဖြေ။ ။အောက်တိုဘာ ၉ ရက် ဖြစ်စဉ်နောက်ပိုင်းမှာ ထိတွေ့တိုက်ခိုက်မှု အသေးအကြီး စုစုပေါင်း ၁၁ ကြိမ် ထပ်မံဖြစ်ပွားခဲ့ပြီး တပ်မတော်သား ခုနစ်ဦးကျဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့ကာ လက်နက်နှစ်လက် ပျောက်ဆုံးခဲ့ပြီး အကြမ်းဖက်တိုက်ခိုက်သူ လေးဦးကို ပစ်ခတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။

**မေး။ ။ရင်းရခိုင်ပြည်နယ်ဖြစ်စဉ်များ ချုပ်ငြိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရက ဘာတွေ စီမံဆောင်ရွက်ခဲ့သလဲ။ နောက်ထပ်ရော ဘာတွေ ဆက်လက်ဆောင်ရွက်ဦးမလဲ။**

ဖြေ။ ။ဖြစ်စဉ်ဖြစ်တဲ့နေ့မှာပင် စစ်ဆင်ရေးနယ်မြေအဖြစ် သတ်မှတ်ပြီး ညမထွက်ရအမိန့် ပုဒ်မ ၁၄၄ ထုတ်ပြန်ထားခဲ့ပါတယ်။ နောက်တစ်ခုက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ "ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ" ကို ၃၀-၅-၂၀၁၆ ကတည်းက ဖွဲ့စည်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါ့အပြင် မစ္စတာ ကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ် အကြံပေးကော်မရှင်ကိုလည်း ဖွဲ့စည်းပြီး ကြိုးပမ်းအဖြေရှာနေပါတယ်။ နောက်ပြီးတော့ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးစီးတဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ကိုလည်း ဖွဲ့စည်းဆောင်ရွက်စေလျက်ရှိပါတယ်။ နောက်တစ်ခုက မောင်တောဒေသမှာရှိတဲ့ ဒေသခံပြည်သူတွေအတွက် ကူညီထောက်ပံ့မှုတွေ အကြိမ်ကြိမ်ဆောင်ရွက်ပေးခဲ့ပါတယ်။ လူသားချင်းစာနာထောက်ထားမှုအကူအညီများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ UNHCR နှင့် WFP တို့ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်း စေတနာရှင်၊ အလှူရှင်များကလည်း နိုဝင်ဘာ ၄ ရက်နေ့ကစပြီး ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဆက်လက်ပြီးလည်း ကူညီထောက်ပံ့မှုတွေ ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ သတင်းမီဒီယာတွေ လွတ်လပ်စွာ သတင်းယူခွင့်အတွက် ပြည်တွင်း၊ ပြည်ပ မီဒီယာတွေပါဝင်တဲ့ Media Team အဖွဲ့ဟာ ဒီဇင်ဘာ ၁၉ ရက်နေ့ကနေ ၂၂ ရက်နေ့အထိ မောင်တောဒေသသို့ သွားရောက်မှာဖြစ်ပါတယ်။ အကြမ်းဖက်တိုက်ခိုက်သူများ ယူဆောင်သွားတဲ့ လက်နက်တွေ ပြန်လည်အပ်နှံရန် ဒေသအတွင်း ကြေညာထားပြီး ဖြစ်ပါတယ်။ ငြိမ်းချမ်းသော နည်းလမ်းနှင့်သာ ဖြေရှင်းနိုင်မှာဖြစ်ပြီး ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းများဖြစ်စေဖို့ အချိန်ယူ ကိုင်တွယ် ဖြေရှင်းရမှာဖြစ်ပါတယ်။


**(သတင်းစဉ်)**


ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်းရှိ မူဆလင်ကျေးရွာများတွင် မီးလောင်ဆုံးရှုံးသည့်နေအိမ်များစာရင်း (၁၆-၁၂-၂၀၁၆)


| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | အိမ်ခြေ | | အိမ်ထောင်စု | | လူဦးရေ | | မီးလောင်ပျက်စီးသော အိမ်ခြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | ယခင် | ယခု | ယခင် | ယခု | ယခင် | ယခု | | |
| ၁ | ဒါးကြီးစား | ဒါးကြီးစား | ၃၉၂ | ၁၈၂ | ၂၅၅ | ၂၅၅ | ၃၀၀၄ | ၂၁၉၆ | ၂၁၀ | |
| ၂ | မြောတောင် | မြောတောင် | ၆၃၂ | ၆၂၀ | ၄၅၂ | ၄၂၉ | ၅၆၅၁ | ၅၄၃၅ | ၁၂ | |
| ၃ | ကျီးကန်းပြင် | ဝါးပိတ် | ၃၁၈ | ၉၂ | ၂၅၅ | - | ၂၄၁၆ | - | ၂၂၆ | |
| ၄ | ပွင့်ဖြူချောင်း | ပွင့်ဖြူချောင်း | ၁၅၅ | ၁၁၂ | ၉၇ | ၉၇ | ၉၉၆ | ၉၉၆ | ၄၃ | |
| ၅ | ရေခပ်ချောင်းဂွဆုံ | ရေခပ်ချောင်းဂွဆုံ | ၅၂၇ | ၂၅၀ | ၄၀၁ | - | ၃၆၂၀ | - | ၂၇၇ | |
| | စုစုပေါင်း | | ၂၆၅၆ | ၁၈၈၈ | ၁၉၁၂ | ၁,၂၀ | ၂၁၃၃၈ | ၁၄၀၆၂ | ၇၆၈ | |


ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်းရက်အလိုက် ထိတွေ့မှု / မော်တော်ယာဉ်မိုင်းခေါက်ကွဲမှု အကြိမ်အရေအတွက် အခြေအနေပြဇယား

| စဉ် | ရက်စွဲ | ထိတွေ့မှု | မော်တော်ယာဉ် မိုင်းခေါက်ကွဲမှု | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၉-၁၀-၂၀၁၆ | ၃ | - | |
| ၂ | ၁၀-၁၀-၂၀၁၆ | ၁ | - | |
| ၃ | ၁၁-၁၀-၂၀၁၆ | ၁ | - | |
| ၄ | ၁၂-၁၀-၂၀၁၆ | ၄ | - | |
| ၅ | ၁၃-၁၀-၂၀၁၆ | ၂ | - | |
| ၆ | ၁၄-၁၀-၂၀၁၆ | ၁ | - | |
| ၇ | ၁၈-၁၀-၂၀၁၆ | ၁ | - | |
| ၈ | ၃-၁၁-၂၀၁၆ | ၁ | - | |
| ၉ | ၉-၁၁-၂၀၁၆ | ၁ | - | |
| ၁၀ | ၁၂-၁၁-၂၀၁၆ | ၄ | ၂ | |
| ၁၁ | ၁၃-၁၁-၂၀၁၆ | ၂ | - | |
| | စုစုပေါင်း | ၂၁ | ၂ | |









သဘာဝစွမ်းအင်မကုန်ခမ်းစေဖို့
ပြန်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲစို့

ကာဗွန်လျှော့ချထုတ်လွှတ်ရေး
အမှုအကျင့်ဟောင်းများစွန့်လွှတ်ပေး

# ရက်သတ္တပတ်ရုံးပိတ်ရက်များတွင် စာအုပ်အရောင်းပွဲတော်များကျင်းပရေး ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရက်သတ္တပတ်ရုံးပိတ်ရက်များတွင် စာအုပ်အရောင်းပွဲတော်များကျင်းပရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ရက်သတ္တပတ် ရုံးပိတ်ရက်များတွင် စာအုပ်အရောင်းဆိုင်များအား ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဗဟိုပုံနှိပ်စက်ရုံရှေ့နှင့် ဘေးမျက်နှာစာများတွင် ခင်းကျင်းရောင်းချနိုင်ရေးနှင့် ထိုသို့ခင်းကျင်းရောင်းချရာတွင် လမ်းသွားလမ်းလာများအား အနှောင့်အယှက်မဖြစ်ရန် ဆောင်ရွက်သွားရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်၊ စာပေဗိမာန်မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းနှင့် စာပေဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





# ဆရာဝန်ငယ်များကို စေတနာ့ဝန်ထမ်းအဖြစ်ပါဝင်ရန် ပထမအကြိမ် ဆရာဝန်ညီလာခံမှ ဖိတ်ခေါ်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံ ဆရာဝန်အသင်းအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများကို စဉ်ဆက်မပြတ်တိုးချဲ့ ဆောင်ရွက်သွားရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်း၏ လုပ်ငန်းများ ကျယ်ပြန့်များပြားလာမှုနှင့်အတူ ဆရာဝန်ငယ်များကို စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်လှုပ်ရှားရန် ဖိတ်ခေါ်ကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးရဲမြင့်ကပြောသည်။

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည့် မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)၏ပထမအကြိမ် ဆရာဝန်ညီလာခံဖွင့်ပွဲတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဒီဇင်ဘာ ၁၇ နဲ့ ၁၈ ရက် အတွင်း နှစ်ရက်တာကျင်းပတဲ့ ညီလာခံမှာ ဆေးပညာရပ်ဆိုင်ရာဟောပြောပွဲတွေ ပြုလုပ်သွားမယ်။ အဓိကကတော့ ဆရာဝန်တွေရဲ့ဆေးပညာတိုးတက်ရေးအတွက် ရည်ရွယ်ပါတယ်။ ညီလာခံတက်ရောက်ခြင်းအားဖြင့် တိုးတက်လာတဲ့ ဆေးပညာရပ်ပိုင်းတွေကို သိကျွမ်းသဘောပေါက်မယ်။ ကုသတဲ့အပိုင်းမှာလည်း အထောက်အကူဖြစ်ဖို့လည်း ရည်ရွယ်ပါတယ်" ဟု ၎င်းက ပြောသည်။

ဆေးပညာရပ်ဆိုင်ရာ ဟောပြောပွဲများတွင် အရေးကြီးသောဘာသာရပ်များဖြစ်သည့် ကမ္ဘာတစ်ဝန်း တစ်စတစ်စအရေအတွက် များပြားလာသည့် သက်ကြီးရွယ်အိုများတွင်ဖြစ်ပေါ်တတ်သည့် ရောဂါများနှင့်ပတ်သက်ပြီး ဆွေးနွေးခြင်း၊ အသည်းရောင်အသားဝါ စီပိုး ကုသခြင်းဆိုင်ရာ ကုသနည်းသစ်များနှင့် လူနာများပိုးသတ်ဆေးသောက်သုံးခြင်းတွင် ဆေးယဉ်ပါးမှုများမဖြစ်ပေါ်ရေးစနစ်တကျသုံးစွဲခြင်း စသည့် အကြောင်းအရာဆိုင်ရာများကို ဆွေးနွေးဟောပြောမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ဆေးတက္ကသိုလ်(၁) ဆေးပညာဌာနမှ ပါမောက္ခဒေါက်တာဇော်လင်းအောင်က "သက်ကြီးပိုင်းတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အာဟာရပိုင်းဆိုင်ရာတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးပြောကြားမှာဖြစ်ပါတယ်။ ဆရာဝန်တွေကို စဉ်ဆက်မပြတ် တိုးတက်ခေတ်မီနေတဲ့ ကုထုံးတွေ၊ အတွေးအခေါ်တွေကို ဗဟုသုတအနေနဲ့ ပြန့်ပွားအောင် ပြုလုပ်တဲ့ ညီလာခံတစ်ခုဖြစ်တယ်လို့မြင်ပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ကို ၁၉၄၉ ခုနှစ်က ရန်ကုန်မြို့တွင် စတင်တည်ထောင်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသင်းခွဲများရှိကြောင်း သိရသည်။ ယခုအချိန်တွင် ကမ္ဘာ့ဆေးပညာအဖွဲ့နှင့် အာဆီယံဆေးပညာအဖွဲ့တို့၏အဖွဲ့ဝင်အဖြစ် လှုပ်ရှားမှုများတွင် ပါဝင်လျက်ရှိကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)၏ (၆၃)ကြိမ်မြောက် ညီလာခံကို လာမည့် ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ညီလာခံဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်အားပေးပြီး ဆေးအရောင်းပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

**သတင်း-မြတ်စန္ဒီ**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ရပ်နားထားရသည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး မကြာမီပြန်လည်ဖွင့်လှစ်နိုင်မည့်အလားအလာရှိဟု သိရ

**မောင်တော ဒီဇင်ဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် နှစ်လကျော်ကြာ ရပ်နားထားရသည့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းမှာ မကြာမီပြန်လည်ဖွင့်လှစ်နိုင်မည့်အလားအလာရှိကြောင်း မောင်တောနယ်စပ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ယနေ့တွင် ပြောကြားသည်။

"မောင်တောနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ဖို့ ကျွန်တော်တို့အနေနဲ့သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပြီး ကြိုးစားနေပါတယ်။ ပြန်ဖွင့်နိုင်မယ့် အခြေအနေက နယ်မြေလုံခြုံရေးအရဆိုရင် နဂိုအရင်လိုဖြစ်ဖို့တော့ မလွယ်သေးဘူး။ အရင်လို ထွက်ချင်တိုင်းထွက်၊ ဝင်ချင်တိုင်းဝင်ဖို့ဆိုတာမျိုး မဟုတ်ဘူး။ ပထမဆုံးတော့ စည်းကမ်းတင်းကျပ်မှုလေးတွေတော့ ရှိမယ်။ နောက်တဖြည်းဖြည်းနဲ့ တစ်ဆင့်ချင်းဖြေလျှော့ပေးသွားရမယ့် အနေအထားမျိုးရှိပါတယ်။ စည်းကမ်းတင်းကျပ်တယ်ဆိုတာလည်း အမှားမဖြစ်အောင်အတွက်ပါ။ နဂိုအခြေအနေက ပြန်လည်ဖွင့်လှစ်ဖို့ အလင်းရောင်ခြည်လေးတွေ့နေရပါပြီ။ ဒါပေမယ့် အခုချက်ချင်းကြီးတော့ ဖွင့်သေးမှာ မဟုတ်သေးပါဘူး"ဟု ၎င်းက ပြောသည်။

မောင်တောနယ်စပ်ကုန်သွယ်ရေးဂိတ်များ ရပ်နားထားသည့်အတွက် အလွယ်တကူသယ်ယူနိုင်သည့် ကုန်ပစ္စည်းတချို့ကို စစ်တွေနယ်စပ် ကုန်သွယ်ရေးဂိတ်မှတစ်ဆင့် ပြောင်းရွှေ့တင်ပို့ခဲ့ကြောင်း၊ သို့သော်လည်း ဝါးတင်ပို့မှုလုပ်ငန်းများအားလုံးကို ရပ်ဆိုင်းထားရကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပိတ်ထားသောကြောင့် စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများ များစွာရှိခဲ့ရာ အဓိကနစ်နာသူများမှာ ဒေသတွင်း ပုစွန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများဖြစ်ကြောင်း ဦးအောင်မြင့်သိန်းက ပြောသည်။

"နယ်စပ်ဂိတ်ပိတ်ထားတဲ့အတွက် ကုန်ပစ္စည်းသမားတွေအနေနဲ့ အခက်အခဲလေးတော့ရှိသွားတယ်။ ပုစွန်တို့၊ ငါးခြောက်တို့ဆိုလည်း စစ်တွေကို ပြန်ပို့လိုက်ကြတယ်။ နောင်လာနောက်သားတွေ ပုစွန်ဆက်မဖမ်းဘူးဆိုရင် ပုစွန်မွေးတဲ့သူတွေတော့ နစ်နာသွားတာပေါ့။ တစ်ဖက်နိုင်ငံကိုတင်ပို့တဲ့ ကုန်သည်တွေဆို မတင်ပို့နိုင်တဲ့အတွက် သူတို့အတွက်လည်း အမြတ်မရရှိကြတော့ဘူး။ နောက်ဆုံးနစ်နာမှာက ပုစွန်ကန်ပိုင်ရှင်တွေပါ။ သွင်းအားစုတွေထည့်ထားတယ်ဆိုတော့ ပုစွန်ကန်ပြန်ဖော်နိုင်မှ အမြတ်ရမှာပါ။ သူတို့က တိုက်ရိုက်နစ်နာမယ်။ တချို့လည်း ပုစွန်ကန်သမားတွေနဲ့ ဝယ်ရောင်းတဲ့သူတွေကြားမှာ စာချုပ်ချုပ်ထားတာလေးတွေရှိတော့ အခုလိုဖြစ်သွားတဲ့အခါမှာ တစ်ဖက်နဲ့တစ်ဖက် ဝိရောဓိလေးတွေဖြစ်သွားတာရှိတယ်လို့လည်း သိရတယ်"ဟု ၎င်းက ဆိုသည်။

မောင်တောနယ်စပ် ကုန်သွယ်ရေးဂိတ်မှတစ်ဆင့် တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ မြန်မာဘက်မှ အဓိကတင်ပို့မှုများမှာ ရေထွက်ပစ္စည်းတွေဖြစ်သည့် ရေချိုရေငန်ပုဇွန်၊ ငါးခြောက် ငါးခြမ်းများကို အဓိက တင်ပို့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာဘက်သို့ ရေတံကင်၊ အဝတ်အထည်၊ ဒန်အိုး ဒန်ခွက် စသည့် ပစ္စည်းများ အဓိက တင်သွင်းကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်၊ ဓာတ်ပုံ-မောင်မွေး**



ရခိုင်ပြည်နယ် နယ်စပ်မြို့တော်ဖြစ်သည့် မောင်တောမြို့ဝင်ဆိုင်းဘုတ်ကို တွေ့ရစဉ်။

# ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန စိန်ရတုအထိမ်းအမှတ် စာတမ်းဖတ်ပွဲ၊ အာစရိယပူဇော်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် တည်ထောင်ပြီး ၂၁ နှစ်အကြာ ၁၉၄၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မြန်မာစာဌာနကို အရှေ့တိုင်းပညာဌာနမှ သီးခြားခွဲထုတ်ကာ တည်ထောင်ခဲ့သည်။

ပထမဆုံးဌာနမှူးမှာ ဆရာကြီး ဦးဖေမောင်တင်ဖြစ်သည်။ ပါမောက္ခ ဦးဧမောင်၊ ဦးဝန်၊ ဦးသိန်းဟန်၊ ဦးမောင်မောင်ကြီး၊ ဦးတင်ဧ၊ ဦးမြင့်ကြည်၊ ဒေါ်သန်းဆွေ၊ ဒေါ်စီစီဝင်း၊ ဦးဘိုသင်း၊ ဦးရွှေသွင်၊ ဒေါ်ပို(နှစ်ကြိမ်)၊ ဒေါ်ခင်မေနွဲ့၊ ဦးဝင်းမွန်၊ ဦးခင်အေး၊ ဒေါ်ခင်ဆွေမြင့်၊ ဒေါ်ခင်ဆန်းဦး၊ ဦးအောင်မြင့်ဦးအထိ ပါမောက္ခဌာနမှူးအဆက်ဆက်အဖြစ် တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ (၇၅)နှစ်ပြည့် စိန်ရတုသဘင်ပွဲကို ဆင်နွှဲနိုင်ပြီဖြစ်သည်။

စိန်ရတုအထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၁ ရက်နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ သံဃာတော်ငါးပါးကို ဆွမ်းကပ်လှူဒါန်းမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၂ ရက်၊ ၂၃ ရက်တို့တွင် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတမ်းဖတ်ပွဲကို နှစ်ရက်ဆက်တိုက် ကျင်းပမည်ဖြစ်သည်။

ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် တက္ကသိုလ်ဓမ္မာရုံ၌ မြန်မာစာမိသားစုက (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကျင်းပမည်ဖြစ်သည်။ ယင်းနေ့ညနေ ၆ နာရီတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ (R.C) တွင် ညစာစားပွဲနှင့် ဧည့်ခံဖျော်ဖြေပွဲများ ကျင်းပမည်ဖြစ်ရာ ညစာစားပွဲလက်မှတ်တစ်စောင်လျှင် ကျပ် ၁၅၀၀၀ ဖြင့် ဝယ်ယူတက်ရောက်နိုင်ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိ တက္ကသိုလ်အပန်းဖြေရိပ်သာ၌ စာအုပ်ဈေးရောင်းပွဲကို စာပေတိုက်ကြီးများက ဈေးနှုန်းလျှော့ကာ လာရောက်ဖွင့်လှစ်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# မြောက်နဝင်းဆည်ရေသောက်စနစ်မှ ပြုပြင်ဆောင်ရွက်ပြီးအပိုင်းအား နွေစပါးစိုက်ပျိုးရေအပြည့်အဝ ပေးဝေမည်

**ပြည် ဒီဇင်ဘာ ၁၇**

မြောက်နဝင်းဆည်ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှစတင်၍ JICA ၏ODA ဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ် အထိ စီမံကိန်းကာလ ကြာမြင့်မည်ဖြစ်သည်။ ယခုအခါ ၂၀၁၆-၂၀၁၇ ခုနှစ် လုပ်ငန်းကာလ ဆောင်ရွက်နေပြီဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ် လုပ်ငန်းကာလ ပြုပြင်ဆောင်ရွက်ပြီး လက်ယာတူးမြောင်းမကြီး ပေတိုင် (၀+၀၀၀')မှ (၅၅+၇၀၀')အထိ၊ လက်ဝဲတူးမြောင်းမကြီး ပေတိုင် (၀+၀၀၀')မှ (၂၈+၀၀၀')အထိ၊ လက်ယာလက်တံခွဲမြောင်းအမှတ်(၁)မှ အမှတ်(၁၃)အထိနှင့် လက်ဝဲလက်တံခွဲမြောင်း အမှတ်(၁)မှ အမှတ်(၅)အထိရှိ ပြည်မြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ် နွေစပါး ၁၁၁၉၂ ဧကကို ယခင် ကွက်ဆင့်သောက်စနစ်ဖြင့် ဆည်ရေသောက်နေရာမှ ယခုအခါ စနစ်တကျသတ်မှတ်ရေထုထည် စီးနှုန်းအတိုင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှစ၍ နွေစပါးစိုက်ပျိုးရေ ပြန်လည် ပေးဝေနိုင်တော့မည်ဖြစ်သည်။



ယခုအခါ စီမံကိန်း၏ နိုင်ငံခြားအတိုင်ပင်ခံအဖွဲ့ဖြစ်သော (Sanyu) အတိုင်ပင်ခံအဖွဲ့ တာဝန်ရှိသူများက ဆောင်ရွက်ပြီးသော တူးမြောင်းမကြီး တစ်လျှောက်အား သတ်မှတ်စံချိန် စံညွှန်းပြည့်မီရေး ကွင်းဆင်း ဆောင်ရွက်လျက်ရှိပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၂)အနေဖြင့်လည်း သတ်မှတ်လျာထားဧက ပြည့်မီအောင် ဆည်ရေပေးဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ရဲထွန်း)**

# မီးလောင်ဆုံးရှုံးမှုအတွက် မီးအာမခံလျော်ကြေးငွေပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (၇)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်း အမှတ်(၁၉/က)ရှိ ဒေါ်ခင်ဆွေညွန့်ပိုင်နေအိမ်သည် နိုဝင်ဘာ ၂၁ ရက်က မီးလောင်ဆုံးရှုံးမှုဖြစ်ပွားခဲ့ရာ မီးလောင်ဆုံးရှုံးမှုအတွက် လျော်ကြေးငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက်က IKBZ အာမခံကုမ္ပဏီ(ရုံးချုပ်)၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် IKBZ အာမခံကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့် (ကိုယ်စား) လျော်ကြေးဌာနကြီး အထွေထွေမန်နေဂျာ ဦးသန်းဇော်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး လျော်ကြေးငွေ ပေးအပ်ခြင်းနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။ ထို့နောက် လျော်ကြေးငွေ ၈၅၃၆၈၂၄ ကျပ်ကို အထွေထွေမန်နေဂျာ ဦးသန်းဇော်က နေအိမ်ပိုင်ရှင် ဒေါ်ခင်ဆွေညွန့် (ကိုယ်စား) ခင်ပွန်းဖြစ်သူ ဦးညွန့်ဝင်း ထံသို့ပေးအပ်ခဲ့ပြီး ဦးညွန့်ဝင်းကလည်း ယခုကဲ့သို့ လျော်ကြေးငွေပေးအပ်မှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားသည်။

IKBZ Insurance အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် ခရိုင်မြို့များတွင် ရုံးခွဲများဖွင့်လှစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အများပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် ယှဉ်တွဲတည်ရှိနေသည့် ဆုံးရှုံးမှုအန္တရာယ်အရပ်ရပ်အတွက် အစဉ်အမြဲ ကာကွယ်စောင့်ရှောက်သွားရန် အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးလျက်ရှိသည်။

IKBZ Insurance သည် အသက်အာမခံ၊ အလုံးစုံမော်တော်ယာဉ် ထိခိုက်မှုအာမခံ၊ မီးအာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ သမာဓိအာမခံ၊ အထူးခရီးသွားအာမခံ၊ ကျန်းမာရေးအာမခံ၊ ကုန်စည်ပို့ဆောင်ရေးအာမခံလုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

**(ဇော်မင်းအောင်)**




# မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

**ကန်ကြီးထောင့် ဒီဇင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်မီးသတ်ဦးစီးဌာနမှ "မီးဘေးအန္တရာယ် လျော့နည်းကျဆင်းစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာများကို ကျောင်းသား ကျောင်းသူများမှတစ်ဆင့် ပြည်သူလူထုအတွင်း စိမ့်ဝင်ပြန့်ပွားရေးအတွက် စာသင်ကျောင်းအခြေပြု မီးဘေးကြိုတင်ကာကွယ်ရေး"အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက ကန်ကြီးထောင့်မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း အမျိုးသားခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်စိုးက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်သော သိကောင်းစရာများ၊ မီးသတ်တပ်ဖွဲ့ပေါ်ပေါက်လာပုံသမိုင်းအကြောင်းအရာများနှင့် ယခုကဲ့သို့ ပွင့်လင်းရာသီရောက်လာသောအချိန်မျိုးတွင် မီးဘေးလုံခြုံရေးအတွက် မီးကိုသုံးစွဲရာ၌ ပေါ့ပေါ့ဆဆမသုံးမိစေဘဲ အမြဲတမ်းအသိသတိနှင့် ဂရုတစိုက်သုံးစွဲသွားရန်၊ "သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး"ဆိုသကဲ့သို့ မီးကိုသုံးစွဲရာတွင် စနစ်တကျသုံးစွဲကြရန်နှင့် မီးသတ်ဆေးဘူးသုံးစွဲပုံများစသည့် သိကောင်းစရာ အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ နားထောင်ခဲ့ကြသည်။



ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့်မီးသတ်တပ်ဖွဲ့ဝင်များမှ မီးဘေးအန္တရာယ်တွေ့ကြုံလာပါက လက်တွေ့မီးငြိမ်းသတ်နိုင်စေရန်အတွက် (အထက) ကျောင်းရှေ့တွင် မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်ပုံများကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခဲ့ပြီး မီးဘေးလုံခြုံရေး ပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

# "အေးချမ်းသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို " အေးချမ်းသာယာ ပြည်မြန်မာ" ဟူသော ခေါင်းစဉ်ဖြင့်ကျင်းပခဲ့ရာ စိစစ်အကဲဖြတ်ရေးအဖွဲ့က ဆုများရွေးချယ်သတ်မှတ်ခဲ့ပြီးဖြစ်သည်။ အဆိုပါဓာတ်ပုံပြိုင်ပွဲ၏ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ Sule Shangri-La Hotel,Myanmar Ballroom ၌ ကျင်းပမည်ဖြစ်သည်။

ဆုရရှိသူများသည် ဆုများလက်ခံရယူရေးနှင့်ပတ်သက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီ ဖုန်း ၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၀၊ ၀၁-၃၇၁၃၄၂ တို့သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# လှည်းကူးမြို့နယ် မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း စစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်စန္ဒာသွယ်သည် ရန်ကုန်မြောက်ပိုင်းခရိုင် တရားသူကြီး ဦးတင်ထွေး၊ လှည်းကူးမြို့နယ် တရားသူကြီး ဦးချစ်ကိုကိုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တရားသူကြီး ဒေါ်စန္ဒာသွယ်သည် စခန်းရှိ အကျဉ်းသားများနှင့် တွေ့ဆုံ၍ ဥပဒေပါအခွင့်အရေးများ ခံစားခွင့် ရှိ၊ မရှိ၊ ၎င်းတို့၏နေထိုင်စားသောက်ရေး၊ ကျန်းမာရေးအခြေအနေနှင့် အသက်မွေးမှုအတတ်ပညာသင်ကြားပေးမှု အခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် စခန်းရှိတာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းသိရသည်။

**ကိုလတ်(သတင်းစဉ်)**

# ရေပေးရေးလုပ်ငန်းစစ်ဆေး

**မော်လမြိုင် ဒီဇင်ဘာ ၁၇**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဝင်းနှင့် ဦးစီးအရာရှိ ဦးမင်းသန့်ဇော်ထွန်း ဦးဆောင်သောအဖွဲ့သည် ဒီဇင်ဘာ ဒုတိယပတ်က ရေးမြို့နယ် ကျေးလက်ဦးစီးဌာနရုံး၌ ဌာနတွင်းရုံးလုပ်ငန်းနှင့် စာရင်းများဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ စီမံချက်အရ ရေးမြို့နယ်အတွင်း ဆောင်ရွက်သော ရေပေးရေးဆောင်ရွက်မှုအခြေအနေနှင့် ဆောင်ရွက်ပြီးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

**မင်းသန့်(ကျေးလက်)**

# လူထုအားကစားလှုပ်ရှားမှု လမ်းလျှောက်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ဒီဇင်ဘာလ တတိယပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အင်းစိန်မြို့၌ ယနေ့ နံနက် ၅ နာရီက ကျင်းပသည်။ လမ်းလျှောက်ပွဲတွင် အင်းစိန်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ အားကစားလိုက်စားကြသူများ၊ လူမှုရေးအဖွဲ့အစည်းများ စုစုပေါင်းအင်အား ၁၀၀၀ ခန့်က အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရုံးရှေ့ရှိ ပန်းခြံမှတ်တိုင်စုရပ်မှ လမ်းသစ်လမ်းအတိုင်း ရွှေပြည်အေးလမ်း၊ ဘူတာရုံလမ်းအထိ အသွား/အပြန် တစ်မိုင်ခရီးကို စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး အင်းစိန်မီးရထား ဘောလုံးကွင်းထဲ၌ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကို ဆက်လက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**(၆၈၄)**



# မိုးယွန်းကြီးအင်းသို့ ခရီးသွားဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ် ပိုများလာသော်လည်း ရေရှည်တည်တံ့နိုင်ရေးအတွက် ကာကွယ်ထိန်းသိမ်းမှုများလုပ်ဆောင်ရန် လိုအပ်နေ

**ဝေါ ဒီဇင်ဘာ ၁၇**

မိုးယွန်းကြီးအင်းဘေးမဲ့တောသည် ပဲခူးတိုင်းဒေသကြီး၏အလှကို ထပ်ဆင့်ချယ်မှုန်းဖော်ပြနေသကဲ့သို့ ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်လည်ပတ်လျက်ရှိသည့် နေရာဒေသတစ်ခုဖြစ်သည့်အပြင် ဆောင်းခိုငှက်များ လာရောက်ကျက်စားရာ အဓိကဘေးမဲ့တောတစ်ခုလည်းဖြစ်ခြင်းကြောင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုဝင်ရောက်လာသော်လည်း ရေရှည်တည်တံ့နိုင်ရေးအတွက်မူ ကာကွယ်ထိန်းသိမ်းမှုများလုပ်ဆောင်ရန် လိုအပ်နေကြောင်း သိရသည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ နှစ်စဉ် ဧပြီလမှ မတ်လအတွင်း ပြည်တွင်းပြည်ပခရီးသွား ဝင်ရောက်မှုသည် ၂၀၁၄-၂၀၁၅ တွင် ၁၃၄၀၂ ဦး၊ ၂၀၁၅-၂၀၁၆ တွင် ၂၄၀၅၆ ဦးရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ တွင် ဧပြီလမှ နိုဝင်ဘာလအထိ မှတ်တမ်းများအရ ၂၇၄၂၅ ဦးအထိရှိခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ခရီးသွားဝင်ရောက်မှုမှာ ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းခိုငှက်တွေလာရောက်ဆောင်းခိုတာဟာ အရင်နှစ်တွေကထက်ပိုများပါတယ်။ ဒေသခံတွေကလည်း ဒီအင်းထဲမှာ ငါးဖမ်းပြီးရောင်းချတာတွေလည်းရှိတယ်။ အရင်ကလို သမားရိုးကျငါးဖမ်းတာမဟုတ်ဘဲ နွေရာသီရေနည်းချိန် မတ်၊ ဧပြီ၊ မေလတွေမှာ ဘက်ထရီရှော့တိုက်ပြီး ဖမ်းတာတော်တော်များလာတယ်။ အဲဒီလိုဖမ်းတော့ ရေရှည်မှာ ငါးသယံဇာတ လျော့နည်းသွားဖွယ်ရှိတယ်။ နောက်တစ်ခုက ကြာတောတွေပျက်စီးတဲ့ကိစ္စပါ။ အရင်က ပဒုမ္မာကြာ ဒီအင်းထဲမှာထုတ်တာဖြစ်ပေမယ့် အခုတော့ရပ်ထားရတဲ့အဆင့်တောင်ဖြစ်နေတယ်။ ဒီလိုပျက်စီးမှုနဲ့ ပတ်သက်ပြီးတော့ ပထမအချက်အနေနဲ့ ပြောချင်တာက နာဂစ်မှာ ဧရာဝတီတိုင်းဒေသကြီးကတံငါသည်တွေ ဒေသရင်းမျိုးစိတ်မဟုတ်တဲ့ ရွှေခရုမျိုးစိတ်ကို ငါးရှဉ့်အစားပြုလုပ်ဖို့ ဒီဒေသကိုယူလာပြီးများတော့ အဲဒီအကောင်တွေက အခုတအားပွားပြီး ဗေဒါ၊ ကညွတ်၊ မြက်ပင်တွေအပြင် ကြာပင်တွေကိုလည်း ဖျက်ဆီးစားသောက်တော့ ကြာတောတွေ ခြောက်သွေ့ပျက်စီးမှုဖြစ်ပါတယ်။ ပြီးတော့ ဒီအင်းထဲမှာ ကျွဲတွေက နေရာအနှံ့ဝင်ချင်တဲ့နေရာဝင်၊ သွားချင်တဲ့နေရာသွားနေတော့ ရေကိုမွှေသလိုဖြစ်ပြီး ရေထဲမှာနေတဲ့ အချို့အပင်တွေက သေကုန်တဲ့အပြင် ရေနောက်သွားတော့ ကြာပင်တွေပါ သေကုန်တယ်လို့ ယူဆရတယ်။ ကြာက ရေနောက်တာ မကြိုက်ဘူး။ ရေကြည်တာပဲကြိုက်တာ၊ အဲဒီအချက်တွေထဲက ဘယ်အချက်ကြောင့်ဖြစ်တယ်ဆိုတာတော့ ခွဲခြားလို့မရသေးပါဘူး။ လေ့လာချင်စဖွယ်ကောင်းတဲ့ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ရေရှည်တည်တံ့စေရေးအတွက်တော့ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုအပ်လျက်ရှိပါတယ်"ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဒေါ်သင်းသင်းယုက ပြောကြားခဲ့သည်။



မိုးယွန်းကြီးအင်းသည် ရှားပါးမျိုးစိတ်များ၊ ငါးမျိုးစိတ်များ၊ ဆောင်းခိုငှက်နှင့် အခြားမျိုးစိတ်များရှိရာဒေသ ဖြစ်သော်လည်း ယခုအခါ သဘာဝအင်း၏ အလှအပကို ခြိမ်းခြောက်မှုအန္တရာယ် အမျိုးမျိုးရှိလာ၍ ကာကွယ်စောင့်ရှောက်မှု လိုအပ်လာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ တောအုပ်ကြီး ဒေါ်နီလာပွင့်က "ပြဿနာတစ်ခုအဖြစ် အခုလောလောဆယ်ရင်ဆိုင်နေရတာက ဘီလားဖမ်းဆီးမှုတွေဖြစ်တယ်။ ဘီလားဆိုတာ အင်းဆက်တစ်မျိုးဖြစ်တယ်။ အဲဒီဘီလားကို ပြည်ပနိုင်ငံက ခွန်အားတိုးဆေးဆိုပြီးဝယ်တော့ ဒေသခံတွေကလည်း ဈေးကောင်းရတယ်ဆိုပြီး တိုးပြီးဖမ်းဆီးရောင်းချမှုတွေ ပြုလုပ်နေတယ်။ အဲဒီလိုဘီလားကို ပိုက်နဲ့ထောင်ပြီးဖမ်းတဲ့အခါမှာ ပိုက်ကိုတစ်နေကုန်မရုပ်ဘဲနဲ့ ထောင်ထားတယ်။ အဲဒီဘီလားကို အင်းဆက်စားတဲ့ငါးမျိုးတွေက ဝင်စားတော့ ငှက်တွေပိုက်နဲ့ငြိပြီး ကျသေတာမျိုးတွေ ဖြစ်နေတယ်။ အရေးယူတားမြစ်ထားတဲ့ကြားကနေ ဒေသခံတွေက စားဝတ်နေရေးအတွက် ငှက်တွေ၊ ငါးတွေ ဖမ်းနေကြတာပေါ့။ ဒေသခံတွေရဲ့ အခြားအစားထိုးစီးပွားရေးလုပ်ငန်းတွေ အကောင်အထည်ဖော်ပေးနိုင်ရင်တော့ ခြိမ်းခြောက်မှုအန္တရာယ်ကင်းဝေးစေလိမ့်မယ်လို့ အကြံပြုချင်ပါတယ်။ အခုဆိုရင် မိုးယွန်းကြီးအင်းဟာ ခြိမ်းခြောက်မှုအန္တရာယ်အချို့နဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် မိုးယွန်းကြီးအင်းကို ဘယ်လိုကာကွယ်ကြမလဲ။ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ဒေသခံတွေ အရင်ကထက် ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့လည်း လိုလာပါပြီ"ဟု ပြောကြားခဲ့သည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အကြားတွင် တည်ရှိပြီး စတုရန်းမိုင် ၄၀ ကျယ်ဝန်းသည်။ နေပြည်တော်မှ မိုင် ၁၈၀၊ ရန်ကုန်မြို့မှ မိုင် ၇၀ နှင့် မန္တလေးမြို့မှ မိုင် ၃၃၀ အကွာတွင်တည်ရှိပြီး ရေပျော်ငှက်များနှင့် ဆောင်းခိုငှက်များကို လေ့လာနိုင်သည့်နေရာတစ်နေရာဖြစ်သည်။

မိုးယွန်းကြီးအင်းကို ၁၈၇၈ ခုနှစ်တွင် ပဲခူးစစ်တောင်းတူးမြောင်းအတွင်း နွေရာသီသစ်ဖောင်မျောရန်အတွက် မိုးယွန်းကြီးရေလှောင်တမံအဖြစ် တည်ဆောက်ခဲ့ပြီး နှစ်ကာလကြာလာသည်နှင့်အမျှ သဘာဝအင်းအဖြစ်ပြောင်းလဲလာခဲ့ရာ ၁၉၈၈ ခုနှစ် ဧပြီလတွင် မိုးယွန်းကြီးအင်းဘေးမဲ့တောအဖြစ် သတ်မှတ်ကြေညာခဲ့သည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာ ရေဝပ်ဒေသထိန်းသိမ်းရေးအဖွဲ့အစည်းဖြစ်သည့် Ramsar Convention အဖွဲ့ဝင်ဖြစ်လာခဲ့ပြီးနောက် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မြန်မာနိုင်ငံဆိုင်ရာ အရေးကြီးထိန်းသိမ်းရမည့် ရေဝပ်ဒေသ Ramsar Site အဖြစ် ပထမဦးဆုံး သတ်မှတ်ခဲ့သည့်နေရာတစ်ခုလည်းဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကြည်၊**
**ပိန်းဇလုတ်သိန်းညွန့်**

## ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူးရုံး၏ အနောက်ဘက်၌ ပေါက်ကွဲမှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ကျောက်မဲခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ အနောက်ဘက်၌ ယနေ့ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ကျင်းငယ်တစ်ခု၊ စက်ဘီးဘောစေ့အရွယ် ဘော့စေ့ ၁၈ စေ့ခန့်နှင့် ၄၀ မမပုံးသီးဟု ယူဆရသည့် ဗုံးသီးထိပ်ဖူး အပိုင်းအစ ငါးခုတို့ကို တွေ့ရှိရကာ အဆောက်အအုံ၏ ပြတင်းတံခါးမှန် နှစ်ချပ်ကွဲအက်ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညနေ ၆ နာရီခွဲတွင် ကျောက်မဲမြို့ ရပ်ကွက်(၈)ကျောက်မဲ-မိုင်းငေါ့သွားကားလမ်းရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအနီးတွင် ပေါက်ကွဲသံနှစ်ချက်ကြားရသဖြင့် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ရာနေရာသို့ သွားရောက်စစ်ဆေးခဲ့သည်။

ပေါက်ကွဲမှုကြောင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ အနောက်ဘက်၌ ကျင်းငယ်တစ်ခုတွေ့ရှိရပြီး ၎င်းကျင်းထဲ၌ စက်ဘီးဘောစေ့အရွယ် ဘော့စေ့ ၁၈ စေ့ခန့်နှင့် ၄၀ မမပုံးသီးဟု ယူဆရသည့် ဗုံးသီးထိပ်ဖူး အပိုင်းအစ ငါးခုတို့ တွေ့ရှိရခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ခရိုင်ရုံးအဆောက်အအုံ၏ ပြတင်းတံခါးမှန်နှစ်ချပ် ကွဲအက်ပြီး လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

ပေါက်ကွဲသံကြားပြီးနောက် ဆိုင်ကယ်တစ်စီးသည် ကျောက်မဲ-မိုင်းငေါ့သွားကားလမ်းအတိုင်း အပြင်းမောင်းနှင်သွားကြောင်း သိရှိရပြီး ကားလမ်းဘက်မှ ၄၀ မမပုံးသီးသေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားကြောင်း သုံးသပ်ရကာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေရှင်းလင်းရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

## ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ KIA လက်နက်ကိုင်များ အခိုင်အမာတပ်စွဲထားသည့် ပွိုင့်-၁၁၀၃၊ ဂီဒုန်စခန်း(KIA အမည်)နှင့် ဆက်စပ်တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက ရှင်းလင်းသိမ်းပိုက်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ဒီဇင်ဘာ ၁၆ ရက် နံနက် ၇ နာရီ ၁၀ မိနစ်ခန့်မှစတင်၍ တပ်မတော်စစ်ကြောင်းများက လေကြောင်းနှင့် လက်နက်ကြီးပစ်ကူရယူ၍ KIA လက်နက်ကိုင်များ အခိုင်အမာတပ်စွဲထားသည့် ဂီဒုန်စခန်းကို ချဉ်းကပ်တိုက်ခိုက်ချေမှုန်းခြင်းဆောင်ရွက်ခဲ့ကြောင်း၊ KIA အဖွဲ့အနေဖြင့် မြေအနေအထား အသာစီးရှိမှုကိုရယူ၍ အပြင်းအထန်ခုခံခဲ့သော်လည်း ရှေ့ကာကင်းကို မွန်းလွဲ ၂ နာရီ ၅ မိနစ်ခန့်တွင် လည်းကောင်း၊ ပင်မကုန်း ပွိုင့်-၁၁၀၃ ဂီဒုန်စခန်းနေရာကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် လည်းကောင်း သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက ဆုတ်ခွာသွားသည့် KIA လက်နက်ကိုင်များ နောက်သို့ လက်နက်ကြီးပစ်ကူရယူ၍ ထက်ကြပ်လိုက်လံချေမှုန်းခဲ့ရာ ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လိပ်ပြာကုန်းစခန်းကို သိမ်းပိုက်ရရှိခဲ့သည်။

ဖြစ်စဉ်တွင် တပ်မတော်ဘက်မှ အရာရှိနှင့် စစ်သည်တချို့ကျဆုံး၊ ဒဏ်ရာရခြင်းများဖြစ်ပေါ်ခဲ့ပြီး ဒဏ်ရာရ အရာရှိ၊ စစ်သည်များအား သက်ဆိုင်ရာ တပ်မတော်စစ်ဆေးရုံကြီးများသို့ နေ့ချင်းပြီး ပို့ဆောင်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။



KIA လက်နက်ကိုင်အဖွဲ့ဘက်၌ ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီအထိ သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိမှုများပြားကြောင်း သိရှိရပြီး ၁၂၀ မီလီမီတာ စိန်ပြောင်းကြီး ၂ လက်အပါအဝင် လက်နက်မျိုးစုံ ၄၁ လက်နှင့် ခဲယမ်းဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး ပတ်ဝန်းကျင်နေရာများကို အသေးစိတ်ရှင်းလင်းဆဲဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ကောလာဟလတွေအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

***ယခုသီတင်းပတ်အတွင်း ဟောလိဝုဒ်မီဒီယာတွေအကြား ရေပန်းအစားဆုံး ကောလာဟလသတင်းတွေထဲက စိတ်ဝင်စားစရာအကောင်းဆုံးသတင်းတွေကို ကြေးမုံပရိသတ်အတွက် တင်ဆက်ပေးလိုက်ပါတယ်။***

## ဂျွန်မေရာနဲ့ တေလာဆွစ်ရဲ့ ဇာတ်လမ်းသစ်



တစ်ချိန်က ချစ်သူတွေဖြစ်ခဲ့ကြတဲ့ ပေါ့ပ်ကြယ်ပွင့်တေလာနဲ့ တေးရေး၊ တေးဆိုတစ်ဦးအဖြစ်ကျော်ကြားတဲ့ ဂျွန်မေရာတို့နှစ်ဦးဟာ မကြာသေးမီက ကျရောက်ခဲ့တဲ့ တေလာဆွစ်ရဲ့ မွေးနေ့အပြီးမှာတော့ လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် ဇာတ်လမ်းသစ်တွေ ဖြစ်ခဲ့ရပြန်ပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၃ ရက်မှာ ကျရောက်ခဲ့တဲ့ တေလာဆွစ်ရဲ့ (၂၇) နှစ်ပြည့် မွေးနေ့မှာ ဂျွန်မေရာက တေလာရဲ့မွေးနေ့ကို တစ်နှစ်တာရဲ့ အဆိုးရွားဆုံးနေ့လို့ မကောင်းတဲ့နေ့တစ်နေ့အဖြစ် သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ပါတယ်။ အဲဒီလို ရေးသားခဲ့တဲ့အပေါ် ပရိသတ်တွေက တုံ့ပြန်ပြောကြားခဲ့တဲ့အတွက် အဆိုပါစာသားတွေကို ဂျွန်မေရာက ပြန်လည်ဖျက်သိမ်းသွားခဲ့ကြောင်း မေးအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရတယ်။

တေလာဆွစ်က သူ့ရဲ့မွေးဂဏန်းဖြစ်တဲ့ ၁၃ ဟာ သူ့အတွက် ကံကောင်းစေတဲ့ဂဏန်းဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ဖူးတာကြောင့် ဂျွန်မေရာအနေနဲ့ ယခုလိုရေးသားဖော်ပြခဲ့ခြင်းဟာ တေလာဆွစ်ကို စောင်းမြောင်းရေးသားခြင်းဖြစ်ကြောင်းလည်း စွပ်စွဲပြောဆိုမှုတွေ ရှိနေပါတယ်။ တေလာက သူ့ရဲ့လပ်ကီးဂဏန်း ၁၃ ကို သူ့ရဲ့ဖျော်ဖြေပွဲတွေမစတင်မီအချိန်တိုင်မှာ သူ့ရဲ့လက်ဖဝါးပေါ်မှာ အမြဲရေးသားသွားလေ့ ရှိကြောင်းလည်း သိရပါတယ်။

ဂျွန်မေရာနဲ့ တေလာဆွစ်တို့ဟာ ပြီးခဲ့တဲ့ ၂၀၀၉ နိုဝင်ဘာလခန့်ကစတင်ပြီး ၂၀၁၀ ဖေဖော်ဝါရီလအထိ ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြသူတွေဖြစ်ကြပါတယ်။

## ကတိမတည်တဲ့သူလား ဂျွန်နီဒပ်

“ The Pirates Of The Caribbean” ရုပ်ရှင်တွေရဲ့ ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးအဖြစ် လူသိများတဲ့ မင်းသား ဂျွန်နီဒပ်ဟာ ယခင်ဇနီးဖြစ်တဲ့ မင်းသမီး အမ်ဘာဟာ့ဒ်နဲ့ ကွာရှင်းဖို့ဆောင်ရွက်ခဲ့ရာ လတ်တလောမှာ အပြီးသတ်ကွာရှင်းမှုတွေအတွက် နီးကပ်လာပြီဖြစ်ပါတယ်။ ဒါပေမယ့် အဆိုပါကွာရှင်းမှုဟာ အဆုံးမသတ်နိုင်သေးဘဲဖြစ်နေရပါတယ်။ အကြောင်းကတော့ ဂျွန်နီဒပ်က ဇနီးသည်ကို နစ်နာကြေးအဖြစ်ပေးဖို့ သဘောတူထားတဲ့ ငွေကြေးတွေကိုပေးဖို့ ကျန်နေသေးတာကြောင့်ဖြစ်ပါတယ်။



ဟောလိဝုဒ်ရဲ့ထိပ်တန်းကြယ်ပွင့် ဂျွန်နီဒပ်က ဇနီးဟောင်းကို ကွာရှင်းခွင့်အတွက် အမေရိကန်ဒေါ်လာ ခုနစ်သန်းပေးလျော်သွားဖို့ သဘောတူပြီးဖြစ်ပေမယ့် လတ်တလောအချိန်အထိ ပေးချေဖို့ ဒေါ်လာ ခြောက် ဒသမ ရှစ်သန်း ကျန်ရှိနေသေးကြောင်း အိတ်ဇ်ပရက်စ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။ အဆိုပါလျော်ကြေးငွေတွေကို အမ်ဘာဟာ့ဒ်က လော့စ်အန်ဂျလိစ်ကလေးဆေးရုံနဲ့ အခြား လူမှုအဖွဲ့အစည်းတစ်ခုကို လှူဒါန်းသွားမှာ ဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ ယခုနှစ်အစပိုင်းက စတင်ပြီး ကွာရှင်းဖို့ ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုလမ်းခွဲရတဲ့ အကြောင်းရင်းကတော့ ဂျွန်နီဒပ်က အိမ်ထောင်သက် ၁၅ လခန့်ကာလအတွင်း အမ်ဘာဟာ့ဒ်ကို ရိုက်နှက်တာတွေရှိခဲ့ပြီး ဖုန်းနဲ့တောင် ပစ်ပေါက်ခဲ့ဖူးတာကြောင့်ဖြစ်ကြောင်းလည်း မင်းသမီးက ဖွင့်ဟခဲ့ပါတယ်။ အပြီးသတ်ကွာရှင်းမှုတွေကိုတော့ ယခုသီတင်းပတ်အတွင်း အပြီးသတ်ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



# Despicable Me ရုပ်ရှင်သစ် စမ်းသပ်ထုတ်လွှင့်

ဟောလိဝုဒ်ရဲ့အောင်မြင်တဲ့ဟာသဆန်ဆန်သိပ္ပံကာတွန်း “ Despicable Me ”ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်ကို ပြီးခဲ့တဲ့ ဒီဇင်ဘာ ၁၄ ရက်က အစမ်းထုတ်လွှင့်ပြသခဲ့ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ဖြန့်ချိလိုက်တဲ့ အဆိုပါရုပ်ရှင်သစ်ဟာ “ Despicable Me” ရုပ်ရှင်တွေရဲ့ တတိယမြောက် ရုပ်ရှင်ဖြစ်ပါတယ်။ “Despicable Me 3”ရဲ့ အစမ်းရုပ်ရှင်မှာတော့ ထူးခြားတဲ့ ဗီလိန်ဇာတ်ကောင်တစ်ဦးကို တွေ့မြင်ခဲ့ကြရပါတယ်။

အဆိုပါဗီလိန်ဟာ ၁၉၈၀ ပြည့်နှစ်တွေမှာခေတ်စားခဲ့တဲ့ ဝတ်စုံဒီဇိုင်းမျိုးဖြစ်တဲ့ပခုံးမှာ ဒေါက်တွေပါဝင်တဲ့ ကုတ်အင်္ကျီကိုဝတ်ဆင်ထားပြီး ပေါ့ဘုရင်မိုက်ကယ်လ်ဂျက်ဆင်လို အကကျွမ်းကျင်တဲ့သူဖြစ်ကာ ပန်းရောင်ပီကေတွေကို စားလေ့ရှိတာတွေ့ရပါတယ်။ ယင်းရုပ်ရှင်သစ်မှာတော့ မြူးကြွတဲ့တေးဂီတတွေနဲ့အတူ တိုက်ခိုက်တာတွေကို ခံစားကြရမှာဖြစ်တဲ့အတွက် အက်ရှင်အကအတွက် အချိန်ကျရောက်လာခဲ့ပြီဖြစ်တယ်လို့ တောင်ဆိုနိုင်ပါတယ်။

ယင်းရုပ်ရှင်သစ်မှာ ယခင်ရုပ်ရှင်တွေမှာပါဝင်နေကျဇာတ်ဆောင်တွေပါဝင်ပြီး ဟာသအသစ်တွေကိုလည်း ရှုစားကြရမှာဖြစ်ပါတယ်။ ယင်းရုပ်ရှင်သစ် “ Despicable Me 3”ကိုတော့ လာမယ့် ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်မှာ အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်သွားမှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

# အချိန်တွေကကိုယ့်ဘက်မှာမရှိတော့ဘူးလို့ဆိုလာတဲ့ အမီတာဘချ်ချန်း



ဘောလိဝုဒ်အိန္ဒိယရုပ်ရှင်လောကမှာ အထူးကျော်ကြားခဲ့တဲ့ မင်းသားကြီးတစ်ဦးဖြစ်တဲ့ အမီတာဘချ်ချန်းက သူ့ကိုရုပ်ရှင်တွေမှာပါဝင်သရုပ်ဆောင်ပေးဖို့ကမ်းလှမ်းမှုတွေ များစွာရှိနေပေမယ့် အသက်အရွယ်အရ သရုပ်ဆောင်ရာမှာ အခက်အခဲတွေရှိလာတာကြောင့် စိတ်ရှိတိုင်းလုပ်ဆောင်နိုင်ခြင်းမရှိတော့ကြောင်းနဲ့ အသက်အရွယ်ကြီးသူတစ်ယောက်အနေနဲ့ အချိန်တွေက ကိုယ့်ဘက်မှာမရှိတော့ဘူးလို့ဆိုခဲ့ကြောင်း ပလန်းနက်ရေဒီယိုစစ်တီဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

လတ်တလောမှာ အသက် (၇၄)နှစ်ရှိပြီဖြစ်တဲ့ အမီတာဘချ်ချန်းက သူ့ရဲ့ရုပ်ရှင်နဲ့ပတ်သက်တဲ့ စိတ်ကူးတွေနဲ့ ခံစားချက်တွေကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

မင်းသားကြီး အမီတာဘချ်ချန်းက “ကျွန်တော် လူတွေရဲ့ ဇာတ်လမ်းတွေနဲ့ ခံစားချက်တွေကိုအမြဲနားထောင်ပါတယ်။ သူတို့ထဲက အတော်များများကိုလည်း ရုပ်ရှင်အဖြစ် ဖန်တီးချင်ခဲ့ပါတယ်။ သူတို့က ကျွန်တော့်အပေါ်မှာ လွှမ်းမိုးနေပြီး သူတို့ထဲက အနည်းငယ်ကိုဖန်တီးဖြစ်ခဲ့မယ်ဆိုရင်လည်း အဲဒီဖန်တီးမှုတွေဟာ ကျွန်တော့်ဘဝရဲ့ နောက်ဆုံးအစိတ်အပိုင်းတွေဖြစ်လာမှာပါ”လို့ ဆိုပါတယ်။

ဆက်လက်ပြီး မင်းသားကြီးက “လူသားတွေရဲ့ ဆန္ဒတွေဟာ ထိန်းချုပ်ဖို့ခက်ခဲပါတယ်။ ကိုယ့်ကိုကမ်းလှမ်းခံထားရတဲ့အရာတွေကို လုပ်ချင်ပေမယ့် အချိန်ကတော့ ကိုယ့်ဘက်မှာမရှိတော့ဘူး။ သေခြင်းတရားက ဘယ်အချိန်မဆို ရုတ်တရက်ရောက်လာပြီး ချက်ချင်းသေဒဏ်ကျနိုင်တဲ့အရွယ်ဖြစ်နေပါပြီ။ စိတ်ကူးတွေအများကြီးရှိပေမယ့် အချိန်ကတော့. . . ”လို့ သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ဘောလိဝုဒ်ရဲ့ ရုပ်ရှင်လောကမှာ ဆယ်စုနှစ်ငါးစုခန့် ကျင်လည်ခဲ့တဲ့ မင်းသားကြီး အမီတာဘချ်ချန်းကို မကြာမီပြသသွားမယ့်ရုပ်ရှင် “Sarkar 3”မှာ တွေ့မြင်ကြရတော့မှာ ဖြစ်ကြောင်းလည်း သိရပါတယ်။

**အေး ပြည့် - စု စည်း ရေး သား သည်**

## မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

**၁၈-၁၂-၂၀၁၆(တနင်္ဂနွေနေ့)**

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ Business News
- ၈း၃၅ “လှပစုံလင်အာဆီယံတစ်ခွင်”
- ၈း၄၅ “သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနဲ့လိုက်လျောညီထွေရှိစေရေးကို ပေါင်းစပ်ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ”
- ၉း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၉း၅၀ ကဗျာရိပ်မြုံ “ပန်းနဲ့လိပ်ပြာ”
- ၁၀း၀၀ Sunday Talk
- ၁၀း၃၅ မြန်မာ့အသိုက်အဝန်းထဲမှအမျိုးသမီးများ
- ၁၁း၁၅ “လောကရဲ့အလှရတနာ”
- ၁၁း၃၅ “အလည်တစ်ခေါက်ရောက်ခဲ့ပါပြီ ငါးမည်ရတဲ့အညာယဉ်ကျေးမှုမြို့ဆီ” (အပိုင်း-၁)
- ၁၂း၅၀ ဖြူ မည်းရုပ်ရှင် “ငယ်နာမည်အညို” (အောင်အောင်၊ ကောလိပ်ဂျင်နေဝင်း၊ ထွန်းထွန်းနိုင်၊ တင်တင်ညို၊ အေးအေးသင်း) (ဒါရိုက်တာဝင်းဖေ)
- ၂း၃၀ “ဇီဝမျိုးစုံမျိုးကွဲစုံစုံလင် အလောင်းတော်ကဿပအမျိုးသားဥယျာဉ်” (အပိုင်း-၁)
- ၃း၁၅ “နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်း”
- ၃း၄၅ This Week's Special Interest
- ၄း၃၅ “ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ” “ကောက်ကြောင်းဆီကနောက်နှောင်းဂီတ” (ဂီတရိပ်သာ) (အပိုင်း-၁၇၈)
- ၄း၅၀ “သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင်” (မင်းလည်းဘိုကေ ငါလည်းဘိုကေ)
- ၅း၁၅ “ဂီတတံခါးလေးဖွင့်ပါဦး”
- ၆း၃၅ “ဝတ်မှုန်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း” (အပိုင်း-၂)
- ၇း၁၅ အိန္ဒိယဇာတ်လမ်းတွဲ “မြွေပျိုမယ်ရဲ့ မာယာကလှဲ့စား” (အပိုင်း-၁၆)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ “ရှန်းကန်လှုပ်ရှားဘဝများ” (ကျွန်တော်ညော့်လမ်းညွှန်)
- ၉း၀၀ ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ -“(၁၆)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) “ဘူရိဒတ်”ဇာတ်တော်ကြီး (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး) (ပထမပိုင်း)


**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

**၁၈-၁၂-၂၀၁၆(တနင်္ဂနွေနေ့)**

- ၆း၀၃ တရားတော်
- ၇း၁၅ မေတ္တာပို့
- ၇း၂၅ ဓမ္မပူဇာတေး
- ၇း၃၀ ကိုယ်လက်လှုပ်ရှား အားကစား
- ၇း၅၀ သင့်အတွက်တစ်နေ့တာ
- ၈း၁၅ စိုက်ပျိုးသုတ
- ၈း၃၅ အင်္ဂလိပ်စာသုတ
- ၉း၂၅ စာပေအလင်းစာပေသတင်း
- ၉း၄၅ အမှတ်တရနေ့ရက်လေးများ
- ၁၀း၀၀ တစ်ပတ်အတွင်းအားကစားအသင်း
- ၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းသီတဲ့နှောင်ကြိုးတစ်မျှင်(အပိုင်း-၁၁)
- ၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရေသူမရဲ့ခြေရာများ (အပိုင်း-၂၃)
- ၂း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၄း၁၅ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၃၅ ပျိုပျိုမေ
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖေဖေကြီးကိုချစ်တယ် (အပိုင်း-၈၀)
- ၅း၄၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ဘဝကြေးမုံ
- ၆း၃၅ လူစွန့်စားခရီးသွားနေသည်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လျှို့ဝှက်ခြင်း၏နောက်ကွယ် (အပိုင်း-၁၂)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -VOA အင်္ဂလိပ်စာသင်ခန်းစာ -ပဟေဠိနန်းတော် -ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “အကြင်နာမျက်ဝန်း” (အပိုင်း-၃၁)

# ဂွါဒီယိုလာအား ဝေဖန်ခံရမှုများအတွက် ဝင်းဂါးက သူ၏အမြင်ကို ထုတ်ဖော်ပြောကြား



မန်စီးတီးအသင်းသည် ချယ်လ်ဆီး၊ လက်စတာအသင်းများအား ရှုံးနိမ့်ပြီးနောက် အင်္ဂလန်မီဒီယာများက မန်စီးတီးနည်းပြ ဂွါဒီယိုလာအပေါ် တောက်လျှောက် ဝေဖန်ရေးသားနေကြရာ အာဆင်နယ်နည်းပြ ဝင်းဂါးက အဆိုပါဝေဖန်ခံရမှုများသည် သူ၏ အာဆင်နယ်နည်းပြဘဝအစ ဝေဖန်ခံရမှုများနှင့်ယှဉ်လျှင် ဘာမျှပြောပလောက်သည့် ဝေဖန်မှုများမဟုတ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ မန်စီးတီးအသင်းသည် စပါး၊ ချယ်လ်ဆီးအသင်းများကို ရှုံးနိမ့်ခဲ့သော်လည်း ဂွါဒီယိုလာ၏ နည်းစနစ်ပိုင်းအပေါ် ဝေဖန်မှုအနည်းငယ်သာ ရှိခဲ့သည်။ သို့သော် လက်စတာအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်နောက်ပိုင်း ဂွါဒီယိုလာ၏ နည်းစနစ်ပိုင်း ချဉ်းကပ်မှုအပေါ် မေးခွန်းထုတ်မှုများ တရစပ် ထွက်ပေါ်လာခြင်း ဖြစ်သည်။

ဝင်းဂါးသည် အာဆင်နယ်နည်းပြအဖြစ် လွန်ခဲ့သည့်နှစ် ၂၀က တာဝန်ယူခဲ့ရာ ၁၉၉၀ ပြည့်လွန်နှစ်များက နိုင်ငံခြားသားနည်းပြများ ပရီမီယာလိဂ်တွင် ရပ်တည်ရန် ခက်ခဲသည့် ကာလများဖြစ်ခဲ့သည်။ ဝင်းဂါးသည် ပရီမီယာလိဂ်ကို ပထမဦးဆုံးရယူနိုင်သည့် နိုင်ငံခြားသားနည်းပြတစ်ဦးဖြစ်ပြီး ဝေဖန်မှုများကို အောင်မြင်စွာကျော်ဖြတ်ပြနိုင်သူတစ်ဦးလည်းဖြစ်သည်။

ဝင်းဂါးက “ ကျွန်တော် အာဆင်နယ်အသင်းကိုရောက်ရှိစဉ်ကာလကထက် အခုအချိန်မှာ နိုင်ငံခြားသားနည်းပြတွေအတွက် ရပ်တည်ရတာ ပိုလွယ်သွားပါပြီ။ ကျွန်တော် ပရီမီယာလိဂ်ကို ရောက်စအချိန်က နိုင်ငံခြားသားနည်းပြတွေအတွက် ခက်ခဲခဲ့ပေမယ့် အခုချိန်မှာတော့ အင်္ဂလန်နည်းပြတွေ ရပ်တည်မှု ခက်ခဲသွားတဲ့ကာလ ရောက်လာတာပါ။ ဒါက ပရီမီယာလိဂ်ရဲ့ ပြောင်းလဲမှုလို့လည်း ပြောလို့ရပါတယ်”ဟု ပြောကြားခဲ့သည်။

ဝင်းဂါးက အင်္ဂလန်ဘောလုံးလောကတွင် ကျင်လည်ရမည့် နည်းပြတစ်ဦး အစပိုင်းတွင် သေချာပေါက် ခက်ခဲမှုရှိသည်မှာ ဆန်းကြယ်သည့် ကိစ္စတစ်ရပ်မဟုတ်သလို မိမိ၏နည်းဗျူဟာအပေါ် ဝေဖန်မှုများကို တွန်းလှန်ပြနိုင်သည့် စွမ်းအားလည်းရှိရန် လိုအပ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ထို့ပြင် ဝင်းဂါးက နည်းပြတစ်ဦးအနေဖြင့် အခြားနည်းပြတစ်ဦးကို ထပ်တူတုပ၍မရနိုင်သည်ကို သတိပြုသင့်သည်ဟုလည်း ဂျိုဟန်ခရိုက်၏ လွှမ်းမိုးမှုခံနေရသည့် ဂွါဒီယိုလာ၏ နည်းစနစ်ပိုင်းနှင့်ပတ်သက်၍ သတိပေးမှု ပြုလုပ်ခဲ့သည်။ ဂွါဒီယိုလာသည် မန်စီးတီးကို ရာသီအစ ရလဒ်ကောင်းများရရှိအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သော်လည်း စပါးအသင်းအား ရှုံးနိမ့်ပြီးနောက် ဆက်တိုက်ဆိုသလို ရလဒ်များကျဆင်းလာပြီး လက်ရှိအမှတ်ပေးဇယား အဆင့်(၄)နေရာသို့ ရောက်ရှိနေသလို ပရီမီယာလိဂ် ပွဲစဉ်(၁၇)တွင်လည်း အာဆင်နယ်ကဲ့သို့ အင်အားကြီးအသင်းကြီးကို ရင်ဆိုင်ရဦးမည်ဖြစ်သည်။

**ရှိုင်းယန်ဟောဒင်**

# ဂါရတ်ဘယ်လရီ၊ လေတန်ဘိန်းစ်နှင့် မက်ဆင်ဟိုးလ်ဂိတ်တို့ အဲဗာတန်အသင်းနှင့် စာချုပ်သစ်များ ထပ်တိုးချုပ်ဆို

အဲဗာတန်အသင်း၏ အားထားရသည့် ကစားသမားများဖြစ်ကြသည့် ကွင်းလယ်ကစားသမား ဂါရတ်ဘယ်ရီ၊ နောက်တန်းကစားသမားများဖြစ်ကြသည့် လေတန်ဘိန်းစ်နှင့် မက်ဆင်ဟိုးလ်ဂိတ်တို့သည် အသင်းနှင့် စာချုပ်သစ်များ ထပ်တိုးချုပ်ဆိုခဲ့ကြကြောင်း သိရသည်။

အသက်(၃၅)နှစ်အရွယ်ရှိ ဂါရတ်ဘယ်ရီသည် ၂၀၁၈ ခုနှစ် ဇွန်လတိုင်အောင် အဲဗာတန်အသင်း၌ ဆက်ရှိနေမည့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး အသက်(၃၂)နှစ်အရွယ်ရှိ လေတန်ဘိန်းစ်သည် ၂၀၁၉ ခုနှစ် ဇွန်လအထိ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။ အသက်(၂၀)အရွယ်ရှိ လူငယ်ကစားသမားဟိုးလ်ဂိတ်မှာမူ အဲဗာတန်အသင်းနည်းပြ ရော်နယ်လ်ကိုးမန်းက ပရီမီယာလိဂ်တွင် ကစားခွင့်ပြုခဲ့ပြီး ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ဂါရတ်ဘယ်ရီသည် ပရီမီယာလိဂ်ပွဲစဉ်ပါဝင်ကစားမှုတွင် ပွဲအများဆုံးကစားခဲ့သည့် ကစားသမား များစာရင်းတွင် ချယ်လ်ဆီးကစားသမားဟောင်း လမ်းပတ်နှင့်အတူ အဆင့်(၂)နေရာ၌ ရပ်တည်နေသူဖြစ်ပြီး အက်စ်တွန်ဗီလာအသင်းတွင် ၁၁ နှစ်ကစားခဲ့ပြီး အဲဗာတန်အသင်းသို့ ၂၀၁၄ ခုနှစ်တွင် ရောက်ရှိလာခဲ့သူဖြစ်သည်။ **(ငွေကြယ်)**



## ဒေါ့မွန်အသင်းနှင့်အတူ ဂိုး(၁၀၀)မြောက်အဖြစ် အော့ဘာမီယန်သွင်းယူနိုင်ခဲ့

ဂါဘွန်ကြယ်ပွင့် အော့ဘာမီယန်သည် ဘွန်ဒက်လီဂါပွဲစဉ်(၁၆)အဖြစ် ဟော်ဖန်ဟိမ်းအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဒေါ့မွန်အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဒေါ့မွန်အသင်းနှင့်အတူ ဂိုး(၁၀၀)မြောက်အဖြစ် သွင်းယူနိုင်ခဲ့ပြီဖြစ်သည်။

အော့ဘာမီယန်သည် ဒေါ့မွန်အသင်းနှင့် ဟော်ဖန်ဟိမ်းအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည့် ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းသည် ၎င်းအတွက် ဒေါ့မွန်အသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်တွင် သွင်းဂိုး (၁၀၀) ပြည့်မြောက်ခဲ့ခြင်း ဖြစ်သည်။

အော့ဘာမီယန်သည် ၂၀၁၃ ခုနှစ်အတွင်းက စိန့်အက်တီယန်အသင်းမှ ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ဒေါ့မွန်အသင်းက အော့စ်ဘတ်အသင်းအား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပထမဆုံး သွင်းဂိုးကိုသွင်းယူနိုင်ခဲ့ခြင်းဖြစ်ကာ နောက်ဆုံးတွင် ဟက်ထရစ်သွင်းဂိုးပါသွင်းယူနိုင်ခဲ့သည်။

၂၀၁၄-၂၀၁၅ ဘောလုံးရာသီတွင် ၂၅ ဂိုး၊ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် ၃၉ ဂိုးသွင်းယူနိုင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၎င်း၏ စံချိန်မှာ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ အော့ဘာမီယန်သည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲအရပ်ရပ်တွင် ၂၁ ပွဲပါဝင်ကစားပေးထားပြီး သွင်းဂိုး ၂၀ သွင်းယူထားနိုင်ခဲ့သည်။ **(ငွေကြယ်)**

## ဂျူဗင်တပ်ဂိုးသမား ဘတ်ဖွန်ရွေးချယ်တဲ့ ဂိုးသမားတွေအတွက်ကြောက်စရာ အကောင်းဆုံးတိုက်စစ်မှူး

ဂျူဗင်တပ် ဝါရင့်ဂိုးသမား ဘတ်ဖွန်က လတ်တလော ပြိုင်ဘက်ကစားသမားများအတွက် ထိတ်လန့်ဖွယ်အကောင်းဆုံး တိုက်စစ်မှူးအဖြစ် ရိုးမားတိုက်စစ်မှူး အေဒင်ဇက်ကို ရွေးချယ်ပေးခဲ့သည်။ ဘတ်ဖွန်သည် မက်ဆီ၊ ဆွာရက်ဇ်၊ နေမာနဲ့ စီရိုနယ်လ်ဒိုတို့ကို ပြိုင်ဘက်အဖြစ်ရင်ဆိုင်ခဲ့ဖူးသော်လည်း လက်ရှိအချိန်တွင် ဇက်ကိုသာလျှင် ပင်နယ်တီဧရိယာအတွင်း အန္တရာယ်အပေးနိုင်ဆုံး တိုက်စစ်မှူးဖြစ်ကြောင်း ယုံကြည်နေခြင်းဖြစ်သည်။ ဇက်ကိုသည် ယခုနှစ် ဘောလုံးရာသီ ပြိုင်ပွဲစုံ ၂၃ပွဲတွင် သွင်းဂိုး ၁၇ဂိုးအထိ သွင်းယူထားနိုင်ပြီး စီးရီးအေထိပ်တန်းဂိုးသွင်းရှင်တစ်ဦးအဖြစ်လည်း ရပ်တည်နေသူဖြစ်သည်။

ဘတ်ဖွန်က တိုက်စစ်မှူး ဇက်ကိုမှာ နည်းပြ စပယ်လက်တီ၏ နည်းဗျူဟာကို အပြည့်အဝ နားလည်သူဖြစ်သလို စီးရီးအေဘောလုံးလောကနှင့် လျှင်လျှင်မြန်မြန် အသားကျအောင်စွမ်းဆောင်နိုင်သူဖြစ်ကြောင်း ချီးကျူးစကားဆိုခဲ့သည်။ ဇက်ကိုသည် ၂၀၁၁ ခုနှစ်တွင် ဘွန်ဒက်စ်လီဂါကလပ် ဝုဖ်ဘတ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင်၂၇သန်းဖြင့် ရောက်ရှိလာပြီး ပွဲပေါင်း ၁၄၀ ဝင်ရောက်ကစားပေးခဲ့သော်လည်း မန်စီးတီးပထမပွဲထွက်စာရင်းတွင် ပါဝင်ခွင့်မရခြင်းကြောင့် ရိုးမားအသင်းသို့ ပေါင် ၁၀ သန်းဖြင့် ပြောင်းရွှေ့လာခဲ့ပြီးနောက် အကောင်းဆုံး ခြေစွမ်းတစ်ရပ်ကို အီတလီမြေတွင် ပြသနေသူဖြစ်သည်။

**ရှိုင်းယန်ဟောဒင်**



# ရီးယဲလ်မက်ဒရစ် ထာဝရအကောင်းဆုံး ကစားသမားများထဲတွင် စီရိုနယ်လ်ဒိုပါဝင်ဟု ဒယ်ဘော့စကေး ယုံကြည်

**ရီးယဲလ်မက်ဒရစ်အသင်းနှင့် စပိန်အသင်းနည်းပြဟောင်း ဒယ်ဘော့စကေးက ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုမှာ ရီးယဲလ်အသင်း၏ ထာဝရအကောင်းဆုံး ကစားသမားတစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။**



စီရိုနယ်လ်ဒိုသည် ၂၀၀၉ ခုနှစ်တွင် မန်ယူအသင်းမှ ရီးယဲလ်သို့ ထိုအချိန်က ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ ဖြင့် ရောက်ရှိလာခဲ့ပြီးနောက် လာလီဂါဖလားတစ်ကြိမ်၊ ကိုပါဒယ်ရေးဖလားတစ်ကြိမ်နှင့် ချန်ပီယံလိဂ်ဖလားနှစ်ကြိမ် ဆွတ်ခူးပေးထားနိုင်သူဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် သမိုင်းစဉ်ဆက် ကမ္ဘာကျော်ကစားသမားများစွာကို ပိုင်ဆိုင်ဖူးသည့်အသင်းဖြစ်ခြင်းကြောင့် မည်သူရီးယဲလ်၏ အကောင်းဆုံးကစားသမားဖြစ်သည်ကို ရွေးချယ်ရန် ခက်ခဲမည်ဖြစ်သော်လည်း စီရိုနယ်လ်ဒိုမှာ ထာဝရအကောင်းဆုံး တစ်ဦးဖြစ်သည်ဆိုသည်မှာ သေချာကြောင်း ဒယ်ဘော့စကေးက ယုံကြည်သည်။

ရီးယဲလ်မက်ဒရစ်ထာဝရအကောင်းဆုံး ကစားသမားငါးဦးအဖြစ် ဒီစတီဖာနို၊ပွတ်စကပ်စ်၊ ဟူဂိုဆန်းချက်ဇ်၊ ရာအူးလ်နှင့် ဇီဒန်းတို့ကို ယေဘုယျအားဖြင့် သတ်မှတ်နိုင်သော်လည်း စီရိုနယ်လ်ဒို၏ အရည်အသွေးမှာ အဆိုပါကစားသမားများ၏ ခြေရာကို နင်းနိုင်သူဖြစ်ကြောင်းလည်း အယ်ဘောစကေးက ဆိုသည်။ စီရိုနယ်လ်ဒိုသည် ရီးယဲလ်မက်ဒရစ်အတွက် ၂၄၇ပွဲတွင် သွင်းဂိုး၂၇၀အထိသွင်းယူနိုင်ခဲ့ရာ ဒီစတီဖာနို၏ ၃၉၆ပွဲ ၃၀၈ဂိုး၊ ပွတ်စကပ်စ်၏ ၂၆၂ပွဲ ၂၄၂ဂိုး၊ ရာအူးလ်၏ ၇၄၁ပွဲ ၃၂၃ဂိုး၊ ဟူဂိုဆန်းချက်ဇ် ၂၈၂ပွဲ ၂၀၂ဂိုး စံချိန်များထက် သာလွန်နေခဲ့သည်။

**ရှိုင်းယန်ဟောဒင်**

# တူးမြောင်းဥပဒေကြမ်း

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

(ခ) လယ်ကြားမြောင်းကရေများ အကျိုးမဲ့စီးထွက်ခြင်းမှ ကာကွယ်ရန် လယ်ကြားမြောင်းတစ်ခုခုကို သင့်လျော်သည့်ထိန်းသိမ်းပြုပြင်မှု မရှိခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တူးမြောင်းအရာရှိက ပိတ်သိမ်းရပ်ဆိုင်းရန် အခါအားလျော်စွာ ညွှန်ကြားခြင်း။

၃၀။ ပြည်ထောင်စုကစီမံခန့်ခွဲသော တူးမြောင်း သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ စီမံခန့်ခွဲသော တူးမြောင်းများတွင် သက်ဆိုင်ရာ စီမံခန့်ခွဲသူများက ထိန်းကွပ်စီမံခြင်းငှာ မစွမ်းဆောင်နိုင်သည့် အကြောင်းတစ်စုံတစ်ရာကြောင့်သော်လည်းကောင်း၊ တူးမြောင်းကိုပြုပြင်ပြောင်းလဲမှုကြောင့်သော်လည်းကောင်း၊ တူးမြောင်းတစ်ခုမှရေကိုမရရှိသည့်အတွက် သို့မဟုတ် ပုဒ်မ ၂၉ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ပိတ်ပင်ရပ်ဆိုင်းခြင်းခံရသည့်အတွက်သော်လည်းကောင်း၊ ဆုံးရှုံးမှုအပေါ် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတွင် ပေးလျော်ရန်တာဝန်မရှိစေရ။ သို့ရာတွင် ထိုကဲ့သို့ ဆုံးရှုံးမှုခံစားရသူသည် ဝန်ကြီးဌာနကခွင့်ပြုထားသည့်အထွေထွေလုပ်ငန်းသုံး ဆည်မြောင်းရေအသုံးပြုခြင်းအတွက် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက သတ်မှတ်သည့် စံနှုန်းတစ်ခုဖြင့် ကောက်ခံသော ရေဖိုးငွေများ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုရန် တောင်းဆိုနိုင်သည်။

### အခန်း (၅)
### တူးမြောင်းရေအသုံးပြုသူများ၏ တာဝန်များ

၃၁။ တူးမြောင်းတစ်ခုက ပေးဝေသည့်ရေမှာ သီးနှံတစ်သီးစာ ရေသွင်းစိုက်ပျိုးမှုအတွက် ပေးဝေခြင်းဖြစ်လျှင် ထိုရေကို ထိုသီးနှံရင့်မှည့်ချိန်အထိ အသုံးပြုရမည်။ သို့ရာတွင် တစ်နှစ်အတွင်း နှစ်မျိုး သို့မဟုတ် နှစ်မျိုးထက်ပိုသည့်သီးနှံကို ရေသွင်းစိုက်ပျိုးရေးအတွက် ရေပေးဝေခြင်းဖြစ်လျှင် ရေစတင်ပေးသွင်းသည့်အချိန်မှ တစ်နှစ်အထိ အသုံးပြုနိုင်သည်။

၃၂။ တူးမြောင်း သို့မဟုတ် လယ်ကြားမြောင်းကရေကို ခွင့်မပြုသောနည်းလမ်းဖြင့် သွင်းယူကြောင်းတွေ့ရှိရပြီး ရေစီးဝင်သောလယ်ယာမြေများ သီးနှံဖွံ့ဖြိုးအောင်မြင်ပါက ယင်းလယ်ကြားမြောင်းအသုံးပြုသူသည် ကျသင့်သည့်ရေခွန်ကို ပေးဆောင်ရမည်။ ရေခွန်ပေးဆောင်ရာတွင် တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ပေးဆောင်နိုင်သည်။

၃၃။ လယ်ကြားမြောင်းအသုံးပြုသူတို့သည် ရေသွင်းစိုက်ပျိုးရန်ပေးဝေသည့် တူးမြောင်းရေအတွက် ကျသင့်သည့်ရေခွန်များကို သတ်မှတ်ချက်နှင့်အညီ ပေးဆောင်ရမည်။

၃၄။ တူးမြောင်းကပေးသောရေကို လယ်ကြားမြောင်းတစ်ခုကဖြတ်၍ လေလွင့်စွာစီးဆင်းစေခဲ့လျှင် ထိုလယ်ကြားမြောင်းကပေးသောရေအတွက် ကျသင့်သည့်ရေခွန်ကို ယင်းလယ်ကြားမြောင်းနှင့်သက်ဆိုင်သူများက ကျခံပေးသွင်းရမည်။

၃၅။ ရေကိုအခွင့်မဲ့သုံးစွဲမှုနှင့် ရေဖြုန်းတီးလေလွင့်မှုတို့အတွက် တာဝန်ရှိသူကို ပြစ်ဒဏ်ကျခံစေရမည့်ပြင် ပုံမှန်ကောက်ခံသောရေခွန်လည်း စည်းကြပ်ကောက်ခံရမည်။

### အခန်း (၆)
### ကျေးရွာတူးမြောင်းနှင့်ကျေးရွာရေနုတ်မြောင်းလုပ်ငန်းများ

၃၆။ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးသည် ကျေးရွာတူးမြောင်း သို့မဟုတ် ကျေးရွာရေနုတ်မြောင်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သိရှိအောင် စုံစမ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အတည်ပြုချက်ဖြင့် မှတ်တမ်းတင်၍တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီကညွှန်ကြားထားသည့် နည်းလမ်းအတိုင်း ထုတ်ပြန်ကြေညာရမည် -

(က) တူးမြောင်း၊ ရေနုတ်မြောင်း၊ တာတမံများ၊ ရေမြောင်း၊ ရေလွှဲဆည်၊ ရေတံခါးနှင့် ယင်းတို့နှင့်ဆက်စပ်သော လုပ်ငန်းများ၏ အမျိုးအမည်၊

(ခ) ပုဒ်မခွဲ (က)ပါ လုပ်ငန်းများမှအကျိုးခံစားခွင့်ရရှိနိုင်သည့် မြေများနှင့် ယင်းမြေများပေါ်တွင် ကောက်ခံနိုင်သော ရေခွန်ရှိလျှင် ၎င်းရေခွန်၊

(ဂ) ပုဒ်မခွဲ(က)ပါ လုပ်ငန်းများနှင့် ယင်းလုပ်ငန်းများကို အထောက်အကူပြုသည့် တာတမံများ၊ ရေမြောင်းများ၊ ရေလွှဲဆည်များ၊ ရေတံခါးများနှင့် အခြားလုပ်ငန်းများကို ထိရောက်စွာထိန်းသိမ်းရေးနှင့် ပြုပြင်ရေးတို့အတွက် ရန်ပုံငွေများ စုဆောင်းရာတွင် လူပုဂ္ဂိုလ်များ သို့မဟုတ် ကျေးရွာများက အဆိုပါရန်ပုံငွေများကို တစ်ဦးချင်းသော်လည်းကောင်း ၊ ပူးတွဲ၍သော်လည်းကောင်း ရန်ပုံငွေထည့်ဝင်ရန် တာဝန်။

### အခန်း (၇)
### ရေနုတ်မြောင်းအဖြစ် ကြေညာခြင်း

၃၇။ ဝန်ကြီးဌာနသည် မြစ်၊ ချောင်း သို့မဟုတ် ရေနုတ်မြောင်းတစ်ခုခုကို တားဆီးပိတ်ဆို့နေခြင်းကြောင့် အများပြည်သူဆိုင်ရာမြေ၊ အများပြည်သူကျန်းမာရေး သို့မဟုတ် အများပြည်သူလွယ်ကူသက်သာမှုတစ်ခုခုကို ထိခိုက်နစ်နာနိုင်သည်ဟုယူဆလျှင် ယင်းမြစ်၊ ချောင်း သို့မဟုတ် ရေနုတ်မြောင်း၏ မည်သည့်အစိတ်အပိုင်းသည် ရေနုတ်မြောင်းဖြစ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

၃၈။ (က) ပုဒ်မ ၃၇ အရ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးပါက ခရိုင်တူးမြောင်းအရာရှိ သို့မဟုတ် ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနကအခွင့်အာဏာအပ်နှင်းခြင်းခံရသူသည် အောက်ပါအမိန့်တစ်ရပ်ရပ်ထုတ်ပြန်နိုင်သည်-

(၁) ရေနုတ်မြောင်းတွင် တားဆီးပိတ်ဆို့နေသည့်အရာကို အမိန့်တွင် ဖော်ပြသတ်မှတ်ထားသည့် အချိန်ကာလအတွင်း ဖယ်ရှားရန်၊

(၂) ရေနုတ်မြောင်းလုပ်ငန်းတွင် တားဆီးပိတ်ဆို့နေသည့်အရာကို သတ်မှတ်သည့်နည်းလမ်းအတိုင်း အမိန့်တွင်ဖော်ပြသတ်မှတ်သည့်အချိန်အတွင်း ပြုပြင်ရန်၊

(၃) မိမိထံမှ စာဖြင့်ရေးသားထားသည့် သဘောတူညီချက်ကို ဦးစွာ ရယူခြင်းမပြုဘဲ ရေနုတ်မြောင်းတွင် တားဆီးပိတ်ဆို့သည့်အရာတစ်ခုခုပြုလုပ်တည်ဆောက်မှုကို တားမြစ်ရန်။

(ခ) ပုဒ်မခွဲ (က) အရ အမိန့်ချမှတ်ခြင်းခံရသူက သတ်မှတ်ထားသည့်ကာလအတွင်း အမိန့်ကိုလိုက်နာရန် ပျက်ကွက်လျှင် တားဆီးပိတ်ဆို့နေသည့်အရာကို အဆိုပါ အမိန့်ထုတ်ပြန်သူ ကိုယ်တိုင်ဖယ်ရှားခြင်း သို့မဟုတ် ပြုပြင်ခြင်း ပြုနိုင်သည်။ ထိုသို့ဖယ်ရှားခြင်း သို့မဟုတ် ပြုပြင်ခြင်းပြုရာတွင် ကုန်ကျသည့် ကုန်ကျစရိတ်များကို အမိန့်ထုတ်ပြန်ခြင်းခံရသူထံကသော်လည်းကောင်း၊ ထိုသူ၏ အကျိုးသက်ဆိုင်သူထံကသော်လည်းကောင်း ကောက်ခံနိုင်သည်။

၃၉။ ပုဒ်မ ၃၇ အရ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာကိုလိုက်နာလျက် တားဆီးပိတ်ဆို့နေသည့်အရာကို ဖယ်ရှားခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် အဆိုပါ လုပ်ငန်းများကို ဆောင်ရွက်ခြင်းကြောင့် နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်း၍ လျော်ကြေးတောင်းဆိုလိုသူသည် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်သည်။ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးသည် လျော်ကြေးတောင်းဆိုမှုအတွက် စုံစမ်းစစ်ဆေး၍ လျော်ကြေးတောင်းဆိုသူအား ပေးလျော်ရမည့် လျော်ကြေးငွေပမာဏကို သတ်မှတ်ရမည်။

၄၀။ (က) လျော်ကြေးတောင်းဆိုလိုသူသည် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက သတ်မှတ်သောလျော်ကြေးကို မကျေနပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီထံ အယူခံဝင်ရောက်နိုင်သည်။

(ခ) လျော်ကြေးငွေနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

### အခန်း(၈)
### တူးမြောင်းနှင့် ရေနုတ်မြောင်းအရေးပေါ်လုပ်ငန်းများအတွက် လုပ်သားများဆင့်ခေါ်ခြင်း

၄၁။ တူးမြောင်း သို့မဟုတ် ရေနုတ်မြောင်းတစ်ခုခု ကျိုးပေါက်ပျက်စီးမှု အန္တရာယ်ကျရောက်လျှင် သို့မဟုတ် အန္တရာယ်ကျရောက်နိုင်လျှင် အောက်ပါတို့ကို လုပ်ကိုင်ဆောင်ရွက်ရန် ဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးသို့ ညွှန်ကြားနိုင်သည်-

(က) အန္တရာယ်ကျရောက်သည့် သို့မဟုတ် အန္တရာယ်ကျရောက်နိုင်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာများမှာ မည်သည့်ရပ်ကွက် သို့မဟုတ် ကျေးရွာများဖြစ်ကြောင်း စုံစမ်းရန်၊

(ခ) အရေးပေါ်လုပ်ငန်းများအတွက် လုပ်အားပေးဆောင်ရွက်နိုင်မည့် လူဦးရေစာရင်းကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကပြုစု၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးကတစ်ဆင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးထံ တင်ပြရန်။

၄၂။ (က) ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးသည် တူးမြောင်း သို့မဟုတ် ရေနုတ်မြောင်း တစ်ခုခု ကျိုးပေါက်ပျက်စီးမှုအန္တရာယ်ကျရောက်လျှင် ကြီးမားစွာထိခိုက်ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်စေနိုင်သည့် ကိစ္စရပ်အတွက် ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်အားပေးနိုင်မည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ပြုစုတင်ပြသည့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) ပါ လုပ်သားစာရင်းကို ခရိုင်တူးမြောင်းအရာရှိထံ ပေးပို့ရမည်။

(ခ) ခရိုင်တူးမြောင်းအရာရှိသည် တူးမြောင်း သို့မဟုတ် ရေနုတ်မြောင်း တစ်ခုခု ကျိုးပေါက်ပျက်စီးမှုအန္တရာယ်ကျရောက်လျှင် ကြီးမားစွာ ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်စေနိုင်သည့် ကိစ္စရပ်အတွက် လုပ်အားပေးမည့်လုပ်သား လိုအပ်ပါက ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) ပါ လုပ်အားပေးမည့်သူစာရင်းအရ လုပ်အားပေးမည့်သူများကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ တောင်းခံရမည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက လုပ်အားပေးရန် ဆင့်ခေါ်ခြင်းခံရသူများသည် ခရိုင်တူးမြောင်းအရာရှိ သို့မဟုတ် ၎င်းကအာဏာအပ်နှင်းခြင်းခံရသူ မြို့နယ်တူးမြောင်းအရာရှိ၏ ညွှန်ကြားချက်အတိုင်း လုပ်အားပေးခြင်းဖြင့် ကူညီရမည်။

(ဃ) ခရိုင်တူးမြောင်းအရာရှိ သို့မဟုတ် ဤကိစ္စအလို့ငှာ ခရိုင်တူးမြောင်းအရာရှိ၏ အခွင့်အာဏာ အပ်နှင်းခြင်းခံရသူသည် အရေးပေါ်လုပ်ငန်းများဆောင်ရွက်ရာ အနီးပတ်ဝန်းကျင်ရှိ လိုအပ်သည့် ပစ္စည်းများဖြစ်သော သစ်ပင်၊ လဲနေသောသစ်ပင်၊ ဝါးပင်၊ သစ်သား၊ ဖျာ၊ ကြိုး၊ မြေကြီးဖို့ရာတွင် အသုံးဝင်သော ဂုန်နီအိတ်နှင့် အလားတူအိတ်အစရှိသည့် ပစ္စည်းတို့ကို လက်ရောက်ရယူအသုံးပြုခြင်းနှင့် ဖယ်ရှားခြင်းပြုနိုင်သည်။

၄၃။ ခရိုင်တူးမြောင်းအရာရှိသည် ပုဒ်မ ၄၁ အရ လုပ်အားပေးသူများအတွက်လည်းကောင်း၊ ပစ္စည်းကိရိယာများကို ရယူသုံးစွဲထားခြင်းအတွက်လည်းကောင်း၊ ပစ္စည်းများဖယ်ရှားရာတွင် ပျက်စီးဆုံးရှုံးမှုကြောင့် လည်းကောင်း ကျသင့်သည့် အခကြေးငွေကို ဒေသအလိုက်ဖြစ်ပေါ်နေသည့် အမြင့်ဆုံးဈေးနှုန်းအောက် မနိမ့်သောနှုန်းထားဖြင့် သက်ဆိုင်သူများအား ဆောလျင်စွာ ထုတ်ပေးရမည်။ ပေးချေသည့်ငွေပမာဏနှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

### အခန်း (၉)
### တားမြစ်ချက်များ

၄၄။ မည်သူမျှ တူးမြောင်း သို့မဟုတ် လယ်ကြားမြောင်းတစ်ခုကို ပျက်စီးစေခြင်း၊ ပြောင်းလဲစေခြင်း၊ ချဲ့ထွင်ခြင်း သို့မဟုတ် တားဆီးပိတ်ဆို့ခြင်း မပြုရ။

၄၅။ မည်သူမျှ တူးမြောင်း သို့မဟုတ် လယ်ကြားမြောင်းတစ်ခုမှရေပေးဝေမှု သို့မဟုတ် ယင်းတို့မှသော်လည်းကောင်း၊ ယင်းတို့ကိုဖြတ်၍သော်လည်းကောင်း၊ ယင်းတို့အပေါ်မှသော်လည်းကောင်း ပုံမှန်ရေစီးဆင်းမှုကို နှောင့်ယှက်ခြင်း၊ တိုးတက်များပြားအောင်ပြုလုပ်ခြင်း သို့မဟုတ် ယုတ်လျော့အောင်ပြုလုပ်ခြင်း မပြုရ။

၄၆။ မည်သူမျှ တူးမြောင်း သို့မဟုတ် လယ်ကြားမြောင်းတစ်ခုတွင် အန္တရာယ်ဖြစ်စေရန်၊ ပျက်စီးဆုံးရှုံးမှုဖြစ်စေရန် သို့မဟုတ် အသုံးဝင်မှုလျော့ကျစေရန် မြစ် သို့မဟုတ် ချောင်း တစ်ခုခုက ရေစီးဆင်းမှုကို နှောင့်ယှက်ခြင်း သို့မဟုတ် ပြောင်းလဲစေခြင်း မပြုရ။

၄၇။ မည်သူမျှ လယ်ကြားမြောင်းတစ်ခုကို ထိန်းသိမ်းရန် တာဝန်ရှိသော်လည်း လယ်ကြားမြောင်းကရေများ အကျိုးမဲ့ဖြစ်စေခြင်းမှ ထိန်းသိမ်းကာကွယ်ရန် ပျက်ကွက်ခြင်း သို့မဟုတ် အဆိုပါ လယ်ကြားမြောင်းက ရေပေးဝေမှုကို နှောင့်ယှက်ခြင်း သို့မဟုတ် ခွင့်ပြုချက်မရရှိသည့်နည်းလမ်းဖြင့် အဆိုပါရေကို အသုံးပြုခြင်း မပြုရ။

၄၈။ မည်သူမျှ တူးမြောင်းတစ်ခုမှရေကို အသုံးဝင်မှုလျော့နည်းစေရန် မသန့်ရှင်းအောင် သို့မဟုတ် ညစ်ညမ်းအောင် ပြုလုပ်ခြင်းမပြုရ။

၄၉။ မည်သူမျှ တည်ဆဲဥပဒေကိုဆန့်ကျင်ဖောက်ဖျက်၍ တူးမြောင်းအတွင်းသို့ ရေယာဉ်တစ်စီးစီးကို ဝင်ရောက်စေခြင်း သို့မဟုတ် သွားလာစေခြင်း သို့မဟုတ် ရပ်နားနေစေခြင်း မပြုရ။

၅၀။ မည်သူမျှ ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အခွင့်အမိန့်အရ စိုက်ထူထားသည့် ရေပြင်အနိမ့်၊ အမြင့်တိုင်းမှတ်တိုင် သို့မဟုတ် ရေတိုင်းမှတ်တိုင်တစ်ခုခုကို ဖျက်ဆီးခြင်း သို့မဟုတ် ရွှေ့ပြောင်းဖယ်ရှားခြင်း မပြုရ။

၅၁။ မည်သူမျှ တူးမြောင်း သို့မဟုတ် ရေနုတ်မြောင်း၏လုပ်ငန်းများ၊ ဘောင်များ သို့မဟုတ် ရေမြောင်းများကိုဖြတ်သန်းခြင်း၊ တိရစ္ဆာန်များ သို့မဟုတ် ရေယာဉ်များကို ဖြတ်သန်းသွားလာစေခြင်း မပြုရ။

၅၂။ မည်သူမျှ တူးမြောင်းဘောင်များပေါ်တွင် တိရစ္ဆာန်များလွှတ်ကျောင်းစားကျက်ချခြင်း မပြုရ။

၅၃။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

### အခန်း (၁၀)
### ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၄။ မည်သူမဆို ပုဒ်မ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၅၀ နှင့် ၅၃ တို့ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ကျပ်တစ်သိန်းငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၅။ မည်သူမဆို ပုဒ်မ ၄၉၊ ၅၁ နှင့် ၅၂ တို့ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

### အခန်း (၁၁)
### အထွေထွေ

၅၆။ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဃ) တွင် ဖော်ပြထားသော အခွင့်အာဏာအပ်နှင်းခြင်းခံရသူတိုင်းသည် ရာဇသတ်ကြီး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ပါ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၇။ ပုဒ်မ ၄၄ မှ ၅၃ ထိပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၈။ ဤဥပဒေအရ ပေးဆောင်ရမည့် မည်သည့်ငွေကိုမဆို ပေးဆောင်ရန်ကျရောက်သည့် နေ့ရက်နောက်ပိုင်းတွင် ပေးဆောင်ရန်ကျန်ရှိနေပါက ယင်းငွေကို ပေးဆောင်ရန်တာဝန်ရှိသူထံက မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံနိုင်သည်။

၅၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၀။ The Canal Act (၁၉၀၅ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေ အမှတ် ၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---














# ခေါင်းဆောင်မှုစွမ်းပကား အမြော်အမြင်တရား

ကိုရင်ညြ

အမှန်တရားမှအပ အရာရာပြောင်းလဲနေတတ်ခြင်းသည် လောကနိယာမဖြစ်၏။ စိန်ခေါ်မှုများနှင့်အညီ ရုန်းကန်လှုပ်ရှားမှုများဖြင့် ကမ္ဘာကြီး ပိုမိုတိုးတက်အောင် စွမ်းဆောင်ရင်း အပြုသဘောဆောင်သော အပြောင်းအလဲများဖြစ်လာအောင် ကြိုးပမ်းစွမ်းဆောင်ခဲ့သူ လူသားတစ်ဦးသည်ကား ကိုရီးယားလူမျိုး အမျိုးကောင်းသားတစ်ဦးဖြစ်သူ ဘန်ကီမွန်း ဆိုသူပေတည်း။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ်အဖြစ် ဒီဇင်ဘာ ၁၂ ရက်တွင် အန်သော်နျူးဂူးတဲရက်ရှ် ကျမ်းသစ္စာကျိန်ဆိုမှုနှင့်အတူ ကြီးလေးလှသည့် ရာထူးတာဝန်ကို ပခုံးပြောင်းပေးအပ်ရန် အသင့်ရှိနေသူ ဘန်ကီမွန်းသည် ကမ္ဘာ့မိသားစု အဖွဲ့အစည်းကြီး၏ အကြီးအကဲအဖြစ် ၁၀ နှစ်ကြာ တာဝန်ယူခဲ့သူပင် ဖြစ်လေသည်။

၂၀၀၇ ခုနှစ်တွင် ကိုဖီအာနန်ထံမှ ရာထူးတာဝန်ကို လွှဲပြောင်းရယူခဲ့သူ ဘန်သည် ကုလသမဂ္ဂ၏ အဋ္ဌမမြောက် အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ကျေပွန်ခဲ့ပြီးလျှင် ယခုနှစ်ကုန်တွင် သူ၏ တာဝန်ကို ဂူးတဲရက်ရှ်ထံ လွှဲပြောင်းပေးတော့မည်ဖြစ်သည်။

အတွင်းရေးမှူးချုပ်အဖြစ် တာဝန်မထမ်းဆောင်မီက သံတမန်တစ်ဦးအဖြစ် ရပ်တည်ခဲ့သူ ဘန်သည် တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂတို့တွင် တာဝန်ထမ်းဆောင်ခဲ့လေသည်။

ဘန်သည် တက္ကသိုလ်မှ ဘွဲ့ရသည့်နှစ်မှာပင် သံတမန်လောကအတွင်းသို့ ဝင်ရောက်ခဲ့ပြီး ပထမဆုံးတာဝန်ကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် စတင်ထမ်းဆောင်ခဲ့သည်။

ရိုးသား၊ နိုးကြား၊ ကြိုးစားသူ ဘန်သည် ၂၀၀၄ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၆ ခုနှစ် နိုဝင်ဘာလအထိ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးအတွက် ကုလသမဂ္ဂအထွေထွေညီလာခံကဂင်းကို ရွေးချယ်တင်မြှောက်ခဲ့လေသည်။

### ဘဝအတွေ့အကြုံ

ကောင်းမြတ်သော ကြိုးပမ်းအားထုတ်မှု(ပယောဂလမ္ဘတ္တိ)နှင့် ပြည့်စုံသူအဖြစ် ရှုမြင်ခံရသူ ဘန်ကီမွန်းသည် မကြာသေးမီက ဗွီအိုအေ သတင်းဌာနနှင့် တွေ့ဆုံခဲ့ရာတွင် ကုလသမဂ္ဂ၏ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးအဖြစ် ၁၀ နှစ်ကြာ ဖြတ်သန်းခဲ့သည့် သူ၏ဘဝအတွေ့အကြုံကို ခြုံငုံကာ ရှင်းပြခဲ့သည်။

ကုလသမဂ္ဂ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် နှစ်ကာလများကို သမိုင်းပညာရှင်တို့က အဆုံးအဖြတ်ပေးလိမ့်မည်၊ ကမ္ဘာ့ဆင်းရဲမွဲတေမှု အဆုံးသတ်စေရေးအတွက် သူကြိုးပမ်းခဲ့ရာတွင် သူ့ကိုယ်သူ အားရကျေနပ်မိသည်ဟု ဘန်က ဆိုသည်။

၂၀၃၀ ပြည့်နှစ်ထက်နောက်မကျဘဲ ကမ္ဘာ့ပြည်သူပြည်သားများအားလုံး ပိုမို၍ ကျန်းမာကြံ့ခိုင်သော၊ ပိုမို၍ ကြွယ်ဝချမ်းသာသော၊ ပိုမို၍ ငြိမ်းချမ်းသာယာသော ကမ္ဘာကြီးအတွင်း ကောင်းမွန်စွာ နေထိုင်ကြရမည်ဟု မိမိမျှော်လင့်ကြောင်း ဘန်က သူ၏ ယုံကြည်ချက်ကို ဖွင့်ဟခဲ့လေသည်။

ပါရီရာသီဥတု သဘောတူညီချက် ပေါ်ထွက်လာစေရေးအတွက် သံတမန်ရေးအရ ကြိုးပမ်းအားထုတ်ခဲ့မှုများနှင့် ပတ်သက်၍ ကျေနပ်နေသူမှာ ဘန်ဖြစ်သည်။ နိုဝင်ဘာလမှစ၍ အာဏာသက်ဝင်လာခဲ့သော ပါရီသဘောတူညီချက်သည် အပူချိန်မြင့်တက်လာနေမှုကို ပြန်လည်လျှော့ချနိုင်ရန် ရည်မှန်းပေသည်။

ပါရီရာသီဥတု သဘောတူညီချက်ရရှိရေးအတွက် နိုင်ငံရေးအရ စုစည်းအားဖြင့် လုပ်ကိုင်ခဲ့ရပုံ၊ ကမ္ဘာ့နိုင်ငံများအတွင်း ပိုမိုခိုင်မာသော မိတ်ဖက်ဖွဲ့မှုဖြင့် လုပ်ကိုင်ခဲ့ရပုံ၊ အစိုးရအဖွဲ့ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အရပ်ဘက် အဖွဲ့အစည်းများအတွင်း အသိအမြင် မြှင့်တင်ပေးခဲ့ရပုံတို့ကို ဘန်က ပြန်ပြောင်းသုံးသပ်ပြလေသည်။

ဘန်၏ ဦးဆောင်မှုဆောက်တွင် ကုလသမဂ္ဂအနေဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများ တိုးတက်အောင်၊ သေဒဏ်စီရင်ချက် အဆုံးသတ်စေအောင်၊ အကြမ်းဖက်မှု ပပျောက်စေအောင်၊ လိင်တူချစ်သူများအပေါ် ခွဲခြားဆက်ဆံမှု မရှိအောင် လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ သို့ရာတွင် ဆက်လက်လုပ်ကိုင်စရာများ ကျန်ရှိနေဆဲဖြစ်ကြောင်း ဘန်က ပြောကြားခဲ့သည်။

ပဋိပက္ခများ မချုပ်ငြိမ်းသေးသော ဆီးရီးယား၊ တောင်ဆူဒန်၊ ယီမင်၊ ဗဟိုအာဖရိကသမ္မတနိုင်ငံစသည့် နိုင်ငံများ၌ ဖြေရှင်းချက်များရရှိရေးအတွက် ဆက်လက်ကြိုးပမ်းလုပ်ကိုင်ကြရန် ဘန်က တိုက်တွန်းသည်။ ပဋိပက္ခဖြစ်ပွားနေသော ဒေသများရှိ ပြည်သူတို့အတွက် စည်းလုံးညီညွတ်မှုကို မိမိတို့ ပြသနိုင်ရမည်ဖြစ်သော်လည်း ကမ္ဘာ့ခေါင်းဆောင်အချို့က ဘေးဒုက္ခရောက်နေသော ပြည်သူတို့၏ ခံစားချက်များအား မျှဝေခံစားလိုစိတ် မရှိပုံကို မိမိတွေ့မြင်ရသဖြင့် ထိတ်လန့်တုန်လှုပ်မှု ဖြစ်ရပါသည်ဟု ဘန်က ဆိုသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခြင်းမရှိမီ တောင်ကိုရီးယားနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးရာထူးတွင် ရှိနေစဉ်ကာလအတွင်း ကိုရီးယားကျွန်းဆွယ်တင်းမာမှုနှင့် ပတ်သက်၍ စိတ်သောက ပွေခဲ့ရသူမှာ ဘန်ဖြစ်သည်။ မြောက်ကိုရီးယားက နျူကလီယနှင့် ဒုံးကျည်လက်နက် စမ်းသပ်မှုများ၏ အကျိုးဆက်အဖြစ် တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံမှာ စိတ်နှလုံးမသာမယာဖြစ်ခဲ့ကြရလေသည်။

### သံတမန်ရေး ဆွေးနွေးမှု

ဘန်သည် လွန်ခဲ့သည့်နှစ်က မြောက်ကိုရီးယားသို့သွားရန် ကြိုးပမ်းခဲ့သေးသည်။ သို့ရာတွင် မြောက်ကိုရီးယား ခေါင်းဆောင်များက နောက်ဆုံးအချိန်ကပ်၍ ဖျက်သိမ်းခဲ့မှုကြောင့် ဘန်မှာ သံတမန်ရေး ဆွေးနွေးမှုပြုလုပ်နိုင်မည့် အခွင့်အလမ်း ဆုံးရှုံးခဲ့ရသည်ဆို၏။

ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှု လျှော့ချနိုင်ရေး၊ ကိုရီးယားနှစ်နိုင်ငံ ပြန်လည်သင့်မြတ်မှု အလားအလာ တိုးတက်စေရေးတို့အတွက် မိမိတစ်တပ်တစ်အား ကြိုးပမ်းခဲ့သော်လည်း မြောက်ကိုရီးယားဘက်မှ တစ်ဖက်သတ် ဖျက်သိမ်းမှုပြုလုပ်ခဲ့ခြင်းသာဖြစ်ကြောင်း ဘန်က သူ့အတွေ့အကြုံနှင့် ပတ်သက်၍ ရှင်းပြလေသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူး သက်တမ်း ကုန်ဆုံးသည့်အခါ တောင်ကိုရီးယားနိုင်ငံ၏ သမ္မတအဖြစ် သူတာဝန်ထမ်းဆောင်ခွင့်ရရှိရန် လုပ်ဆောင်လာလေဦးမည်လားဟု ပြည်သူအများအပြားက တွေးဆလျက်ရှိကြသည်။ ဘန်သည် ယခုအခါ အသက် ၇၂ နှစ်ရှိပြီဖြစ်လင့်ကစား စိတ်ဓာတ်ခွန်အားမှာ ကြံ့ခိုင်နေဆဲဖြစ်ပြီး အလုပ်ကို ဆက်တိုက်မနားမနေ လုပ်ကိုင်တတ်သူအဖြစ်လည်း သူ့ကို သိရှိကြသည်။

သို့ဖြစ်ရကား ၂၀၁၇ ခုနှစ်တွင် သမ္မတရာထူးနေရာအတွက် သူမဲဆွယ်စည်းရုံးလိမ့်မည်ဟု အကဲခတ်အချို့က ထင်မြင်ယူဆကြလေသည်။

သို့ရာတွင် လက်ရှိသမ္မတ ပက်ကွမ်ဟေးအနေဖြင့် ပါလီမန်တွင်စွပ်စွဲပြစ်တင်မှု ပြုလုပ်ခံရမှုကြောင့် ရာထူးမှ ဆင်းပေးရမည်ဆိုလျှင် သမ္မတရွေးကောက်ပွဲအသစ်ကို ပိုမိုစောကာ ကျင်းပလာရပေမည်။

တောင်ကိုရီးယားနိုင်ငံ၌ ရင့်ကျက်မှုရှိပြီး ပြန်လည်ရုန်းထနိုင်စွမ်းကြီးမားသော ဒီမိုကရက်တစ်အဖွဲ့အစည်းများ ရှိပြီးဖြစ်ရာ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအကျပ်အတည်းမှ ရှင်သန်လွတ်မြောက်မည်ဟု မိမိယုံကြည်သည်ဟု ဘန်က သုံးသပ်သည်။ သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် အစီအစဉ်နှင့် ပတ်သက်၍ သူကအတည်ပြုခြင်းမရှိသလို ငြင်းဆိုခြင်းလည်း မရှိပေ။

မိမိအရပ်သားတစ်ဦးဖြစ်ပြီဆိုလျှင် ရွေးကောက်ပွဲဝင်ရေး၊ မဝင်ရေး ကိစ္စနှင့် ပတ်သက်၍ ကိုရီးယားလူ့အဖွဲ့အစည်း၏ ခေါင်းဆောင်များ၊ မိမိ၏ မိတ်သင်္ဂဟများနှင့် မိသားစုများနှင့်အတူ ဆွေးနွေးသွားမည်ဟု ဘန်က ဆိုလေသည်။

### အမြော်အမြင်ရှိသော ခေါင်းဆောင်

ဘန်ကီမွန်းသည် ဆယ်စုနှစ် တစ်စုကြာမျှ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ဒီဇင်ဘာ ၁၂ ရက်က ကုလသမဂ္ဂ အထွေထွေညီလာခံတွင် နှုတ်ဆက်မိန့်ခွန်း ပြောကြားခဲ့လေသည်။ ယခုလကုန်တွင် ရာထူးမှ ဆင်းပေးတော့မည့် ဘန်ကို အမြော်အမြင်ရှိသော ခေါင်းဆောင်တစ်ဦးအဖြစ် ကမ္ဘာ့နိုင်ငံများက ပြန်လည်သတိရတမ်းတနေကြပေလိမ့်မည်။ ကမ္ဘာ့ဇာတ်ခုံပေါ်တွင် ကောင်းမြတ်သောအမွေအနှစ်တစ်ခု ချန်ထားရစ်နိုင်ရန် သူကြိုးပမ်းခဲ့ရာတွင် အောင်မြင်မှုများ ရှိခဲ့သလို ရှုံးနိမ့်မှုများကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်သာဖြစ်သည်။

ကုလသမဂ္ဂ ခေါင်းဆောင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခွင့် ရရှိခဲ့ခြင်းသည် မိမိအတွက် ထူးခြားလှသော အခွင့်အရေးတစ်ရပ်ဖြစ်ခဲ့သည်ဟု ဘန်ကဆိုသည်။ ကမ္ဘာ့ပြည်သူတို့၏ လူသားဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးများအပေါ် စဉ်ဆက်မပြတ် မိမိအာရုံစိုက်ခဲ့သည်ဟု ဘန်ကရှင်းလင်းပြောဆိုခဲ့သည်။ အနာဂတ်မျိုးဆက်သစ်များ ငြိမ်းချမ်းစွာ နေထိုင်နိုင်စေရေးအတွက် လုပ်ဆောင်ပေးနိုင်သမျှတို့ကို အစွမ်းရှိသရွေ့ လုပ်ဆောင်ပေးခဲ့ပါကြောင်း ဘန်က သူ၏ရပ်တည်ချက်ကို ထောက်ပြခဲ့သည်။

ဘန်ကီမွန်းသည်ကား တည်ငြိမ်အေးချမ်းမှုရှိသူ၊ ယဉ်ကျေးသိမ်မွေ့သူ၊ သံတမန်ရေးနည်းလမ်းအရ စဉ်းစားတွေးခေါ်ကာ လုပ်ကိုင်တတ်သူအဖြစ် အများက အသိအမှတ်ပြုကြပေသည်။ ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံးသော ဖိုရမ်အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိသော ကုလသမဂ္ဂ၏ ခေါင်းဆောင်တစ်ဦးအဖြစ် ၁၀ နှစ်ကြာမျှ ဖြတ်သန်းခဲ့သူ ဘန်ကီမွန်းမှာ ပုဂ္ဂိုလ်ရေးခံစားမှုကို ရှေ့တန်းမတင်ဘဲ အရာရာကို ဉာဏ်မျက်စိဖြင့် လေ့လာသုံးသပ်ကာ အကျိုးရလဒ်ကို ရည်မျှော်၍ လုပ်ဆောင်တတ်သူအဖြစ် ကျွန်ုပ်ရှုမြင်မိပါသည်။ ခေါင်းဆောင်ဟူသည် ရည်မှန်းချက်ပန်းတိုင်ပေါက်မြောက်ဖို့အတွက် ကာလရှည်မဟာဗျူဟာများနှင့် ပစ္စက္ခနည်းဗျူဟာများကို ပိုင်ပိုင်နိုင်နိုင်ဖော်ထုတ်ကာ လုပ်ဆောင်ရန် လိုအပ်ပုံကို တွေးတောမိရင်း **"ခေါင်းဆောင်မှုစွမ်းပကား အမြော်အမြင်တရား"** ဟူ၍ ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။



ဓာတ်ပုံ- ကုလသမဂ္ဂ

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်က ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ကီဗူမြို့ရှိ ဒုက္ခသည်စခန်းသို့ရောက်ရှိခဲ့သူ ဘန်ကီမွန်းအားတွေ့ရစဉ်။

## မွေးမြူရေးထုတ်ကုန်များအစားအစာဘေးကင်းလုံခြုံရေး အသိပညာပေး ဟောပြောဆွေးနွေး

**မန္တလေး ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး) နှင့် USAID တို့ပူးပေါင်း၍ မွေးမြူရေးထုတ်ကုန်များ၏ အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၇၈ လမ်းနှင့် ၃၈ လမ်းထောင့်ရှိ ဟိုတယ်မန္တလေး နှင်းဆီဖြူခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး) ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန၊ ဈေးနှင့်သားသတ်ဌာနမှ တာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ စိတ်ဝင်စားသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် International Union of Food Science and Technology မှ အတိုင်ပင်ခံ Dr.Martin က မွေးမြူရေးထုတ်ကုန်များ၏ အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာများ၊ ငါးကန်များတွင် ကြက်ခြံတည်ဆောက်၍ ကြက်ချေးများအား ငါးများကျွေးမှုကြောင့် ဖြစ်ပေါ်လာသောဓာတုဆေးဝါးအကြွင်းအကျန်များကြောင့် ငါးများမှတစ်ဆင့် လူ၏ခန္ဓာကိုယ်အတွင်းရောက်ရှိမှု၊ စိုက်ခင်းများတွင် အသီးအရွက်သန်ဆေးများသုံးစွဲမှုကြောင့် လူတွင်ဓာတုအဆိပ်သင့်မှုများဖြစ်ပွားမှုနှင့် ဓာတုကင်းလွတ်သီးနှံများ ထုတ်လုပ်ရေးဆိုင်ရာများကို ရှင်းလင်းဟောပြောခဲ့သည်။

**သီဟကိုကို(မန္တလေး)**

## ချောင်းဦးမြို့နယ်အတွင်းမှထွက်ရှိသော ငရုတ်သီးစိမ်းများ မုံရွာနှင့် မန္တလေးဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချ



**မုံရွာ ဒီဇင်ဘာ ၁၇**

မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်း စိုက်ပျိုးသော ငရုတ်သီးစိမ်းများ နှစ်စဉ်ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ်တွင် ရန်ကုန်ဈေးကွက်သို့ အခြားသောတိုင်းဒေသကြီး၊ ပြည်နယ်များမှ ငရုတ်သီးစိမ်းသီးနှံအချိန် စောစီးစွာဝင်ရောက်မှုကြောင့် မုံရွာနှင့် မန္တလေးဈေးကွက်သို့ ဦးစားပေးတင်ပို့ရောင်းချလျက်ရှိကြောင်း ချောင်းဦးမြို့နယ် မင်းခေါင်ကျေးရွာမှ ငရုတ်စိုက်တောင်သူများထံမှ သိရသည်။

မုံရွာခရိုင်အတွင်းရှိ ချောင်းဦးမြို့နယ်သည် ငရုတ်သီးစိမ်းကို အများဆုံးစိုက်ပြီး အရာတော်နှင့် ဘုတလင်မြို့နယ်တို့တွင်လည်း သာမို ၁၁၊ အာမိုမောင်တိန်မျိုးများကို စိုက်ပျိုးကြပြီး ထွက်ရှိသီးနှံများကို မုံရွာမြို့မှတစ်ဆင့် မန္တလေး၊ ရန်ကုန်ဈေးကွက်နှင့် အခြားမြို့များသို့သို့ နှစ်စဉ်တင်ပို့လျက်ရှိသည်။

"ဒီနှစ်ရန်ကုန်ဈေးကွက်မှာ တခြားတိုင်းဒေသကြီးတွေကနေပို့တဲ့ ငရုတ်သီးနှံ ထွက်ရှိမှုက နှစ်လလောက်စောပြီးဝင်တဲ့အတွက် ရန်ကုန်ကိုမပို့ရတော့ ဈေးကွက်အနည်းငယ်တော့ကျပ်တယ်။ အခုက မန္တလေးနဲ့မုံရွာ ဈေးကွက်ကိုပဲ အားကိုးပြီးပို့နေရတယ်။ သီးနှံထွက်ရှိမှုကတော့ ပုံမှန်ပါပဲ။ ဈေးနှုန်းအနေနဲ့က သာမို ၁၁ က တောင်သူဆီကအဝယ်က ကျပ် ၁၄၀၀ နေ ကျပ် ၁၅၀၀ အထိ၊ အာမိုမောင်တိန်က ကျပ် ၁၀၀၀ ဝန်းကျင်ဈေးပေါက်တယ်။ သာမို ၁၁ က မျိုးစေ့ရရှိမှုနည်းတာကြောင့် စိုက်ပျိုးမှုနည်းတယ်။ အာမိုမောင်တိန်ကတော့ စိုက်ပျိုးမှုများတယ်။ စိုက်ပျိုးမှုကတော့ ခါတိုင်းနှစ်တွေလောက်ပဲရှိတယ်။ ဒီနှစ်မှာ သာမိုမျိုးထဲကမျိုးကွဲနှစ်မျိုးနဲ့ မောင်တိန်မျိုးထဲက မျိုးကွဲသုံးမျိုး စုစုပေါင်းမျိုးအသစ် ငါးမျိုးလောက်ပေါ်လာတယ်။

ရန်ကုန်က ငရုတ်သီးနှံတွေကို မန္တလေးကိုတောင်ပို့တဲ့အတွက် ရန်ကုန်ဈေးကွက်ကတော့ မပို့ရတဲ့အနေအထားပါ။ ခါတိုင်းနှစ်တွေမှာ ငရုတ်သီးစိမ်းက တခြားတိုင်းဒေသကြီးတွေက ရန်ကုန်မြို့ကို တင်ပို့ရပေမယ်။ ဒီနှစ်က ရန်ကုန်ဈေးကွက်တောင် တခြားတိုင်းဒေသကြီးတွေဆီကို တင်ပို့တဲ့အခြေအနေပါ။ အခုအခြေအနေက သီးနှံဈေးနှုန်းကတော့ ကောင်းတယ်။ ရန်ကုန်ဈေးကွက်ပျောက်သွားပြီး မုံရွာနဲ့ မန္တလေးမြို့တွေကိုပဲ ဦးစားပေးပြီး ပို့နေရပါတယ်။ ဒီနှစ်က ရခိုင်ပြည်နယ်ထွက်ပေါက်ဖြစ်တဲ့ မင်းဘူးမြို့ကလည်း ဝယ်လိုအားမရှိဘူး။ ပခုက္ကူဈေးကွက်ကလည်း ဝယ်လိုအားမရှိဘူးဖြစ်နေတယ်။ သီးနှံထွက်ရှိမှုကတော့ ကောင်းပါတယ်" ဟု ချောင်းဦးမြို့နယ် မင်းခေါင်ကျေးရွာမှ စိုးမိုးဟိန်းမိသားစု ငရုတ်သီးစိမ်းရောင်းဝယ်ရေးမှ ဦးစိုးလွင်က ပြောသည်။

မုံရွာခရိုင်အတွင်းရှိ ချောင်းဦးမြို့နယ်တွင် ယခုနှစ် ငရုတ်သီးစိုက်ရာသီတွင် ဧက ၂၀၀၀ ကျော် စိုက်ပျိုးလျက်ရှိပြီး ထွက်ရှိသီးနှံများကို ပုံမှန်တင်ပို့လျက်ရှိသော ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချမှုမရှိဘဲ မုံရွာနှင့် မန္တလေးဈေးကွက်များသို့ တင်ပို့လျက်ရှိသည်။

**မင်းဝေ(မုံရွာ)**

## ကုန်စုံဆိုင်များမှ မှိုဆိပ်ပါဝင်သည့် ငရုတ်သီးမှုန့်များ ပြန်လည်သိမ်းဆည်း

**မင်္ဂလာတောင်ညွန့် ဒီဇင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက်၌ စည်ပင်သာယာနှင့် မြို့နယ်ကျန်းမာရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက စံပြညဈေးတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော ကုန်စုံဆိုင်များတွင် ခွင့်မပြုဆိုးဆေးများ၊ မှိုဆိပ် ( Aflatoxin B1) နှင့် Impurities များပါဝင်နေခြင်း ရှိ-မရှိ လိုက်လံစစ်ဆေးပြီး ငရုတ်သီးမှုန့် အမှတ်တံဆိပ်ကိုးမျိုးနှင့် မလွတ်ကင်းသော ငရုတ်သီးမှုန့်များအား သက်ဆိုင်ရာမှ ပြန်လည်သိမ်းဆည်းသွားကြောင်း သိရသည်။

**(၁၁၈)**

## လတ်လတ်ဆတ်ဆတ်သီးနှံများ ရောင်းချသည့် ရန်ကုန်–မန္တလေး ကားလမ်းဘေးက အင်းနားသီးနှံဈေး



**မန္တလေး ဒီဇင်ဘာ ၁၇**

ဒုဌဝတီမြစ်ကမ်းဘေးရှိ နုန်းတင်မြေနုစိုက်ခင်းများသည် သစ်သီးသစ်နှံများစွာ စိုက်ပျိုးအောင်မြင်သည်။ အင်းနား၊ ဗျဉ်းညားလော၊ ပလိပ်၊ မင်းကိုင်းမှ သီးနှံစိုက်တောင်သူများသည် သီးနှံပေါ်ချိန်တွင် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ အင်းနားသီးနှံဈေးပေါ်တွင် ရောင်းချကြသည်။ စိမ်းစိုလတ်ဆတ်သည့် သီးနှံဈေးကလေးကိုတွေ့သည်နှင့် မိသားစုစီးကားကလေးများ အလျှိုအလျှိုရပ်နားကာ ဝယ်ယူကြသည်။ ပစ္စည်းမှန် ဈေးမှန်ဟုဆိုရလောက်အောင် စိုက်ခင်းမှ လတ်လတ်ဆတ်ဆတ် ရောင်းချကြသည်။

အင်းနားဈေးသို့ စိုက်ပျိုးကြသူများကိုယ်တိုင် လာရောက်ရောင်းချသကဲ့သို့ တောင်သူများထံမှ ဖောက်သည်ယူရောင်းချသူများလည်း ရှိသည်။ အင်းနားသီးနှံဈေး၏အားသာချက်မှာ စိုက်ခင်းမှခူးယူသည့် သီးနှံလတ်လတ်ဆတ်ဆတ်များကိုသာ ရောင်းချခြင်း၊ ရန်ကုန်-မန္တလေးကားလမ်းဘေးတွင်ရှိခြင်း၊ ဈေးနှုန်းမှန်ကန်ခြင်းတို့ကြောင့် ခရီးသွားကားများ၊ မိသားစုစီးကားများ အားထားဝယ်ယူကြသည်။ ရောင်းချသည့်သီးနှံများမှာ ပန်းမုန်လာပွင့်၊ မုန့်ညင်းထုပ်၊ ဆလပ်၊ မုန်ညင်း၊ ခရမ်းသီး၊ ဘူးသီး၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ပဲသီးတောင့်ရှည်၊ ငှက်ပျောသီး၊ သဘော်သီး၊ ဂေါ်ဖီထုပ်နှင့် အခြားရာသီပေါ်သီးနှံများကို လတ်လတ်ဆတ်ဆတ် ရောင်းချကြသည်။

လက်ရှိကာလ အင်းနားသီးနှံဈေးတွင် ပန်းမုန်လာပွင့်ကြီးတစ်ပွင့်လျှင် ငွေကျပ် ၂၅၀၊ မုန့်ညင်းတစ်ပိဿာ ငွေကျပ် ၄၀၀၊ ခရမ်းသီးတစ်ပိဿာ ငွေကျပ် ၈၀၀၊ ပဲသီးတောင့်ရှည် ၂၅ ကျပ်သားစည်းတစ်စည်းလျှင် ငွေကျပ် ၂၅၀၊ သဘော်သီးတစ်လုံးငွေကျပ် ၃၅၀၊ ဘူးညွန့်တစ်စည်းလျှင် ငွေကျပ်တစ်ရာ (သုံးညွန့်ပါ) အခြားသီးနှံများကိုလည်း အရည်အသွေးအလိုက် ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချကြသည်။ အင်းနားသီးနှံဈေးလေးတွင် ရာသီပေါ်သီးနှံများ လတ်လတ်ဆတ်ဆတ်ရသည့်အတွက် ခရီးသွားကားများ အိမ်စီးကားကလေးများ အနီးနားဒေသရှိ ကျေးရွာရပ်ကွက်များမှ အားထားဝယ်ယူလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

## မုံရွာမြို့အထက(၁)မှ ကျောင်းသား/သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေး

**မုံရွာ ဒီဇင်ဘာ ၁၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် သစ္စာစီမံချက်ဖြင့် ဝန်ထမ်းများ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထက(၁)ရှိ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများအား မြို့နယ်လဝက ဦးစီးမှူး ဦးကျော်ထွန်းနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ပေးရာသို့ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်၊ တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ ဒုတိယတိုင်းဦးစီးမှူး ဦးသန်းဝင်း၊ ခရိုင်ဦးစီးမှူး ဦးမင်းအောင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဦးစီးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်ပြား၏ သိကောင်းစရာများ အကြောင်းကို ကျောင်းသား ကျောင်းသူများအား ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

အလားတူ မုံရွာမြို့နယ် ရွာတုံကျေးရွာရှိ အလက(ခွဲ) ကျောင်းတွင်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဖိုးချမ်း–မုံရွာ)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံကွန်ပျူတာသင်တန်း (၁၄/၂၀၁၆) ဖွင့်ပွဲကျင်းပ

**လှိုင်ကော် ဒီဇင်ဘာ ၁၇**

စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အခြေခံကွန်ပျူတာသင်တန်း (၁၄/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီခွဲ က လှိုင်ကော်မြို့ ချီးကယ်ကျေးရွာအုပ်စု ဒေါဆော်ဘီးရွာရှိ 'လင်း' ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ လှိုင်ကော်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ ချီးကယ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သင်တန်းသား ၃၀ တို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အိအိခင်က "ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိစေဖို့အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသည့်သင်တန်းတွေကို ကျေးရွာအရောက် လိုက်လံဖွင့်လှစ်ပေးလျက်ရှိပါတယ်" ဟုပြောသည်။

ယင်းနောက် ချီးကယ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလူရယ်က "အရင်က ကွန်ပျူတာတွေရှားပါးလို့ သင်ကြားခွင့်မရခဲ့ဘူး။ အခုတော့ ကျေးရွာအရောက် လာရောက်ပြီး ကွန်ပျူတာသင်တန်းကို ဖွင့်လှစ်ပေးတဲ့အတွက် ကျွန်တော်တို့ကျေးရွာက လူငယ်မောင်မယ်တွေ ဒီပညာကိုသင်ယူပြီးမြောက်လို့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၊ ဌာနဆိုင်ရာဝန်ထမ်းတွေ၊ ကုမ္ပဏီဝန်ထမ်းတွေအတွက် အများကြီးအထောက်အကူဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါသင်တန်းတွင် ချီးကယ်ကျေးရွာအုပ်စုရှိ သင်တန်းသူ၊ သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၂ ရက်မှ ဇန်နဝါရီ ၁၀ ရက်အထိဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း(လှိုင်ကော်)**

## 'ပထမ' နေရာမှ (၅) နှစ်ဆက်

# ဝင်ငွေခွန်အများဆုံးထမ်းဆောင်သောအခွန်ထမ်း

## ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း အတွက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

■ ၂၀၁၁-၂၀၁၂ စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၆,၀၁၅.၃၉၇ သန်း ပေးဆောင်ပြီး

**တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် "ပထမ"**

■ ၂၀၁၂-၂၀၁၃ စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၁၀,၈၂၇.၇၀ သန်း ပေးဆောင်ပြီး

**တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် "ပထမ"**

■ ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၁၇,၀၆၂.၆၆ သန်း ပေးဆောင်ပြီး

**တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် "ပထမ"**

■ ၂၀၁၄-၂၀၁၅ စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၂၂,၀၁၃.၆၁ သန်း ပေးဆောင်ပြီး

**တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် "ပထမ"**

■ ၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၂၂,၉၅၉.၈၃ သန်း ပေးဆောင်ပြီး

**တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးပေးဆောင်သောကြောင့် "ပထမ"**

တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် "ကမ္ဘောဇဘဏ်လီမိတက်"သည်
"ပထမ"နေရာမှ (၅) နှစ်ဆက်အခွန်ဘဏ္ဍာတာဝန်အများဆုံးထမ်းဆောင်နိုင်ခဲ့ခြင်းကြောင့်
ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ **ဦးအောင်ကိုဝင်း** အတွက်
အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် နိုင်ငံတော်အကျိုးပြုဆိုင်ရာ
ကဏ္ဍအသီးသီး၌ ဆထက်ထမ်းပိုး တိုးတက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

မင်း
Mminn Group of Companies

YANGON TRIPLE CO., LTD.

INLE
INLE FUTURE DEVELOPMENT PUBLIC CO., LTD.

S
SKYWINGS GROUP OF COMPANIES

M & M
MAJESTIC INTERNATIONAL CO., LTD.

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေငြာချက်အရ ကမ္ဘောဇဘဏ်လီမိတက်သည် အောက်ပါအတိုင်းဝင်ငွေခွန်များပေးဆောင်ခဲ့ကြောင်းသိရှိရပါသည်-

| စဉ် | အခွန်စည်းကြပ်နှစ် | နိုင်ငံတော်သို့ ပေးဆောင်ခဲ့သည့် အခွန်ငွေ | အဆင့် |
|---|---|---|---|
| ၁ | ၂၀၁၁-၂၀၁၂ | ၆,၀၁၅.၃၉၇ သန်း | ပထမ |
| ၂ | ၂၀၁၂-၂၀၁၃ | ၁၀,၈၂၇.၇၀ သန်း | ပထမ |
| ၃ | ၂၀၁၃-၂၀၁၄ | ၁၇,၀၆၂.၆၆ သန်း | ပထမ |
| ၄ | ၂၀၁၄-၂၀၁၅ | ၂၂,၀၁၃.၆၁ သန်း | ပထမ |
| ၅ | ၂၀၁၅-၂၀၁၆ | ၂၂,၉၅၉.၈၃ သန်း | ပထမ |

မြန်မာနိုင်ငံတွင် ဝင်ငွေခွန် အများဆုံးထမ်းဆောင်သော ကုမ္ပဏီများမှ "ပထမ"နေရာမှ (၅) နှစ်ဆက်အခွန်ဘဏ္ဍာတာဝန်အများဆုံးထမ်းဆောင်နိုင်ခဲ့သော၊ Shan United Football Club ၏ Main Sponsor အဖြစ် ပံ့ပိုးပေးထားသည့် ကမ္ဘောဇဘဏ်ဥက္ကဋ္ဌ **ဦးအောင်ကိုဝင်း** အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် နိုင်ငံတော်အကျိုးကို ယခုထက်ပိုမိုကာ ဆထက်ထမ်းပိုး တိုးတက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Shan United Football Club

ဥက္ကဋ္ဌ ၊ CEO ၊ BOD အဖွဲ့ဝင်များ နှင့် အသင်းသားများ




THE BROTHERS မြဝတီ Live Shopping TV အစီအစဉ်
New လျှပ်စစ်ပစ္စည်း (ဆိုင်သစ်အမှတ်တရ အထူးလျှော့ဈေး) လက်လီ/လက်ကား(အိမ်အရောက်ပို့မည်)
24" 177,500 Ks · 32" 229,000 Ks · 40" 342,000 Ks · 43" 410,500 Ks · 60" 469,500 Ks
193,000 Ks · 129,500 Ks · 198,500 Ks · 184,500 Ks · 208,500 Ks · 195,500 Ks · 215,000 Ks · 250,000 Ks
စနေနေ့နှင့်တနင်္ဂနွေနေ့ (ညနေ၅နာရီမှ၆နာရီအတွင်း) မြဝတီ Live Shopping TV အစီအစဉ်တွင်ကြည့်ရှုဝယ်ယူနိုင်ပါသည်။
လျှပ်စစ်ပစ္စည်းအတွက်ဆိုဘာပဲလိုလိုယခုဖုန်းဆက်လိုက်ပါ... 09-459258886, 451119237

Air Con
(၁၀)ပေတပ်ဆင်အပြီးအစီး
1Hp 260,000 Ks
1.5Hp 320,000 Ks
မီးပလပ်ပေါက်လေးပဲ လုပ်ထားပေးပါ... (၁၀)ပေအထိ ကျန်တာဘာဆိုဘာမှထပ်မကုန်...

မင်္ဂလာပါ
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

မွေ့ ၀ုဒ်ဂုဏ် သံယံ San brotherhood
"စစ်ဆေး စမ်းသပ် (အခမဲ့)"
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း
အဝတ်လျှော်စက် 190,000 Ks · အဝတ်ခြောက်စက် 220,000 Ks · အဝတ်လျှော်စက် 140,000 Ks · အဝတ်ညှစ်စက် 75,000 Ks
(၃နှစ်အာမခံ) တပ်ဆင်ပြီးဈေးနှုန်း
1HP 255000 Ks
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383,09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684,09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467,09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

ဝိတိုရိယ ဆေးရုံ
Victoria Hospital
Quality Care
High Tech ENT Head & Neck Surgery
ONE STOP SOLUTION
မလေးရှားနိုင်ငံမှ
နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း
အထူးကုပါမောက္ခဆရာဝန်ကြီးက ဒီဇင်ဘာလ တွင် ခွဲစိတ်ကုသပေးမည့်အစီအစဉ်
- အသံဝင်ခြင်းနှင့် အသံကြိုးတွင် အသီးထသောရောဂါများကို Laser ဖြင့် ခွဲစိတ်ကုသပေးခြင်း။
- နားမကြားသည့်သူများအား ကမ္ဘာ့အဆင့်မြင့်နည်းပညာဖြင့် အမေရိကန်နိုင်ငံလုပ် အကြမ်းခံ၊ ရေစိုခံ အတွင်းနားအာရုံကြောနှီးဆွစက် Cochlear Implant ကို ဝါရင့် ကမ္ဘာကျော်မလေးရှားမှခွဲစိတ်ဆရာဝန်ကြီးဖြင့် ယုံကြည်စိတ်ချစွာ ခွဲစိတ်ပေးခြင်း၊ ခွဲစိတ်ပြီးသည့်အခါ ကျွမ်းကျင်စိတ်ရှည်သော စကားပြောလေ့ကျင့်ပေးသည့် ဆရာမဖြင့် စနစ်တကျသင်ကြားပေးခြင်း။
- နှာခေါင်းရောဂါများကို တီဗွီမှန်ပြောင်းဖြင့် အဏုစိတ်ခွဲစိတ်ကုသပေးခြင်း။
- လည်ပင်းကင်ဆာများကို လိုအပ်သလိုခွဲစိတ်ကုသပေးခြင်း။
ဒီဇင်ဘာလ(၂၄)ရက်နေ့တွင် ပြင်ပလူနာများကို ကြည့်ရှုပေးသွားမည်ဖြစ်ပြီး ဒီဇင်ဘာလ (၂၅)ရက်နေ့တွင် ခွဲစိတ်ကုသပေးမည်။
ခွဲစိတ်ကုသလိုသူများသည် ကြိုတင်စစ်ဆေးမှုများပြုလုပ်ရန် လိုအပ်ပါသဖြင့် ဒီဇင်ဘာလ (၂၃)ရက်နေ့ မတိုင်မီ လာရောက်တွေ့ဆုံရန်လိုအပ်ပါသည်။
လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးရန် လိုအပ်ပါသည်။
အသေးစိတ်စုံစမ်းမေးမြန်းလိုပါက - - - ၀၉၇၈၃၆၆၆၁၄၁ ~ ၁၄၄ - Extension: ၇၀၆၅ သို့ဆက်သွယ်နိုင်ပါသည်။
အမှတ် (၆၈)၊ တော်ဝင်လမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Website : www.victoriahospitalmyanmar.com
Facebook : www.facebook.com/WictoriyaGeneralHospital

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ်(၆၁/၂)၊ မြေကွက်တည်နေရာအမှတ်-၆၁၇(က)၊ ပြည်လမ်း၊ မောလာလမ်းသွယ်၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေပိုင်မြေ(မဒိုက်ဖိုးမြေ)အမည်ပေါက်ဦးဘိုးသုန်မြေအားအမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေငြာစာတမ်းစာချုပ်-၆၀၈/၁၉၈၃(၁၂-၈-၁၉၈၃)၊ မှန်လွှတ်စာချုပ်-၆၀၉/၁၉၈၃(၂-၈-၁၉၈၃)၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားမကြီးမှုအမှတ် ၈၆/၂၀၁၂(၄-၁၀-၂၀၁၆)၊ စီရင်ချက်နှင့်ဒီကရီအရ နေရှင်ယာ(ဝ-၃၇၈)ကဒေါ်တရားဝင်မခွဲစိတ်ရသေးသည့်အစိတ်အပိုင်းဖြစ်သည့်မြေကွက်(၂)ကွက်အနက်၊ အနောက်ဘက်ခြမ်း၊ မြေကွက်၊ မြေပေါ်ရှိအမှတ်(၆၁၇/က)အဆောက်အဦ၏ ထက်ဝက်နှင့်အကျိုးခံစားခွင့်များကို ခွဲဝေခံစားရန်အမိန့်ရရှိသူဦးရေချမ်း(၁၂/ကမရ(နိုင်)၀၁၃၄၃၁၉)မှ စာချုပ်အဆက်အစပ်နှင့်တရားရုံးအမိန့်တို့ကိုတင်ပြ၍ တစ်ဖက်မြေကွက်ခွဲစိတ်ရန်မြေပုံနှင့်မြေတိုင်း၊ လျှောက်ထားလာရာ တရားဝင်နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ALLURE SUPER COUNTDOWN SALE 2016

2016 / 2017

မြေနီကုန်း၊ဘိုကလေးဈေး၊သိမ်ကြီးဈေး၊ကမ္ဘာအေး၊စံရိပ်ငြိမ်

Dec.16-Jan.04

Up to 50% Off
အမျိုးသား/ အမျိုးသမီး/ ကလေး အဝတ်အထည်များ ၊ ဖိနပ်များ အမျိုးသမီးလက်ကိုင်အိတ်များ ခရီးဆောင်အိတ်များနှင့် အလှကုန်ပစ္စည်းများ.........

Get Gift
တစ်ရက်အတွင်း သတ်မှတ်ထားသော ကောင်တာများမှ ကျပ်တစ်သိန်းဖိုးနှင့်အထက်ဝယ်ယူပါက လက်ဆောင်များရရှိမည့်အပြင် ကျပ်တစ်သောင်းဖိုးနှင့်အထက် ဝယ်ယူပါကလည်း ပြက္ခဒိန်လက်ဆောင်ရရှိပါမည်။

အမျိုးသားဝတ် နာမည်ကြီး အမှတ်တံဆိပ်များ ဖြစ်သော
Valentino Rudy, Luigi Bassani, pierre cardin
အကျႌများကို (၁)ထည်ဝယ်လျှင် (၁)ထည်လက်ဆောင်ရရှိပါမည်။

Buy 1 Get 1

Bio-essence | VANSON on every occasion | bsc | Ma'suri | Cotton Candy | LiLy | y.e.t | PUPA MILANO | OASIS | Mizz | L'ORÉAL PARIS
Giordano | NOBODY | DANIEL LEWIS | GLAMOUR | DELIGHT | C'CARE | Kanebo | POLICE | Kracie | Iris Beauty | Sabina
SWEET BAGS | bossini | KMA | OO-PP OO DOUBLE P | Schwarzkopf | GoldCoil | Time | Fujiko | Sweetie kids | AUSTINO | BANC BANC
Corner | Gioven Kelvin PARIS | HAZARD | GINVERA | SHOE GALLERY | Dr.madino | essence Footwear & Bag | KOSÉ | REVLON | DIVA | GALANZ
SHIROI BARA | Chilli Lady Footwears | CATRICE COSMETICS | kidsplanet | Dcash | LADARNO | LIFE | CAMERA Camera Baby World | FARLIN | Bloom
DO2 100% COTTON | LITTLE BABY | NENA COLLECTION | Monsca Luggage & Bag | camella | FOLLOW ME | Anakku | CREATOR | PERSONA Executive Wear | FREEWAY | kiddo ALL AROUND

# Panasonic
# AMAZING SALES
Wow! Wow!




TH-32A410X: ~~29,7000Ks~~ 245,000Ks
TH-42AS610S: ~~725,000Ks~~ 590,000Ks

16 ~ 20 Dec 2016




DMC-GM1: ~~1,042,000Ks~~ 608,000Ks

While Stocks Last!

ရရှိနိုင်သောနေရာများ
ရန်ကုန်(၁) - အမှတ်G (၁၅)၊ တာဝါD ၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း(၀၁)၈၆၀၄၆၅၇၊
ရန်ကုန်(၂) - အမှတ်(၂၆၃)၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ YMCA Building ဗိုလ်တစ်ထောင်မြို့နယ်၊ ဖုန်း(၀၁)၂၉၂၆၆၄၊ ၂၉၆၅၇၈၊
မန္တလေး(၁) - အမှတ်(၆၄၇)၃၆လမ်းနှင့်၇၈လမ်းထောင့်၊ ဟေမမာလာခြောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ ဖုန်း(၀၂)၆၀၄၈၈၊
မန္တလေး(၂) - အမှတ်(၄) C3 ၊၃၂လမ်း၊ ၇၇လမ်းနှင့်၇၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း(၀၉)၉၁၀၀၂၇၇၃၊

# ရွှေနဂါး ပလက်တီနမ် နှင့် ရွှေဆိုင်



အထူးပရိုမိုးရှင်း ကံစမ်းမဲအစီအစဉ်

ဆိုင်အမှတ် (၁) အမှတ်(၄၄၂)၊လမ်း-၈၀၊ ၂၇× ၂၈လမ်းကြား၊မန္တလေးမြို့
ဖုန်း - ၀၂-၃၃၇၇၁၊၀၂-၂၁၆၃၄၊၀၉-၂၀၀၄၅၀၃၊၀၉-၅၁၁၇၇၆၉
ဆိုင်အမှတ် (၂) အမှတ်(၂၁၁)၊၈၄ လမ်း၊၃၂×၃၃လမ်းကြား၊မန္တလေးမြို့၊ဖုန်း -၀၂-၂၄၅၉၉၊၀၂-၇၁၁၈၁
ဆိုင်အမှတ် (၃) အမှတ်(၀၁/၀၂)၊လမ်းမတော်ပလာဇာ၊သံဈေးအနီး၊လမ်းမတော်လမ်း၊လသာမြို့နယ်၊ရန်ကုန်မြို့
ဖုန်း - ၀၁-၃၈၁၂၇၄၊၀၁-၃၇၈၆၆၈၊၀၁၁-၂၂၄၂၂၈

1-7-2016 မှ 31-12-2016 အထိ (၆) လအတွင်းပါဝင်ကံစမ်းနိုင်မည့်
အခွင့်အရေးကောင်း
နိုဝင်ဘာလအတွက် ကံထူးရှင်များ



ပရိုမိုးရှင်းကာလ (၆) လအတွင်း လစဉ်လတိုင်း KENBO မော်တော်ဆိုင်ကယ် အသစ်(၃)စီး
ပရိုမိုးရှင်းကာလ (၆) လပြည့်လျှင် ထပ်မံကံထူးနိုင်မည့် TOYOTA COROLLA 2016 Model ကားသစ်ကြီး(၁)စီး

FAME
Nephrotec®
For healthy kidney
ကျောက်ကပ်ဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 012139 (0516)
၂/၂၀၁၅ အဆထလ/တိုင်(၀၆၅၇)

FAME
Urocrush®
For renal stones
ဆီးကျောက်ပျော်ဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 006245 (0717)
၂/၂၀၁၅ အဆထလ/တိုင်(၀၆၅၇)

2D စက်ချုပ်သင်တန်း
09 - 97 26 36 730 09 - 970 49 32 56
အခြေခံစက်နင်းထမီ၊ ချိတ်ထမီ၊ ပတ်ထမီ၊ ၃လွှာ၊ ၄လွှာ၊ Aစကပ်၊ရေသူမ၊နောက်ကွဲမီနီစကပ်၊ ထီးစကပ်၊ဘောင်းဘီ တစ်ဦးချင်းသီးသန့် - 60000
Pattern ဆွဲနည်း၊နောက်ကွဲ၊ရင်စိ၊ ရင်ဖုံး(၄)မျိုး၊ခါးတို၊ တတ္တသိုလ်ရင်ဖုံး၊လက်ပြတ်၊ကော်လာကတုံး၊ရင်ဖြတ်ဆက်၊ ခါးဖြတ်ဆက်၊ညဝတ်အင်္ကျီ၊ ဂါဝန်၊ဇာအောက်ခံ၊ ထပ်၊ ဂျာစီအပွ၊လက်အမျိုးမျိုး တစ်ဦးချင်းသီးသန့် - 60000
စင်တီမီတာနည်း - 200000 ၊ ၂ရစ်ခွဲသွင်းနိုင်ပါသည်။
အမှတ်(၇၉)၊မြေညီ၊ (၁၃)လမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ရန်ကုန်။

မိတ္ထီလာစက်မှုဇုံ အမြန်ရောင်းမည်
ဈေးနှုန်းချိုချိုနှင့် (၁ နှစ်အရစ်ကျ) ဦးရာလူရောင်းမည်။ ၂ လမ်းမကြီးပေါ်၊ အဝေးပြေးလမ်းအနီး၊ မြေအကျယ် ပေ (၂၀၀ × ၄၀၀) ၂ ဧက၊ ဂိုဒေါင်အကျယ် ပေ (၅၀ × ၇၀) သံထည်အဆောက်အဦး၊ ရေမီးစုံ၊ ပါဝါမီတာပါ၊ ကွန်ကရစ်ခင်း၊ မျက်နှာစာ ပေ (၆၀ × ၇၀)၊ အခင်းပြည့်၊ လုပ်ငန်းစုံလုပ်ရ၊ အထည်ချုပ်၊ ရေသန့်၊ ယက္ကန်းစက်ရုံ အနီးနားမှာရှိ၍ စည်ကားပါသည်။ ရောင်း သိန်း (၃၈၀၀) ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။
Ph : 09 785503598, 09 250021585.

## ကြော်ငြာ

**ရွှေပုဇွန် သဘင်** ကျိုက်ထီးရိုးချောင်းသာ(နေ့စဉ်)

ကျိုက်(၅)ကျိုက်-မွန်ပြည်နယ်ဘုရားစုံ စက်ဆဲ ငင်းကျိုက်ရေတံခွန် (1/2)Package(35000)
လိုက်ဂူ(၅)ဂူ-ကရင်ပြည်နယ်ဘုရားစုံ ဇွဲကပင် လုမ္ဗိနီဥယျာဉ် ကျောက်ကလပ်(နေ့ချင်းပြန်)(35000)
ပြည်(၅)ပြည်-ပုပ္ပါးတောင်(ရွှေမော်ဓော)ဘုရားစုံ Package(55000)
(15000)

Ph:09425334456,09252606649,0949323965

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

Since 1985
**စေတနာရှင်**
ကျိုက်ထီးရိုး/မြဝတီ-ဘားအံ
ချောင်းသာ / ငွေဆောင်
ပုဂံ-ညောင်ဦး၊ ပုပ္ပါး
မန္တလေး၊ ပြင်ဦးလွင် သာ
တောင်ကြီး၊ အင်းလေး ကြ
ထားဝယ်-ရှင်ကိုးရှင်
01-392704, 09 73017110
09795066657, 09785066657

**"ပျော်ရွှင်မြူးတူး ကျက်သရေရှား"**
BUY 7 + GET 1 FREE (3 Stars ဟိုတယ် တည်း/စား)
ရန်ကုန် - ပုဒ္ဓဂယာ - ရန်ကုန် (၇ ညအိပ်/ ၈ ရက်)
ထွက်ခွာမည့်ရက် = ၁၃.ဇန်နဝါရီ.၂၀၁၇
တစ်ဦးချင်းဈေးနှုန်း = USD 800 (စားရိတ်ငြိမ်း)
၇ ဦးဝယ်လျှင် ၁ ဦး အခမဲ့လိုက်ပါခွင့်ရှိပါသည်။
Gracious Vacation Co., Ltd.
အမှတ် ၁၀၄၊ ပထမထပ်၊ ၄၉လမ်းထိပ်၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း = 09-5092049, 09-969909837~40, 09-791296043~44

**ဒေါက်တာဇော်ဝင်းသိန်း** (ရွှေတံဆိပ်ဆုရှင်-လန်ဒန်) (ရွှေတံဆိပ်ဆုရှင်-CPA)
Doctor of Business Administration (UK), MBA (UK), CMgr FCMI, Ch MCSI, FCMA, CGMA, FABE, FCCA, CPA

# CIMA (UK)

Financial Management

- ZAW Business School တွင်ထူးချွန်သူများအတွက် ပညာသင်ဆုများ နှင့် Early Bird Discount များပေးအပ်ချီးမြှင့်မည်။
- CIMA World Prize Winner များမွေးထုတ်ပေး၍ ဘာသာရပ်အားလုံးကိုသင်ကြားပေးနေသော မြန်မာနိုင်ငံ၏ တစ်ခုတည်းသော သင်တန်းကျောင်း

Enroll Now
31 Dec 2016 စမည်

# LCCI (UK)

(စာရင်းကိုင် Diploma သင်တန်းများ)

ZAW BUSINESS SCHOOL (APPROVED CENTRE)

: 0950-13589, :0950-74974, :0979 5556677
၅၆၊ရေကျော်လမ်း(ရွှေဘုန်းပွင့်စေတီတော်အနီး)၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။

**GW** 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ်၆၊ မြေညီထပ်၊ မင်္ဂလာလမ်း
09401505559

**AUTRON**
နားကြားကိရိယာ

တစ်နှစ်တာပတ်လုံး AUTRON ကို အားပေးခဲ့ကြသော မိတ်ဟောင်းများ နှင့် လာရောက်အားပေးကြမည့် မိတ်သစ်များအား (19.12.2016 မှ 23.12.2016) အထိ ခေတ်မီနားတိုင်းစက်ဖြင့် အခမဲ့တိုင်းတာပေး၍ မိမိနားလေးနှုန်းနှင့် ကိုက်ညီသော နားကြားကိရိယာများကို ( 5% - 10% ) ဈေးနှုန်းဖြင့် ရောင်းချပေးမည့်အပြင် ဒီဇင်ဘာအထူး လက်ဆောင် များလဲ ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါး၍ ဖိတ်ခေါ်အပ် ပါသည်။



ဆိုင် (၁) အမှတ် ၃၃၃၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း ၀၁ - ၂၄၃၆၃၄ ၊ ၃၈၅၂၅၅
ဆိုင်(၂) အမှတ် (၅၃၂) ၊ မြေညီထပ် ၊ ဗညားဒလလမ်း ၊ (သျှင်ပါကူဆေး၏ မျက်စောင်းထိုး) တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၅၅၂၀၃၃၃၀

ဆရာဦးမြင့်ဦး (အောင်ပွဲဝင်ရူပဗေဒ) ဦးစီးတည်ထောင်၍ ဆရာမ ဒေါ်မြတ်သီတာဦး နှင့် ဆရာငြိမ်းချမ်းစီစဉ်သည်။
(ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ် - ကကလ-၁၃/၁၅/၀၄၂)

Panna Aung Myay PRIVATE HIGH SCHOOL

# ပညာအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း (၅တန်းမှ၁၀တန်းအထိ)
အဆင့်မြင့်ဘော်ဒါနှင့် နေ့တက်ဘော်ဒါ

'ပညာအောင်မြေ'၏ ရည်မှန်းချက်
စိတ်ဓာတ်-စည်းကမ်း-ပညာ ဘက်စုံဖွံ့ဖြိုးသော နိုင်ငံသားကောင်းလူငယ်များ ပြုစုပျိုးထောင်ပေးနိုင်ရမည်

- Grade-9 ... Grade-11 ... (Physical Education, Musics, Fine Arts Basic Computer Course, Language) ...
- ... "အောင်မြေ" ...

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

အုပ်ချုပ်ရေး၊ လယ်ပြ/ထက်ပြ သင်ကြားရေး ဆရာ/ဆရာမများ။ Study Guide နှင့် အဆောင်မှူး(ကျား/မ)ရာထူးများအတွက် အလုပ်လျှောက်ထားနိုင်သည်။
ကျောင်းတည်နေရာ | အမှတ်(၄၇၆-A)မြလေးရိုလမ်းနှင့် ဒုံလွင်လမ်းထောင့်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-25 222 9991, 09-25 222 9992, 09-25 222 9993, 09 730 33212
ကျောင်းကားရှိသည်

Since 1986 **KMD** Institute

ISO

Route to International Degree



NCC education
တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက်

# First Year Diploma in Computing (UK)

- University of Washington, USA တွင် နှစ်ပေါင်း (၂၀) ကျော် သင်ကြားရေး အတွေ့အကြုံရှိသော Professor Dr. Rich C Hoo မှ နိုင်ငံတကာနည်းစနစ်များအတိုင်း သင်ကြားပေးပါမည်။
- ပထမနှစ် တက်ရောက်နေစဉ်အတွင်း Microsoft Professional Certificate ရယူနိုင်ရန် လေ့ကျင့်သင်ကြား ပေးပါမည်။
- သင်တန်းပြီးဆုံးပါက အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိရန် On Job Training စီစဉ်ပေးပါမည်။
- KMD Institute တွင် CB ဘဏ်မှ MPU Credit Card ဖြင့် သင်တန်းကြေး အရစ်ကျ ပေးသွင်းနိုင်ရန် စီစဉ်ပေးထားပါသည်။



UNIVERSITY of GREENWICH
B.Sc(Hons)BIT (Final Year)
NCC
Second Year Computing Diploma
NCC
First Year Computing Diploma
Bringing British Education To You

Opening Date
20 December 2016 11:00AM - 3:00 PM (Mon to Fri)
31 December 2016 7:00AM - 2:00 PM (Sat to Sun)

Call Now 09770867903

KMD (Myaynigone) : 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
01- 381776, 381035, 502233, 527436, 220555, 700895
www.facebook.com/KMDNCC
နယ်မှ လာရောက်မည့် ကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးထားပါသည်။

**ဂီ ဝ မျိုး စုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့**

မျက်စိနှင့်မျက်မှန်ကိစ္စအားလုံး တစ်နေရာတည်းနှင့်ပြီးပြည့်စုံတဲ့
မူလပထမ အမေရိကန်ပွဲရှင်း
AMERICAN VISION
EYE CARE CENTER
CALL NOW!
(01) 242476, 241897, 241898

Merry Christmas
BIG SALE
နောက်ဆုံးပေါ် ကမ္ဘာကျော် စစ်မှန်သော branded ပါဝါ၊ နေကာ မျက်မှန်ကိုင်းများစွာကို ၅၀% အထိ American Vision ဆိုင်ခွဲများ အားလုံးမှာ လျှော့ပေးနေပါပြီ။
up to 50%
Until 2 Jan 2017
HAPPY NEW YEAR
Celebrate the holidays with OUR BIGGEST SALE yet!
ပျော်ရွှင်ဖွယ်ရာ၂၀၁၇ နှစ်သစ်ကူးကို American Vision နှင့်အတူတူဖြတ်သန်းလိုက်ကြပါစို့။

YCTC Business Institute
No.24, Yaw Min Gyi Street, Dagon Tsp (Near Park Royal Hotel)
Ph : 01-393076, 09-420118100, 09-250640429
**Certificate in Financial Management** Batch-15
ဒေါ်ဌေးဌေးမြင့်
B.Com (Hons)., M.Com., Cert in Government Financial Management
Sunday (4:30 pm to 7:30 pm)
January 15th စမည်။
**Certificate in Project Management** Batch-2
ဦးသုရိန် (Mr. Surendra Verma)
(MBA & IT, Staffardshire University,UK), Area Manager, ABE (UK)
Thurday & Friday (6:00 pm to 8:00 pm)
January 19th,20th စမည်။

"ကုန်ကျစရိတ်အသက်သာဆုံး ၊အချိန်အတိုဆုံးဖြင့် အင်ဂျင်နီယာဖြစ်နိုင်မည့် အခွင့်အလမ်း
City & Guilds Diploma in Engineering (UK NQF Level 3, 4, 5) သင်တန်းများ City & Guilds
ရွေးချယ်တက်ရောက်နိုင်သော ဘာသာရပ်များ ....
Electronic Engineering (New)
Electrical Engineering (New)
Mechanical Engineering (New)
Manufacturing Engineering (New)
Electrical Installation
Refrigeration & Air Conditioning
Construction Engineering (Civil)
Automotive Engineering (Japan)
(Since 2004)
27.12.2016
GLORY ၁၃၈/ ၁၄၀ ၊ ၃-ထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-73121717,09-5197817

**တိုက်ခန်းရောင်းမည်**
- တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်းရှိ အကျယ် (15'x50')(မြေညီထပ်) 450 L
- တ/ဥမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်းရှိ အကျယ် (22'x55')၊(၅)လွှာ 500 L
PH: 09-455815570, 09-974406313

**AA ယာဉ်မောင်းသင်တန်း**
အလွယ်တကူ ကားမောင်းတတ်လိုလျှင် တစ်နေ့(၁)နာရီသာ အချိန်ပေးပါ
အိမ်အရောက်သင်ပေးမည်။
09-43158300,09-254051326
09-782793551

**ပျောက်ဆုံးကြောင်းကြော်ငြာခြင်း**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန (ယခင်နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန)ပိုင် ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဦးပိုင်အမှတ်(၂/၁၆)ရှိ ဝန်ထမ်းအိမ်ရာ မြေဧရိယာ(၀. ၅၄၄)ဧက၏ နှစ်(၃၀) မြေငှားဂရန်(မူရင်း)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက မြဝတီကုန်သွယ်ရေးဇုန်၊ တယ်လီဖုန်းအမှတ်-၀၉-၄၃၀၇၉၁၄၄သို့ အကြောင်းကြားပေးပါရန် ကြော်ငြာအပ်ပါသည်။

**လှည်းကူးမြေကွက်ရောင်းမည်**
၁။ လှည်းကူးမြို့ထွက်၊ ရန်ကုန်-ပဲခူးလမ်းမ မျက်နှာစာ၊ ပေ (၁၁၀'×၁၅၀')၊ သိန်း ၁၈၀၀
Ph : 09 254440196
09 420092149

**အမြန်ရောင်းမည်**
မြေညီ+ပထပ် (အဆင့်မြင့်ပြင်ဆင်ပြီး)
၁၂၆ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
Ph : 09 73205309
09 420115015
09 964201150

Ocean SUPERCENTER
Panasonic
Panasonic YEAR END FESTIVAL
22nd Dec, 2016 ~ 4th Jan, 2017
လက်ဆောင်ပစ္စည်းများနှင့် အထူးလျှော့ဈေး


Ocean Supercenter (North Point Branch) Ph : 01 - 652959, 652960, 652961, 652962
Ocean Supercenter (Pazundaung Branch) Ph : 01 - 397146, 397149, 397906, 397907
Ocean Supercenter (Shwe Gone Daing Branch) Ph : 01 - 8603868
Ocean Supercenter (Diamond Plaza Mandalay Branch) Ph : 09 - 73189726, 09 - 73031503, 02 - 67187
Ocean Supercenter (Mingalar Mandalay Branch) Ph : 02 - 2000112~115
Ocean Supercenter (Junction Centre Nay Pyi Taw Branch) Ph : 067 - 421619, 421620
Ocean Supercenter (Ottarathiri Naypyitaw Branch) Ph : 067 - 417620 ~ 21
Ocean Supercenter (Monywar Branch) Ph : 071 - 28372 ~ 73
Ocean Supercenter (Mawlamyine Branch) Ph : 057 - 24137, 24187
Ocean Supercenter (Pathine Branch) Ph : 04 - 223978, 223975


Enrol Now For
15% Discount In December
10% Discount In January
5% Discount In February
HORIZON INTERNATIONAL SCHOOLS MYANMAR 2000
နွေရာသီ အင်္ဂလိပ်စာသင်တန်း
HORIZON SUMMER SCHOOL
Starts On March 8, 2017
Focus on English 4 Skills
Learning with Native Speakers
English through songs, movies and sports
Excellent Facilities
Free
Admission Fee
Original Textbooks
Placement Test
Surprise Gifts
Age - 3 to 18
YGN : (01) 551795-6, 543926, 548452 MDY : (02) 72753, (09) 43060423, (09) 2053042 NPT: (067) 433134-5


ALBA
Summer Camp 2017
English fluency, fun and activities
summer
10% Discount in Dec (Until 24th Dec)
6% Discount in Jan
3% Discount in Feb
+2% for old student
March - May
Mon - Fri
Age 5 - 14
Science
Art
Computer
Music
Grammar
66, Shwedagon Pagoda Road, Dagon Township, Yangon.
Tel +95-1-376236, 376314, 384055, 256021
E-mail:admin@albaedu.com, Facebook:ASIA Language & Business Academy(ALBA)


ဟန်းဂူ (HANGUK) ကိုရီးယားဘာသာစကားသင်တန်း
အထူးသင်တန်းကြေး (၁) သိန်းကျပ် (အမြတ်)EPS
စနစ်ဖြင့် ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ပြီးလစာ
(၁၅) သိန်းနှင့်အထက် ရရှိနိုင်မည့် အခွင့်အလမ်း
www.facebook.com/HANGUK Korean Languages Center
09-784899914,09-784899915


MBA
BBA . EMBA . PhD
· Master of Business Administration
· 18 Months (5 Semesters)
· 11 Subjects + 1 Project Paper
· Weekend Classes (Once in every 6 weeks Only)
· Awarded by Asia e University, Malaysia, recognized by 35 ACD Countries
· Education Loan from CB BANK Available
MYANMAR INSTITUTE OF EDUCATION
START YOUR MBA JOURNEY TODAY
FROM AS LOW AS MMK300,000!
ENROL NOW TILL 2nd JANUARY 2016
09254045682 / 09972656540 / 01667009
Official Offshore Campus of Asia e University, Malaysia. www.aeu.edu.my


1 book
2 fly
3 experience
Singapore
အခွန်အခပါအပြီး ရန်ကုန်-စင်္ကာပူ
တစ်ကြောင်းစာ usd ၆၃*
၂၀၁၇ ဇန်နဝါရီလ ၁ ရက်နေ့မတိုင်မီလက်မှတ်ကြိုတင်ရယူပြီး ၂၀၁၇ ဖေဖော်ဝါရီလ ၆ ရက်မှ မေလ ၃၁ ရက်အကြားခရီးနှင်လိုက်ပါ။
tigerair.com
follow us
download your Tigerair app now
Google play
App Store
contact your local agent
+95 9 2500 12928
+95 9 4500 50898
tigerair

## ကြော်ငြာ

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၄၊ တဆထလ/တိုင်း(၁၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0317) / (ဆေးမှုန့်)TMR 000394(0317)
RE GD
ဝမ်းဗိုက်ပြုတ်ပြီး ဝမ်းလျှောနေလျှင် ကွမ်းရွက်ပုံ ဆေးကောင်း
ကွမ်းရွက်ပုံတိုင်းရင်းဆေးအား စည်သည့် မြို့ရွာများသို့ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိတ်ဆွေများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

RE GD
ဒူးနာ၊ ခါးနာ၊ ကျိုးပေါင်းရောဂါ၊ ထုံကျင်ကိုက်ခဲအကြောဝေဒနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း
မူးမော၊ ရင်တုန်၊ ဖက်ကြောတက်လျှင် ရှူ
ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်
အမြို့မြို့ ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။
ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်

ပါကေး အစားထိုး ကြမ်းခင်း
Merry Christmas And Happy New Year
Promotion!

မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Since 1996
Home
Think of House, Think of Home
Buy Flooring → Get Box
၄ ကျင်း ဝယ်လျှင် ၁ ပုံး လက်ဆောင်
Grade A,B,C,D
စစ်မှန်မှုကိုစက်ဖြင့် "အခမဲ့" လက်တွေ့ စစ်ဆေးပေးသည်။
* Grade A,B,C,D အစစ်များသာရောင်းပါသည်
* ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိရှိပါသည်
* လက်ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း
ပိုတ်ရက်မရှိ
(အင်းစိန်) (သင်္ဃန်းကျွန်း) (ပဲခူး) (မန္တလေး) (တောင်ကြီး)
(အောင်သန်းကွင်း) (မြောက်ဥက္ကလာ) (မော်လမြိုင်) (ပြင်ဦးလွင်) (မုံရွာ) (နေပြည်တော်)
HOTLINE: 09-79 700 70 70
09-79 700 70 80

လူထု
သံပန်း၊ သံတံခါး၊ လိပ်တံခါး၊ အလှမီနီယံ
Steel Structure စတီးလုပ်ငန်း
အမှတ်(၁၄)၊ ၁၆၇-လမ်း၊ တာမွေ။
Ph:09-5031107,09-5028986,
09-5008411

ဒေါ်ရှို ထမင်းချိုင့် အိမ်အရောက်ပို့ဆောင်ရေး
ကျန်းမာရေးလည်းညီ သန့်ရှင်းလတ်ဆတ်သောအစားအသောက်၊ မှန်ကန်သောအချိန် နှင့် သက်သာသောဈေးနှုန်း။ အိမ်ထမင်း၊ အိမ်ဟင်း သီးသန့်စားလိုသူများအတွက် ဗမာထမင်းဟင်းအရသာ၊
Ph: 09-257210790, 09-32131107

သီဟလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18')ကားများဖြင့်
လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

ဗွဲ့ ခမ့် သံယံ
SYP ဆေးရိုးပင် SYP
အုတ်ရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး
ကိုသန်းနိုင် + မမိုးမိုးအေး
အမှတ်(၉/၆၉-B)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ တညင်းကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 645757, 095408777, 095145162
0973021997, 09455081166

MOMO - My Ooredoo, My Offer
အူရီဒူးသုံးစွဲသူတစ်ယောက်ချင်းစီအတွက် MOMO ရဲ့ ၅၀% ငွေဖြည့် အပိုလက်ဆောင်၊ အခမဲ့ အင်တာနက်၊ ၃ ဆ အပိုလက်ဆောင်၊ Unlimited Facebook အပြင် အခြားစိတ်လှုပ်ရှားစရာ အစီအစဉ်များစွာကို ရယူလိုက်ပါ
ooredoo

*234# ကို အပတ်တိုင်း ခေါ်ဆိုပါ
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်

CNQC
Building for Tomorrow
We are specialize in Construction, EPC, MEP, Foundation Engineering, Interiors Fitting out, Steel Works, Real Estate Development & Investment, Trading and Consultancy Services.


CNQC
QINGJIAN INTERNATIONAL (MYANMAR) GROUP DEVELOPMENT CO., LTD.
Tel : +95 1 8604597/ +95 9 43181656/ +95 9 5405687 | Email : enquiry@cnqc.com.mm
Add : No.22, U Chit Mg Housing, U Chit Mg Road, Tamwe Township,Yangon, Union of Myanmar

# နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ထုတ်ပြန်ထားသည့် ရခိုင်ပြည်နယ် မောင်တောဒေသ ဖြစ်စဉ်နှင့်စပ်လျဉ်းသည့် အမေး၊ အဖြေများ




**နေပြည်တော် ဒီဇင်ဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ အောက်တိုဘာ ၉ ရက်က စတင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်စဉ်အကျဉ်းချုပ်နှင့်ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီက ဒီဇင်ဘာ ၁၆ ရက်တွင် အောက်ပါအတိုင်း ထုတ်ပြန်ထားသည် -

**ရခိုင်ပြည်နယ် မောင်တောဒေသ အခြေအနေနှင့်စပ်လျဉ်းတဲ့ အမေး၊ အဖြေများ**

**မေး။ ။ ရခိုင်ပြည်နယ် မောင်တောဒေသတွင် လက်ရှိဖြစ်ပွားနေတဲ့ ဖြစ်စဉ်များဟာ ဘာကြောင့်ဖြစ်ပွားရတာလဲ။**

ဖြေ။ ။ ရခိုင်ပြည်နယ်မှာ ၂၀၁၂ ခုနှစ် ပဋိပက္ခတွေ ဖြစ်ပွားပြီးကတည်းက ၂၀၁၆ အောက်တိုဘာလ ၉ ရက်နေ့ မတိုင်ခင်ကအထိ ရခိုင်ဒေသဟာ ဘာသာရေးနှင့် လူမျိုးရေးခွဲခြားဖိနှိပ်မှုများ အပါအဝင် ဘာပြဿနာ၊ ဘာပဋိပက္ခမှမရှိဘဲ တည်ငြိမ်အေးချမ်းလျက်ရှိပါတယ်။ အဲဒီလိုအခြေအနေမှာ အကြမ်းဖက်တိုက်ခိုက်သူ အင်အား ၄၀၀ ခန့်က မောင်တောမြို့နယ်ထဲက နယ်ခြားစောင့်ရဲစခန်း သုံးခုကို ညအချိန်မှာ အလစ်အငိုက်ရယူ၍ စတင်အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီနေ့ကစပြီး အလားတူ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဆက်လက်ဖြစ်ပွားနေတာကြောင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်တပ်ရင်းတပ်ဖွဲ့များနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေရတာ ဖြစ်ပါတယ်။

**မေး။ ။ ၉-၁၀-၂၀၁၆ ရက် နယ်ခြားစောင့်ရဲစခန်း သုံးခု အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုမှာ အစိုးရဘက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ ကျဆုံး၊ ဒဏ်ရာရ၊ လက်နက်ခဲယမ်းပစ္စည်းများ ဆုံးရှုံးမှုရှိသလား။**


ဖြေ။ ။ ဆုံးရှုံးမှု ရှိပါတယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ကိုးဦး ကျဆုံးခဲ့ပြီး လက်နက်မျိုးစုံ ၅၁ လက်၊ ကျည်မျိုးစုံ အတောင့် ၁၀၁၃၀၊ လုံစွပ် ၄၇ ချောင်း၊ ကျည်အိမ် ၁၆၄ ခု ဆုံးရှုံးခဲ့ရပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်ခုခံမှုကြောင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# အကြိမ်ကြိမ်အခါခါ မရှုံးသင့်တော့ပါ

ဆောင်းပါး စာမျက်နှာ - ၆

## ကြေးမုံ ဆန်းဒေးကာတွန်း



စာမျက်နှာ ၁၆ - ၁၇

# 20th Asian Petanque Championship 2016 ပြိုင်ပွဲဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

အာရှပီတန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပီတန်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် 20th Asian Petanque Championship 2016 ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ပီတန်းအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း နေရာယူကာ ပြိုင်ပွဲကို ဖွင့်လှစ်ကြောင်းကြေညာပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ အာရှပီတန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပီတန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်

**စာမျက်နှာ ၃ ကော်လံ ၂ သို့**



# မြန်မာ ယူ-၁၈ အသင်း တရုတ်နိုင်ငံ၌ ခြေစမ်းပွဲများ ဆက်လက်ယှဉ်ပြိုင်

၂၀၁၇ ခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံ၌လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၁၈ အသင်းသည် ဒီဇင်ဘာ ၁၅၊ ၁၇ ရက်က ခြေစမ်းပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည်။

မြန်မာ ယူ-၁၈ အသင်းသည် ပထမပွဲတွင် ကန်တုံ ယူ-၁၈အသင်းကို လေးဂိုး-သုံးဂိုး၊ ဒုတိယပွဲတွင် ကန်တုံ ယူ-၂၀ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် ကစားသမားများ အတွေ့အကြုံရရှိစေရန် ယှဉ်ပြိုင်ခြင်းဖြစ်သောကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဒီဇင်ဘာ ၁၇ ရက်အထိ ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားထားရာ နိုင်ပွဲမရသေးဘဲ တစ်ပွဲသရေ၊ သုံးပွဲရှုံးနိမ့်ထားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဒီဇင်ဘာ ၁၈၊ ၂၀၁၆ (တနင်္ဂနွေနေ့)

# သင်ဘာကိုမြင်ပါသလဲ

မောင်စိုးဝေ(မြို့သာ)



"သူငယ်ချင်းရေ ငါ အခုဆိုင်ကယ်ဝပ်ရှော့ဖွင့်တော့မှာဟေ့။ ဆိုင်ကယ်အပိုပစ္စည်းအရောင်းဆိုင်ပါ အဖေက တွဲဖွင့်ပေးဦးမတဲ့"

"အေးပါကွာ။ ဝမ်းသာပါတယ်။ ဆိုင်နေရာ ရွေးပြီးပြီလား"

"အိမ်ရှေ့တင်ပဲလေကွ။ ဆောက်တောင်ပြီးပြီ"

"ကောင်းပါတယ်ကွာ။ မင်းအိမ်ကလည်း လမ်းမဘေးပဲ"

မနက်စောစောစီးစီး ငယ်သူငယ်ချင်း မင်းနိုင်က ဖုန်းဆက်ခြင်းပင်ဖြစ်သည်။ မင်းနိုင်နှင့် ကျွန်တော်က သူငယ်တန်းမှ ဆယ်တန်းအထိ အတန်းတူတက်လာသော သူငယ်ချင်းများပင်ဖြစ်သည်။ ကျွန်တော်ဆယ်တန်းအောင်၍ ပညာရေးကောလိပ်နှင့် ပညာရေးတက္ကသိုလ်တက်ပြီး ဆရာဖြစ်သည့်တိုင် သူကတော့ဆယ်တန်းဖြေနေရဆဲ။ နောက်ပိုင်းတော့ သူလည်းအတန်းပညာကိုကျောခိုင်း၍ အတတ်ပညာကို ရှာဖွေပါတော့သည်။ ပထမဦးဆုံး ပန်းထိမ်ပညာသင်သည်။ လေးလလောက်နေတော့ မန္တလေး ကျောက်စိမ်းဝိုင်းတွင် ကျောက်သွေးပညာ သုံးလခန့် သင်သည်။ ထို့နောက် ပရိဘောဂလက်သမားပညာ လေးလခန့် သင်ပြန်သည်။ ပညာပေါင်းစုံကို လအနည်းငယ်စီ မစို့မပို့သင်လာပြီး ရွာပြန်လာတော့ ကျွန်တော့်ကို ညည်းပြသည်။

"သူငယ်ချင်းရာ မင်းပဲအေးပါတယ်ကွာ။ စာသင်လိုက် နားလိုက်၊ မိဘကူလိုက်နဲ့၊ ငါ့မှာတော့ အသက်မွေးပညာ လိုက်ရှာတာ ခုထိကိုစိတ်တိုင်းကျတာ မတွေ့သေးဘူး"

"မင်းက အသက်မွေးပညာရှာပါဆိုမှ ဗဟုသုတရှာသလို ဟိုစပ်စပ်သည်စပ်စပ်လုပ်နေတာကိုးကွ"

"ဒါကတော့ကွာ ကန်တော်မင်းကျောင်းဆရာတော် ရေးတဲ့စာလိုပေါ့။ သုတကိုမူနည်းသည်ဟူ၍ မအောက်မေ့နှင့်။ တွေ့ရာမှတ်သားမိုးပေါက်များသော် အင်းနားချောင်းကန် ပြည့်သောဟန်သို့ဆိုတာ ကျောင်းစာမှာလည်း သင်ခဲ့ရဖူးတာပဲကိုး"

ပြောမနာဆိုမနာသူငယ်ချင်းတွေဆိုတော့ ကျွန်တော်ကလည်း ပြန်ပြောပါသည်။

"အေး. . . မင်းအဖြစ်က ဘာနဲ့တူနေသလဲဆိုတော့ တို့ခုနစ်တန်းအင်္ဂလိပ်စာထဲမှာ သင်ရတဲ့ What do you see?(သင်ဘာကိုမြင်ပါသလဲ)ဆိုတာလိုဖြစ်နေပြီ"

"အဲဒါ ဘာလိုတုန်းဟ။ မမှတ်မိဘူး။ ပြန်ပြောစမ်းပါဦး ကျောင်းဆရာရာ"

"ဟိုးရှေးရှေးတုန်းက ဘုရင်ကြီးတစ်ပါးမှာ သားတော်သုံးပါးရှိသတဲ့။ ဘုရင်ကြီးဟာ သားတော်သုံးပါးထဲကနေ တစ်ပါးကို ထီးနန်းလွှဲအပ်ချင်တယ်။ ဒါပေမယ့် အရည်အချင်းကလည်း သားတော်သုံးပါးစလုံးက အတူတူဖြစ်နေတယ်။ ဒါကြောင့် တစ်ရက်ကျတော့ ဘုရင်ကြီးဟာ သားတော် သုံးပါးစလုံးကို လေးမြားတွေယူစေပြီး လယ်ကွင်းတွေဘက် ထွက်လာခဲ့တယ်။ လယ်ကွင်းဘေးသစ်ပင်ပေါ်မှာ နားနေတဲ့ငှက်တစ်ကောင်ကိုတွေ့တဲ့အခါ သားတော်ကြီးကို လေးမြားနဲ့ ချိန်စေတယ်။ ပြီးတော့ သားတော်ကြီး ဘာကိုမြင်ပါသလဲလို့မေးသတဲ့။ သားတော်ကြီးက လယ်ကွင်းတွေရော၊ ငှက်ရော၊ သစ်ပင်ရော မြင်ပါတယ်လို့ ဖြေသတဲ့။ နောက်တစ်ခါ ဘုရင်ကြီးက သားတော်လတ်ကိုလည်း ငှက်ကို လေးမြားနဲ့ ချိန်စေပြီးမေးသတဲ့။ ဘာကို မြင်သလဲဆိုတာ။ သားတော်လတ်ကလည်း လယ်ကွင်းတွေ၊ တိမ်တိုက်တွေ၊ သစ်ပင်တွေနဲ့ ငှက်ကိုမြင်ပါတယ်လို့ ဖြေသတဲ့။ အဲဒါနဲ့ သားတော် အငယ်ဆုံးကိုလည်း ငှက်ကို လေးမြားနဲ့ချိန်စေပြီး ဘာကို မြင်သလဲ မေးပြန်သတဲ့။ သားတော် အငယ်ဆုံးကတော့ ခေါင်းနဲ့ ရင်အုပ်အစပ်ကို မြင်ပါတယ်လို့ ဖြေတော့ သားတော်အငယ်ဆုံးကို ပစ်လို့မိန့်သတဲ့။ သားတော်အငယ်ဆုံးပစ်တဲ့ လေးမြားက ငှက်ရဲ့ ခေါင်းနဲ့ ရင်အုပ်အစပ်ကိုမှန်ပြီး ငှက်ကလေးလည်း ပြုတ်ကျသတဲ့"

"ထီးနန်းသူရသွားရောလား"

"သူရတာနေမှာပေါ့ကွ။ အခုပြောချင်တာ ထီးနန်းနဲ့ မဆိုင်ပါဘူး။ ကိုယ်လုပ်ချင်တဲ့အလုပ်က ဘာလဲဆိုတာ သိပြီး တစ်ခုတည်းသောဦးတည်ချက်နဲ့ စွမ်းစွမ်းတမံ လုပ်သင့်တာကိုပြောတာပါ။ မင်းပြောတဲ့ တွေ့ရာမှတ်သားမိုးပေါက်များသော်ဆိုတာ အတတ်ပညာတည်းဟူသော မိုးပေါက်တွေကို ဆိုလိုချင်တာ။ ဖုန်မှုန့်တွေ၊ အမှိုက်တွေ၊ ကျောက်ခဲတွေရောရင်တော့ အင်းနားချောင်းကန် ဗွက်တွေ ထန်ကုန်မှာပေါ့ သူငယ်ချင်းရာ။ အဲဒီတော့ မင်းအသက်မွေးဝမ်းကျောင်းချင်တဲ့ပညာက ဘာလဲဆိုတာ ကွဲပြားအောင် စဉ်းစား။ စဉ်းစားရွေးချယ်ပြီးရင်လည်း What do you see? ထဲကလိုပဲ တိမ်တိုက်တွေ၊ လယ်ကွင်းတွေ၊ သစ်ပင်တွေကိုမမြင်ဘဲ ငှက်ရဲ့ခေါင်းကိုပဲ မြင်စေချင်တယ် သူငယ်ချင်းရာ"

သူငယ်ချင်း မင်းနိုင် ငြိမ်ကျသွားသည်။ ဘာမှမပြောတော့။ နှစ်လခန့်ကြာသောအခါ ကျွန်တော့်ကိုလာပြောပါသည်။

"ငါဆိုင်ကယ်ဝပ်ရှော့ပညာ သင်တော့မယ်ကွာ။ ဒီတစ်ခါတော့ မင်းပြောသလို ခေါင်းကိုပဲမြင်တော့မယ် သူငယ်ချင်း"

"ဘယ်မှာသင်မှာလဲ"

"မန္တလေးသွားသင်မှာ။ အဖေ့အသိမိတ်ဆွေ ဝပ်ရှော့ဆရာက ဆိုင်ကယ်အပိုပစ္စည်းအရောင်းဆိုင်ရော ဖွင့်ထားတာဆိုတော့ မုန့်ဖိုးလည်းပေး၊ ထမင်းလည်းကျွေး၊ ပညာလည်း သင်ပေးမယ်တဲ့"

"ကောင်းပါတယ်သူငယ်ချင်းရာ။ ဒီတစ်ခါတော့ သေသေချာချာသင်ခဲ့နော့"

ပြောသာပြောလိုက်ရသည်။ ဘယ်အချိန် ဘယ်အလုပ်ကို ပြောင်းလုပ်သွားသည်ဟူသော သတင်းစကားကို စောင့်မျှော်လျက်သာ။

ယခုတော့ သုံးနှစ်နီးပါးပညာဆည်းပူးခဲ့ပြီး ဆိုင်ဖွင့်တော့မည်ဖြစ်သော သူငယ်ချင်းအတွက် ဂုဏ်ယူဝမ်းမြောက်ရပါသည်။ အတန်းပညာတွင် ဆယ်တန်းအဆင့်ဖြင့် ရပ်နားခဲ့သော်လည်း အတတ်ပညာပိုင်းတွင်မူ ဆိုင်ကယ်ပြင်၍အသက်မွေးဝမ်းကျောင်းပြုနိုင်သူတစ်ဦးပင် ဖြစ်သွားပေပြီ။

ထိုနေ့က ဆယ်တန်းကလေးများကို ရှင်မဟာရဋ္ဌသာရ၏ "ဝိဇ္ဇာသိပ္ပလူ့ကိစ္စ"ကဗျာမှ အနှစ်များကိုရှင်းပြဖြစ်သည်။

"ဝိဇ္ဇာသိပ္ပ လူ့ကိစ္စကို
ငယ်ကမသင် ပျော်ပါးလွင်မူ
အကြင်သူအား စကားချေတင်
သဘင်မပြဲ့ခံတွင်းမဲ့သို့
ချို့တဲ့ပညာ ညှိုးမျက်နှာနှင့်
ရွံ့ရှာလန့်ထိတ် အသံဆိတ်၏"

ဟုတ်ပါပေသည်။ ဝိဇ္ဇာတည်းဟူသော နှုတ်မှုပညာ။ သိပ္ပံတည်းဟူသော အတတ်ပညာတို့သည် ငယ်ရွယ်စဉ်အချိန်ကပင် တတ်မြောက်အောင်သင်ကြားထားသင့်လှပါသည်။ ကျွန်တော်သည် အတန်းပညာကို ပညာရေးဘွဲ့ရသည်အထိ ဆည်းပူးခဲ့သောကြောင့် ကျောင်းဆရာအဖြစ် အတန်းပညာဖြင့် အသက်မွေးနေရပါသည်။ အဋ္ဌမတန်းနှင့်ထွက်၍ ဆံပင်မိတ်ကပ်အလှပြင်ပညာကို သင်ကြားတတ်မြောက်ခဲ့သော သူငယ်ချင်းမိန်းကလေးတစ်ဦးသည်လည်း သူ၏အတတ်ပညာဖြင့် ဆိုင်ဖွင့်ကာ အသက်မွေးနေလေပြီ။ အတန်းပညာဖြစ်စေ၊ အတတ်ပညာဖြစ်စေ တစ်ခုသောပညာရပ်ကို တစိုက်မတ်မတ်တတ်မြောက်အောင် သင်ကြားဖို့တော့ လိုအပ်ပါလိမ့်မည်။ သတ္တမတန်းအင်္ဂလိပ်စာတွင်သင်ကြားခဲ့ရသော What do you see?(သင်ဘာကိုမြင်သလဲ)ဟူသော သင်ခန်းစာလေးတစ်ခုသည် ဘဝခရီးလျှောက်လှမ်းကြမည့် ကျောင်းသားကျောင်းသူများအတွက် အသိပညာခွန်အားဖြည့်ပေးနေသော စာစုလေးတစ်ခုလည်းဖြစ်ပါသည်။ မိမိဆည်းပူးမည့် အသိပညာအတတ်ပညာကို ရွေးချယ်ပြီးဖြစ်ပါက အခြားမလိုအပ်သည့်အရာများကို စိတ်မညွတ်စေဘဲ တစိုက်မတ်မတ်ဖြင့် သိမြင်ကျွမ်းကျင်အောင် ကြိုးစားသင့်သည်ဟုလည်း တွေးတောသုံးသပ်မိနေပါတော့သည်။

❑❑❑

## ပန်းခြောက်

ပန်းခြောက်တွေ ခေတ်စားလာတော့
ပန်းစိုတွေက အလိုက်တသိ
နေရာဖယ်ပေးလိုက်ရတယ်။
ပန်းပွဲတော်မှာ
ပန်းစိုနည်းလာတယ်
တရားပွဲမှာ
ပန်းခြောက်နဲ့ အလှဆင်လာတယ်
အိမ်ဘုရားမှာတောင်
ခြင်ပွားမှာစိုးလို့
ပန်းခြောက်နဲ့ အစားထိုးကပ်လာတယ်။
လှလည်းလှတာကိုး
အမြင်ပသာဒ ယှဉ်ရနိုင်ပေမယ့်
ရနံ့မရှိ
ဝေခြင်းမရှိ
ကြွေခြင်းမရှိ
သူ့မှာယာ လှူမသိ။ ။

**ပိုင်(ဆေး-၁)**
နောက်ဆုံးနှစ် အပိုင်း(ခ)
ဆေးတက္ကသိုလ်-၁၊ ရန်ကုန်

## မျှော်တော်ယောင်ငြိမ်းချမ်းရေး

သောကလှိုင်းတွေက
မုန်တိုင်းလိုထန်
အမြင်မှန်မရသေးတဲ့
ညနေခင်းလေးမှာ
ကြောက်ရွံ့စွာနဲ့
အသက်ရှင်နေရတယ်။
အခိုးတလူလူ
မြူဆိုင်းတဲ့တောင်ကုန်းက
မီးခိုးတွေဖုံးနေလေရဲ့
ဒဏ်ရာများနဲ့မနက်မှာ
အမှန်တရားအတွက်
အဖြေရှာရင်း
ငထွားတို့ခါးနာလေပြီ။
ငြိမ်းချမ်းရေးမှန်းမျှော်ရင်း
မာန်တင်းလို့အသက်ရှင်
ရှေ့တန်းစစ်မြေပြင်မှ
ကျဆုံးသွားသော
ရဲဘော်တွေလည်း "အမျှ"
ထာဝရငြိမ်းချမ်းရေး
မျော်တွေးရင်းငါ့မနက်တွေဟာ
အသက်တွေသာကြီးခဲ့သည်။

**မြင့်စည်သူမြိုင်**
BA(Myanmar) ပြည်တက္ကသိုလ်

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

# လက်ဖက်ရည်ဝိုင်းပြဿနာ အဖြေရှာ



ကျော်နိုင်တင့်
B.A (English)

ကျွန်တော်တက္ကသိုလ်မြေကို သုံးနှစ်တာကာလထိ ခြေချခဲ့ဖူးပါတယ်။ သူငယ်ချင်းအပေါင်းအသင်းမျိုးစုံနဲ့လည်း ရင်းနှီးခဲ့၊ ခင်မင်ခဲ့ဖူးပါတယ်။ တချို့ဆို အခုထိ အဆက်အသွယ်ရှိနေပါသေးတယ်။ ဖေ့စ်ဘွတ်ခ်မှာပဲ တွေ့ဖြစ်တာလည်းရှိပါတယ်။ အဆက်အသွယ် လုံးဝမရတော့တဲ့သူတွေလည်း ရှိပါတယ်။

သူငယ်ချင်းမျိုးစုံဆိုတော့ အလွှာမျိုးစုံ၊ စရိုက်မျိုးစုံရှိပါတယ်။ ငွေကြေးအရ ပြည့်စုံသူလည်းရှိတယ်။ အလယ်အလတ်အဆင့်ရှိသူလည်းရှိတယ်။ ချို့တဲ့သူလည်း ရှိပါတယ်။ ကိုယ်တွေကတော့ အဲဒီသုံးမျိုးထဲမှာမပါ။ချို့တဲ့သူလည်းမဟုတ်၊ အလယ်အလတ်အဆင့်လည်းမရောက်တဲ့သူလို့ ပြောရမလားပဲ။

ဆိုလိုချင်တာက ငွေကြေးပြည့်စုံတာ၊ အလယ်အလတ်ရှိတာ၊ ချို့တဲ့တာတွေအကြောင်း မဟုတ်ပါဘူး။ တချို့တွေက ကိုယ့်တာဝန်ကိုယ် မယူကြဘဲ သူများမျက်ခုံးမွှေးပေါ် စကြီးလျှောက်ချင်တာကိုပြောချင်တာပါ။ တာဝန်ယူမှုဆိုလို့ ကြီးကြီးကျယ်ကျယ်တွေ ပြောနေတာမဟုတ်ပါဘူး။ တက္ကသိုလ် ကျောင်းသားဘဝတုန်းကလက်ဖက်ရည်ဆိုင် ခဏခဏထိုင်ဖြစ်တော့ လက်ဖက်ရည်ဆိုင်မှာမကြာခဏ ကြုံခဲ့ရတဲ့အကြောင်းလေးရယ်ပါ။ အခုလည်း တစ်ခါတလေ ထိုင်ဖြစ်တော့ တစ်ခါတလေကြုံရတတ်ပါသေးတယ်။

သူငယ်ချင်း လက်ဖက်ရည်သောက်ရအောင်ခေါ်ပြီး လက်ဖက်ရည်ဖိုးရှင်းချိန်ရောက်တိုင်း မသိချင်ယောင်ဆောင်ဆောင်နေတတ်တဲ့ သူငယ်ချင်းမျိုးနဲ့ကြုံခဲ့ရဖူးတယ်။ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်။ ခဏခဏကို ကြုံရတာပါ။ တစ်ခါတလေကျ ကိုယ်က သူငယ်ချင်းတစ်ယောက်နဲ့ လက်ဖက်ရည်သောက်နေတယ်ဆိုရင် အဲဒီ မသိချင်ယောင် ဆောင်ဆောင်နေတတ်တဲ့သူငယ်ချင်းကရောက်လာပြီး လက်ဖက်ရည်တစ်ခွက်၊ ဆေးလိပ် (အဲဒီတုန်းက လန်ဒန်) တစ်ပွဲဆိုပြီး ခပ်တည်တည်နဲ့ မှာသောက်တယ်။ ခဏနေတော့ သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားတာရှိလို့ဆိုပြီး ထသွားပါလေရော။ ဒီကောင်နည်းနည်းတော့များနေပြီဆိုပြီး စိတ်ထဲကပြောလိုက်တယ်။ သူကချို့တဲ့သူထဲမှာ မပါရုံတင်မဟုတ်ဘူး။ ပြည့်စုံတဲ့သူတစ်ယောက် ဖြစ်နေပြန်ပါရောလား။

တစ်ခါတလေကျ ကိုယ်တွေက သူငယ်ချင်း နှစ်ယောက်သုံးယောက်တည်း လက်ဖက်ရည်ဆိုင်ထိုင်ပြီး စကားပြောနေကြတယ်။ ခဏကြာတော့ တစ်ယောက်ရောက်လာတယ်။ လက်ဖက်ရည်တစ်ခွက် မှာသောက်တယ်။ နောက်ခဏကြာတော့ နှစ်ယောက်ရောက်လာတယ်။ လက်ဖက်ရည်နှစ်ခွက် မှာသောက်တယ်။ တစ်ယောက်ပြီးတစ်ယောက် ထပြန်သွားကြတယ်။ ကိုယ်သောက်တဲ့ လက်ဖက်ရည်ဖိုးအတွက်တော့ ဟန်ဆောင်ပန်ဆောင်တောင် ရှင်းမယ်ပြောမသွားကြဘူး။နောက်ဆုံးတော့ ပထမဆုံးစထိုင်ခဲ့တဲ့ ကိုယ်တွေသုံးယောက်က ရှယ်ရာလုပ်ပြီး ရှင်းလိုက်ရတယ်။ တစ်ယောက်ပြီး တစ်ယောက် ထပြန်သွားတဲ့သူတွေထဲမှာ ချို့တဲ့သူ တစ်ယောက်မှမပါပါဘူး။

တချို့သူငယ်ချင်းတွေကျတော့လည်း အဲလိုမဟုတ်ပါဘူး။ သူနဲ့များလက်ဖက်ရည်ဆိုင်ထိုင်လိုက်ရင် ငါရှင်းလိုက်မယ်။ မင်းတို့က နယ်ကလာတဲ့သူတွေ၊ အကုန်အကျများတယ်၊ ငါတို့က မြို့ပေါ်မှာနေတာ၊ အဆောင်လခလည်းမကုန်ဘူး။ စားစရိတ်လည်းထူးပြီးတော့ မကုန်ဘူးဆိုပြီး သူကချည်း ထုတ်ထုတ်ပြီးရှင်းဖို့ကြိုးစားတာ။ ကိုယ်က လက်မခံလို့သာပေါ့။ သူဆိုရင် ပြည့်စုံတဲ့သူမဟုတ်ပါဘူး။ ကိုယ်တွေလိုပဲ အလယ်အလတ်အဆင့်လည်းမရောက်။ ချို့တဲ့သူလည်းမဟုတ်ဆိုတဲ့ အဆင့်လောက်ပဲရှိတဲ့သူပါ။ ဆိုလိုချင်တာက တာဝန်ယူလိုစိတ်ရှိတာကိုပြောတာပါ။

တချို့သူငယ်ချင်းတွေကျတော့လည်း တစ်မျိုး။ ဆိုင်ထိုင်ပြီးစကားပြောကြမယ်။ ကိုယ်ကြိုက်တာ မှာစားကြမယ်။ ဒါပေမယ့် သူစားတာသူရှင်းတယ်။ ကိုယ်စားတာကိုယ်ရှင်းပဲ။ ဒါကိုအမေရိကန် System ကျင့်သုံးတယ်လို့လည်း သူကပြောပါသေးတယ်။ တစ်ခါတလေကျလည်း let’s go Dutchကိုယ့်စရိတ်ကိုယ်ရှင်းဆိုပြီးပြောပါတယ်။ သူငယ်ချင်းနဲ့ စကားပြောချင်လို့ ဆိုင်ထိုင်ပြီးပြောတယ်။ ဒါပေမယ့် ငွေကြေးကငွေကြေးပဲ။ သူငယ်ချင်းက သူငယ်ချင်းပဲဆိုတဲ့သဘောပေါ့။ သူကတော့ တာဝန်ယူမှုရှိသူလို့ ဆိုရမှာပါ။

သူငယ်ချင်းနဲ့ လက်ဖက်ရည်ဆိုင်ပဲဖြစ်ဖြစ်၊ စားသောက်ဆိုင်ပဲဖြစ်ဖြစ် ထိုင်မယ်ဆိုရင် အနည်းဆုံးတော့ အမေရိကန် System ကျင့်သုံးမယ်။ let’s go Dutch ကျင့်သုံးမယ်ဆိုတဲ့ စိတ်လောက်တော့ ရှိသင့်တယ်လို့ ထင်ပါတယ်။ သူငယ်ချင်းကခေါ်လို့ ကိုယ့်မှာမပါဘူးဆိုလည်း မပါကြောင်း ပွင့်ပွင့်လင်းလင်းပြောသင့်ပါတယ်။ ဒါမှမဟုတ်လည်း သူ့တစ်လှည့်ကိုယ်တစ်လှည့် ရှင်းမယ်ဆိုတဲ့ စိတ်သဘောထားရှိသင့်ပါတယ်။ ကိုယ်ကချည်း ရှင်းနေရရင်လည်း မဟန်သေးပါဘူး။ သူကချည်း ရှင်းနေရရင်လည်း အဆင်မပြေသေးပါဘူး။ အသေးအဖွဲ့လို့ ထင်ကောင်းထင်ရပေမယ့် တစ်ယောက်ကိုတစ်ယောက် ယုံကြည်မှုရော၊ လေးစားမှုပါ လျော့ပါးသွားစေနိုင်ပါတယ်။

တခြားသူတွေတော့ လက်ဖက်ရည်ဆိုင်ထိုင်တဲ့ ပြဿနာ ဘယ်လိုရှင်းကြလည်းမသိပါဘူး။ ကျွန်တော်ကတော့ တက္ကသိုလ်မှာတုန်းကတည်းက လက်ဖက်ရည်ဝိုင်းပြဿနာ အဖြေရှာလာခဲ့တာ အခုထိအဖြေမရသေးပါဘူး။ တစ်ခါတစ်ခါ လက်ဖက်ရည်သောက်ချင်တဲ့ အာသီသရှိလို့ လက်ဖက်ရည်ဆိုင်သွားတဲ့အခါ၊ ပိုက်ဆံကလည်း ကိုယ့်အတွက်လောက်ပဲ ပါတဲ့အခါ၊ သူငယ်ချင်းတွေနဲ့ တစ်ယောက်ပြီးတစ်ယောက် ဆုံမိတဲ့အခါမျိုးမှာ တဝါးဝါးတဟားဟားစကားပြောဖို့ထက် ဒီဝိုင်းကို ဘယ်လိုရှင်းရပါ့မလဲလို့ စဉ်းစားပြီး ချွေးပြန်ခဲ့တဲ့အကြိမ်ပေါင်းဟာ အတော်များခဲ့ပါပြီ။

ကိုယ်သောက်တာကိုယ်ရှင်းဆိုတဲ့ အမေရိကန် System ကျင့်သုံးမယ်ဆိုတဲ့သူကိုလည်း သိပ်တော့ သဘောမကျလှပါဘူး။ စီးပွားရေးဆန်လွန်းပါတယ်။ သူငယ်ချင်းအချင်းချင်း နွေးထွေးမှုမရှိဘူးလို့ ခံစားမိပါတယ်။ ကိုယ်ကချည်း ဒိုင်ခံရှင်းနေရတာမျိုး၊ သူကချည်းရှင်းနေရတာမျိုးကလည်း အဆင်မပြေနိုင်ပါဘူး။အဖြစ်သင့်ဆုံးကတော့ သူတစ်လှည့်ကိုယ်တစ်လှည့် ရှင်းလိုက်တာ အကောင်းဆုံးဖြစ်မယ်ထင်ပါတယ်။

တက္ကသိုလ်မှာတုန်းက လက်ဖက်ရည်ဆိုင်ထိုင်ပြီး သူငယ်ချင်းတွေနဲ့ စကားတွေအများကြီးပြောခဲ့ဖူးတယ်။ အကြောင်းအရာကလည်းစုံတယ်။ သူငယ်ချင်းလည်း နယ်စုံက ပါပါတယ်။

ကိုယ်သောက်တဲ့ လက်ဖက်ရည်ကိုယ်ရှင်းဖို့ ခဏခဏ မေ့တတ်တဲ့သူငယ်ချင်းတွေကိုရော၊ မင်းတို့က နယ်ကလာတာ ငါတို့က မြို့ပေါ်မှာနေတာဆိုပြီး သူကချည်း ခဏခဏထုတ်ထုတ်ရှင်းတတ်တဲ့ သူငယ်ချင်းကိုရော၊ မင်းသောက်တာမင်းရှင်း၊ ငါသောက်တာငါရှင်းမယ်ဆိုတဲ့ သူငယ်ချင်းကိုရော အခုချိန်ထိ သတိတရရှိနေဆဲပါ။ သတိတရရှိနေသလို လက်ဖက်ရည်ဝိုင်းပြဿနာအတွက် အကောင်းဆုံးအဖြေကိုရှာနေတုန်းပါ။

ဒီနေ့ခေတ်မှာတာဝန်ယူမှု၊ တာဝန်ခံမှုဆိုတဲ့ စကားလုံးတွေ အပ်ကြောင်းထပ်အောင် ခဏခဏကြားနေရလို့ တက္ကသိုလ်ကျောင်းသားဘဝတုန်းကလက်ထဲမှာ ပြတ်တစ်လှည့် မရှိတစ်လှည့်နဲ့ လက်ဖက်ရည်ဆိုင်ထိုင်တိုင်း ကြုံခဲ့ရတဲ့ အကြောင်းလေးတွေသတိရသွားလို့ ဒီစာလေးကို ရေးဖြစ်သွားတာပါ။ ဘယ်သူငယ်ချင်းကိုမှ ဘာကြောင့်ရယ်ဆိုပြီး ရည်ရွယ်ရေးတာမဟုတ်ပါဘူး။ ဒါပေမယ့် ဒီတစ်ခါဆုံကြလို့ လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ရင် ဘယ်လိုစနစ်ကျင့်သုံးကြမလဲဆိုတာကိုတော့ စိတ်မဆိုးတတ်တဲ့ သူငယ်ချင်းတစ်ယောက်နဲ့တွေ့ရင် မေးကြည့်ချင်ပါသေးတယ်။ ။

---

## ရွာကျောင်း

ရွာအဝင် စာသင်ကျောင်းလေးမှာ
စာအံသံတွေညံလို့
ဆူဆူညံမဟုတ် သံသာသာ။
ရိုးရိုးသားသားနဲ့ ကြိုးစားလို့
ပါးပေါ်တင်ထားတဲ့ပါးကွက်က ဝလုံးလေးပမာ
တူညီဝတ်စုံကပြောသော
သန့်ရှင်းသပ်ရပ်မှုကို စိတ်မှာစွဲလို့
အနာဂတ်အတွက် စာသင်နေကြတယ်။
သူတို့လေးတွေဟာ တိုင်းပြည်ရဲ့ရတနာ
တောရွာကျောင်းကလေးအဖြစ်နဲ့
ညှစ်ထုတ်လိုက်တဲ့ သားကောင်းသမီးကောင်းတွေ
နေရာစုံမှာ အလုပ်အကျွေးပြုလို့
တိုင်းပြည်တာဝန်တွေ ထမ်းဆောင်လို့။
ခုတော့ . . .
သူ့အရပ်နဲ့ သူ့ဇာတ်က လုပစွာ
ကကြိုးဆင်ကာ
နေခြည်မှာ ရွှေရည်လောင်းခဲ့ပေါ့။

**အောင်ဇာ(အရာတော်)**

## မေမေ့မေတ္တာ အလင်းဖြာ

○ ကောင်းကင်ပြာ
သာယာတဲ့မြင်ကွင်း။
တာရာပေါင်းစုံတဲ့ညဝယ်
ထွန်းပတဲ့အလင်း။
○ အပြုံးဝေဖြာ
တွယ်တာတဲ့မြင်ကွင်း။
မေမေ့ရဲ့မေတ္တာအလင်းကြယ်
ရင်တွင်းကသက်ဆင်း။
○ မေမေ့ရုပ်ရည်
ကြည်လင်တဲ့အဆင်း
ထွန်းလင်းတဲ့လမင်းပမာကွယ်
ရောင်ဝါထိန်လင်း။
○ တုနှိုင်းမရပါ
မေတ္တာကိုအသက်နှင့်ရင်း။
ကိုးလလွယ် ဆယ်လဖွားတယ်
အစားအသောက်ရှောင်ရင်း။
○ မေမေ့တေးသံသာ
ချိုသာတဲ့ပျားသကာအလား။
အိုအေးရယ်အို တေးဆိုတယ်
ချိုလွင်တဲ့ မေမေ့တေးသွား။ ။

**မဒီ(လှိုင်)**

## ဘဝအကြမ်းထည်

ဇနပုဒ်
ပဲပြုတ်
အရေးမလုပ်လည်း
ငုတ်တိုမှာချိတ် ငါ့လွယ်အိတ်။

ဖျင်ထည်
ကြမ်းခင်း
လူချင်းမတူလည်း
တစ်ပိုင်တစ်နိုင် ငါ့ကုလားထိုင်။

ကွမ်းယာ
ဆေးလိပ်
အကြွေးပတ်လည်
သီးနှံတစ်ခင်း ရအောင်ရှင်း။

ဘဝ
လာခဲ့စမ်း
ခပ်ကြမ်းကြမ်းပဲ မြေစမ်းမနင်းဘူး
ခပ်နွမ်းနွမ်းပဲ အလွမ်းမသယ်ဘူး
တစ်ကိုယ်တည်းလည်း နေပျော်တယ်။

**ရိုးတံ(ပုလဲနယ်)**

## စကားနဲ့ဓား

○ စကားဟာဓားလိုပဲ
တိတိကျကျနဲ့ မှန်မှန်ကန်ကန်ပြောမှ
အဆင်ပြေချောမွေ့တယ်။
○ ကိုယ့်စကားက ကိုယ့်ပြန်ပတ်သလို
ကိုယ့်ဓားက ကိုယ့်ကိုပြန်ပြတ်တတ်ရဲ့။
○ လိုရင်းအကြောင်းအရာရောက်အောင်
စကားပြောတတ်ဖို့
တွေးမှအဆင်ပြေသလို
ဓားချက်တွေပြတ်ဖို့
ဓားအသွားထက်ဖို့လည်း
သွေးမှအဆင်ပြေတယ်။
○ စကားနဲ့ဓား
ဘဝအတွက်ပမာထားပြီး
ကိုယ်သွေးတဲ့ဓား ကိုယ်မွေးတဲ့စကား
ကိုယ့်အတွက်အားဖြစ်ပါစေ။
○ ကိုယ့်ဓားကြောင့် ကိုယ်မပြတ်ဖို့
ကိုယ့်စကားကြောင့် ကိုယ်မရှက်ဖို့
သွေးလည်းသွေး တွေးလည်းတွေး။

**ဇာနည်အောင်(မန္တလေး)**

# ပြန်လာပါ ညီမလေး

အမရာပြည့်ပြည့်သူ
BA(Myanmar)



မေဦးပျော်နေသည်။ မနက်ဖြန်ပိတ်ရက်ဖြစ်သဖြင့် အိမ်ပြန်ရမည်ဆိုသောကြောင့်ဖြစ်သည်။ မေဦးလို အစိုးရကျန်းမာရေးဝန်ထမ်းတစ်ယောက်သည် အိမ်ကိုလွမ်းမိတာတော့အမှန်ပင်။ တာဝန်ကျရာတွင် အလုပ်လုပ်ပြီး အဆောင်တွင်နေရသော မေဦးသည် အိမ်ထမင်း၊ အိမ်ဟင်းကို စားချင်သည်။ မိသားစုနှင့် စပ်မိစပ်ရာ ထွေရာလေးပါးတွေ ပြောချင်သည်။ ပြေးကြည့်မှ အဖေ၊ အမေ၊ ညီမလေးနှင့် မေဦးတို့ လေးယောက်ပေါင်းမှ မိသားစုတစ်ခုဖြစ်သောကြောင့်လည်း ပို၍ပို၍လွမ်းနေရသည်။ အဖေကြိုက်တတ်သော လက်ဖက်ရည်ထုပ်လေးဝယ်၊ ညီမလေးကြိုက်တတ်သော ဆဲဗင်းဆဲဗင်းချိစ်ကိတ်လေးဝယ် စသည်ဖြင့် တိုလီမိုလီလေးတွေ ဝယ်နေမိသည်။

အမေကတော့ထွေထွေထူးထူး ဘာမှကြိုက်သည်မရှိပေမယ့် ဖျော်ရည်တော့ သောက်လေ့ရှိသဖြင့် ချဉ်စော်ကားသီးဖျော်ရည်တစ်ပုလင်းလောက် ဝယ်သွားလိုက်သည်။ မေဦးဇာတိက နယ်မြို့လေးမှ တောရွာလေးသာဖြစ်သည်။ ရန်ကုန်တိုင်းအတွင်းမှာရှိသည်ဆိုသော်ငြား ရွာသူ ရွာသားတို့သည် ပင်ကိုအရိုးခံနှင့် လွန်စွာမှရိုးသားကြသည်။ ဗဟုသုတလည်း ခေါင်းပါးကြသည်။ ပညာရေးလည်း စိတ်မဝင်စားသလို နိုင်ငံရေးလည်း ဘာတစ်လုံးမျှ မသိကြချေ။ မသိချင်ကြတာလည်းပါမည်ဟု မေဦးထင်မိသည်။ သူတို့စိတ်ဝင်စားသည်မှာ မိုးလင်းပါက လယ်တောထဲ ဆင်းရမည်။ မိုးချုပ်ပါက လွှတ်ကျောင်းထားသော နွားများနှင့်အတူ တဲပေါ်ပြန်တက်ဖို့ပင်။

"ဘာလုပ်မှာလဲ မေဦးရယ်၊ သေစာရှင်စာဖတ်တတ်တော်ပြီပေါ့။ အမေတို့ရဲ့ မိဘတွေလည်း အမေတို့ကို သုံးတန်းလောက်ပဲ ထားပေးခဲ့တာ"

"ဟင့်အင်း . . ဟင့်အင်း . . မရဘူး။ သမီး အခုရှစ်တန်းရောက်နေပြီ။ ဆုတွေလည်းရအောင် ကြိုးစားခဲ့တာပဲ။ ကိုးတန်း၊ ဆယ်တန်းအထိ ထားပေး။ အမေတို့ သမီးကိုကျောင်းထုတ်ရင် အိမ်ပေါ်က ဆင်းသွားမှာနော်"

ငယ်ငယ်က အမေကကျောင်းထုတ်မည်ဆို၍အမေ့ကို ခြိမ်းခြောက်ခဲ့သည်များကို မေဦးပြန်တွေးပြီးပြုံးမိသည်။

"အမေရေ . . မမပြန်လာပြီ"

အသံစာစာနှင့် ညီမလေးအသံကြောင့် နှီးထိုးနေသော အဖေနှင့် ထမင်းအိုးတည်နေသော အမေတို့ ကုန်းရုန်းထလာကြသည်။ အမေက လက်တွင်ပေနေသော အိုးမည်းများကို လက်နှီးနှင့်ကောက်သုတ်လိုက်ပြီး မေဦး၏ အိတ်နှင့် အထုပ်များကို လှမ်းယူသည်။

"အမေကြီးလက်က ပေပေကြီးနဲ့ သမီးကြီး အိတ်အဖြူရောင်ကို သွားမကိုင်နဲ့လေ။ အငယ်မ ယူပလေ့စေ"

"အင်းပါတော် ကျုပ်မေ့သွားလို့။ လာလာ သမီးကြီး"

ထိုနေ့က မိသားစုထမင်းဝိုင်းလေးကား စိုပြည်သာယာလှသည်။ ညီမလေးက ဟင်းချက်တော်သည်။ မေဦးကြိုက်တတ်သော ငါးသားလေးအိုးကပ်နှင့် ပေါက်ပန်းဖြူရွက်ကြော်ကို ငါးပိရည်ဖျော်၊ တို့စရာလေးနှင့် ဖွယ်ဖွယ်ရာရာ လုပ်ပေးထားသည်။

"စားစား မမ၊ ဟိုမှာဆို ဖြစ်သလို စားနေတယ်ဆိုတာ ညီမလေးသိတယ်။ မမက ကိုယ်တိုင်လည်း ချက်ရတာပျင်းတော့ ဝယ်ပဲစားနေတာမဟုတ်လား"

"ကောင်မစုတ်လေး"

ညီမလေးပြောတာလည်း မှန်သည်။ မေဦးလည်း တစ်ခါမှ ချက်မစား။ ချက်စားဖို့လည်း အချိန်မရှိပေ။ ဆေးရုံဂျူတီပြီးပါက ဆေးခန်းဂျူတီကလည်းရှိသေးသည်။ ထိုသို့နှစ်နေရာ ပြေးလွှားလုပ်မှသာ မိသားစုကို ကောင်းကောင်းပြန်ကြည့်နိုင်မည်မဟုတ်လား။ ညီမလေးကတော့ အကြောင်းအေးသည်။ အဖေတို့၊ အမေတို့နှင့် ကောက်စိုက်ချိန် ကောက်စိုက်သည်။ စပါးရိတ်ချိန် စပါးလိုက်ရိတ်သည်။ ကိုယ်ပိုင်လယ်မရှိသော်ငြား လယ်သူကြီးတို့ထံတွင် တက်ညီလက်ညီလုပ်သဖြင့် အကြောင်းတော့အေးရသည်။ အတန်းပညာ လေးတန်းခန့်သာ သင်ရသော်လည်း ညီမလေးကား လိမ္မာရေးခြားလည်းရှိလှသည်။ အပြောအဆိုလည်း ယဉ်ကျေးသိမ်မွေ့လှသည်။ လှချင်ပချင် ခေတ်မီချင်လွန်းသည့် စိတ်လည်းမရှိပေ။ တင်ပါးအထိရှည်သော ဆံပင်ထူထူကြီးများကို အမြဲတမ်း ဘီးဆံပတ်ထုံးထားလေ့ရှိသည်။

"မမကြည့်စမ်း ဘောင်းဘီရှည်ကြီးနဲ့ ကိုယ်ကျပ်အင်္ကျီကြီးဝတ်လာတယ်။ အဖေတော့ ဆူတော့မှာပဲ"

"ဟဲ့ ငါဝတ်တာလုံခြုံနေတာပဲ။ အဖေက မလုံမခြုံမဝတ်နဲ့လို့ပဲ မှာထားတာ"

"ဒါပေမယ့် ကြည့်မကောင်းဘူးလေ။ မြန်မာအင်္ကျီဝမ်းဆက်လေးဝတ်လာရင် ဘယ်လောက်လှသလဲ"

ထိုသို့ မြန်မာဆန်တာကိုသာကြိုက်သော မိသားစုကြားထဲတွင် မေဦးတစ်ယောက်သာ ခေတ်ဆန်နေသဖြင့် ညီမလေးက ပြောတော့သည်။

မိသားစုနှင့် နှစ်ရက်ခန့်သာနေပြီး မေဦးပြန်လာခဲ့လိုက်သည်။ ဖြစ်နိုင်လျှင် မေဦး မိသားစုနှင့်ခွဲပြီး မနေချင်ပါ။ သို့သော် လုပ်ငန်းကိုင်ငန်းမှာ မြို့ပေါ်တွင်သာ အဆင်ပြေသည်။ ကြိုက်ရာဆေးခန်း ပြေးလုပ်လို့ရသည်။ အသိအမြင်ကျယ်စရာများကိုလည်း အများအစား တွေ့ရသည်။ မေဦးတွင် အိပ်မက်တစ်ခုတော့ရှိသည်။ အခြားမဟုတ်။ မိသားစုလေးယောက်အတူတူ မြို့ပေါ်တွင် နေနိုင်ရေးပင်။ ထို့အတွက် မေဦးပိုက်ဆံကို ရသလောက်လည်း စုနေမိသည်။ လယ်ပိုင်ယာပိုင်မရှိသော လယ်သမားတွေရဲ့ဘဝကား ပြည့်စုံမှုမရှိဟု မေဦးထင်မိသည်။အဖေဆိုလျှင် အသက်ဆယ့်သုံးနှစ်မှစ၍ လယ်သူကြီးတဲများတွင် သူရင်းငှားလုပ်ခဲ့သည်မှာ မေဦးတစ်သက်ပင်ဖြစ်နေချေပြီ။ သူများလယ်တွင် လယ်ထွန်ကာ၊ ပျိုးနုတ်ကာ၊ စပါးရိတ်ကာဖြင့် ပျော်မွေ့စွာ လုပ်ကိုင်ကျွေးမွေးခဲ့ရှာသည်။ တစ်နေ့တော့ မိသားစုလေးယောက် ရန်ကုန်မြို့ပေါ်တွင် တစုတစည်းတည်း နေနိုင်ကောင်းပါရဲ့လေ။

"တီ . . တီ . . တီ . . . . "

အိပ်ရန်ပြင်ဆင်နေခိုက် မြည်လာသော မေဦး၏ လက်ကိုင်ဖုန်းကြောင့် ယူကြည့်မိလိုက်သည်။ အိမ်မှ ဆက်ခြင်းဖြစ်သည်။ တစ်ရွာလုံးတွင် ဖုန်းတစ်လုံးသာရှိသောကြောင့် အကြောင်းကိစ္စ တစ်စုံတစ်ရာမရှိလျှင် ဖုန်းမဆက်တတ်သော အိမ်က ညကြီးမိုးချုပ် ဆယ့်တစ်နာရီတွင် မေဦးဆီသို့ဖုန်းခေါ်သည့် အကြောင်းရင်းမှာ မည်သည့် ကိစ္စများပါလိမ့်။

"ဟဲလို"

"သမီး . . . သမီးကြီးလား"

တုန်ရင်ဆို့နင်နေသောအသံဖြင့် အဖေ့ အမေးစကားကြောင့် မေဦးရင်တွေတုန်လာသည်။ ဘာများဖြစ်လို့ပါလိမ့်။

"ဟုတ် အဖေ သမီးပါ"

"သမီး . . သမီးရဲ့ညီမလေး ဆုံးပြီ"

"ရှင် . . . . "

အို အဖေဘာတွေပြောနေတာပါလိမ့်။ ကလေးက အကောင်းကြီး။ ဘာကိုဆုံးရမှာလဲ။ ဒီလောက်ငယ်ရွယ်ပျိုမျစ်လတ်ဆတ်နေတဲ့ အသက်နှစ်ဆယ်ကလေးက သေခြင်းတရားနဲ့ ဘာဆိုင်လို့လဲ။ အို ဘယ်လိုပဲတွေးတွေး မဖြစ်နိုင်ပါဘူး။

"ဒီ . . ဒီည ရှစ်နာရီကပဲ ပိုးထိတာ သမီး။ အခုညကားတွေ မရှိတော့ဘူးဆိုတော့ မနက်မိုးလင်းမှပဲ လာခဲ့နော် သမီး"

ထိုမျှသာပြောပြီး အဖေက ဖုန်းချသွားပေမယ့် မေဦးကား ဖုန်းကိုယောင်ယမ်းပြီးကိုင်ထားဆဲ။ ဘယ်လိုဖြစ်ရတာလဲ ညီမလေးရယ်။

တကယ်ပင် ညီမလေးဆုံးသည်ဆိုသည်ကို ပြင်ထားသော ညီမလေးအလောင်းက သက်သေခံနေသည်။

"ဘယ်လို ဖြစ်ကြတာလဲ။ သမီးလည်းပြောကြပါဦး"

ငိုဖို့ကိုမေ့ကာ မေဦး အငမ်းမရ မေးနေမိသည်။ အမေကား တက်မတတ် ချက်မတတ် ငိုနေသည်။ အဖေကား ကြမ်းပြင်ကို လက်သီးဆုပ်နှင့်ထိုးကာ ငိုနေသည်။ မေဦး အမေးကို အိမ်ဘေးနားက ဘကြီးထွန်းက ဖြေသည်။

"သူ့ဘာသာသူ ခြင်ထောင်လေးထောင်ပြီး အိပ်နေတာပါကွယ်။ မြွေက ခြင်ထောင်ထဲထိဝင်လာပြီး ညာဘက်လက်မောင်းကို ကိုက်သွားတာ။ ဘကြီးတို့လည်း သိသိချင်း တွင်ခုတ်ဖို့ အဘဆရာကို ပြေးခေါ်ကြပါတယ်။ အဘဆရာရောက်လာတော့ အသက်မမီတော့ပါဘူးကွယ်"

"ဆေးရုံကို မပို့ကြဘူးလားဟင်"

"ငါ့တူမကြီးရယ်၊ ဆေးရုံက ရွာနဲ့ ထမင်းအိုးနှစ်လုံးချက်လောက်ဝေးတာ။ နောက်ပြီး ဆေးထိုးပေးမယ့် ဆရာဝန်၊ ဆရာမလည်း မရှိပါဘူးကွယ်။ သူတို့က မြို့ပေါ်ပဲ တက်နေကြတာ။ ဘကြီးတို့အစဉ်အဆက် ဒီလိုပဲ ပိုးထိရင် အဘဆရာနဲ့ တွင်ခုတ်နေကြပြီး ကောင်းသွားတာပဲ။ ကလေးမလေးက သိုက်ကလာတော့ ပြန်ခေါ်ချင်လို့ အခုလို အသက်မမီအောင် လုပ်တာပါကွယ်။ စိတ်ဖြေပါ"

ဘကြီးထွန်းပြောသော သိုက်တွေရော၊ ဘာတွေရောကို မေဦး နားမလည်နိုင်ပေ။ မေဦးသိသည်မှာ မြွေကိုက်ခံရလျှင် ဆေးရုံကို အပြေးသွားသင့်သည်။ ဖြေဆေးလေး အချိန်မီထိုးသင့်သည်မဟုတ်လား။

"ဆေးရုံကို မပို့ပေးကြဘူးပေါ့။ ငါ့ညီမလေး အဖြစ်ဆိုးလိုက်တာ။ အစ်မတစ်ယောက်လုံးက ဆရာဝန်ဖြစ်နေပြီးတော့ ဆေးလေးတစ်လုံးတောင် မထိုးပေးလိုက်ရပါလားကွယ်။ အသုံးမကျတဲ့ မမကို ခွင့်မလွှတ်နဲ့နော် ညီမလေး"

ပကတိငြိမ်သက်နေသော ညီမလေးမျက်နှာသည်ကား အညိုရောင်သန်းနေချေပြီ။ အဝတ်လွှမ်းထားသော အောက်မှ ဝမ်းဗိုက်သည်လည်း တဖြည်းဖြည်း မို့မို့တက်လာသည်။ သိုက်က ခေါ်တာတဲ့လား။ ဆေးရုံဆိုတာကို သွားဖို့မလွယ်တာတဲ့လား။ ဆရာဝန်၊ ဆရာမလည်း ရှိမနေဘူးတဲ့လား။

"ဆရာမရေ ပိုးထိတဲ့ လူနာတစ်ယောက်ပါလာလို့ပါဗျို့"

မေဦးတစ်ယောက် ဘုရားရှိခိုးကာ ညီမလေးအတွက် အမျှဝေနေခိုက် လူနာရောက်သည်ဟူသောအသံကြောင့် ဖျတ်ခနဲထကာ ဆေးပုလင်းတွေကို အသင့်ပြင်ထားလိုက်သည်။ တခြားဆရာမတွေကိုလည်း လိုအပ်သော စက်ပစ္စည်းများကို အသင့်ပြင်ထားရန် ညွှန်ကြားလိုက်သည်။ လူနာကို အမြန်စမ်းသပ်ကြည့်လိုက်တော့ ကွက်သားတွေ ပျော့လျော့ကာ ငိုက်မျဉ်းနေသည်ကိုတွေ့ရသည်။ အသင့်ပြင်ထားသည့် SPO2 စက်လေးနှင့် တိုင်းကြည့်လိုက်သည်။ အသက်ရှူအားပျော့နေသောကြောင့် အသင့်ပြင်ထားသည့် Ventilator စက်တွေဖြင့် အောက်စီဂျင်အလုံအလောက်ပေးလိုက်သည်။ တစ်လက်စတည်း ဖြေဆေးကိုလည်း ထိုးပေးလိုက်လေသည်။ လူနာ၏အခြေအနေကို စောင့်ကြည့်ရန် Monitor စက်ကိုလည်းတပ်ကာ သွေးပေါင်ချိန်၊ အသက်ရှူနှုန်း၊ နှလုံးခုန်နှုန်းများကို စောင့်ကြည့်နေလိုက်သည်။ အခြေအနေကောင်းလာသော အခါမှ လူနာရှင်တွေဘက်ကို လှည့်ပြီးပြုံးပြလိုက်သည်။

"ရောက်လာတာ အချိန်မီတယ်။ အခု အခြေအနေကောင်းသွားပါပြီ"

"ကျေးဇူးတင်လိုက်တာ ဆရာမရယ်။ ကျွန်တော်တို့လည်း ဟိုတစ်ခါ ဆရာမလေး ရွာထဲမှာ ကျန်းမာရေးအသိပညာပေးဟောပြောပွဲလုပ်တုန်းက မြွေကိုက်ရင် ရှေးဦးသူနာပြုစုနည်းထဲကအတိုင်း ဒဏ်ရာအပေါ်ဘက်ကနေ စည်းနှောင်ပြီး အချိန်မီဆေးရုံပို့ရမယ်ဆိုလို့ အမြန်ခေါ်လာခဲ့ကြတာ"

"အခုလို ကျွန်မမှာကြားထားတဲ့အတိုင်း လိုက်နာဆောင်ရွက်တဲ့အတွက် ပီတိဖြစ်မိပါတယ်။ နောက်လည်း ဒီဆေးရုံမှာ ကျွန်မအမြဲနေပြီး ကျန်းမာရေးအသိပညာပေးဟောပြောပွဲလေးတွေ လုပ်ပေးသွားမှာပါ။"

"သူ့ဆွေမျိုးတွေက ပယောဂဆရာသွားခေါ်ပြီး တွင်ခုတ်တာပဲ လုပ်ချင်နေတာ။ နည်းနည်းပြောပြပေးလိုက်ပါဦး ဆရာမ"

မေဦး လူနာရှင်တွေကို အတတ်နိုင်ဆုံး နားလည်နိုင်အောင်ရှင်းပြပေးလိုက်သည်။ ရှေးရိုးစွဲနေသော အယူအဆများ၊ ဆေးရုံ၊ ဆေးခန်းကို အယုံအကြည်မရှိ အားကိုးလိုစိတ်မရှိသော စိတ်များနှင့် ရွာသူရွာသားများကို မေဦး အပြစ်မတင်မိပါချေ။ ယခုဆိုလျှင် မေဦးနိုင်သည့်ဘက်ကနေ ရွာသူရွာသားများအတွက် ပေးဆပ်ဖို့အသင့်ဖြစ်နေပါပြီ။ လိုအပ်သောဆေး၊ လိုအပ်သောစက်ပစ္စည်းများ၊ လိုအပ်သော ဆရာဝန်၊ ဆရာမများနှင့် ဆေးရုံလေးသည် တင့်တယ်ခံ့ထည်စွာရှိနေချေပြီ။ ညီမလေး မရောက်လိုက်ရသော ဆေးရုံ၊ ညီမလေး မထိုးလိုက်ရသော ဆေးဝါးများ၊ ညီမလေးထိတွေ့ခွင့်မရခဲ့သော စက်ပစ္စည်းများကား ယခုဆေးရုံလေးတွင် အလုံအလောက်ရှိနေချေပြီ။ ပြန်လာပါ ညီမလေး။ မြွေဆိုးအကိုက်ခံခဲ့ရလို့ မချိမဆံ့ဝေဒနာနဲ့ ဆုံးပါးခဲ့ရတဲ့ညီမလေး ပြန်လာပြီးကြည့်လှည့်ပါ။ ကုသမှုမရခဲ့လို့ မမတို့မိသားစုကို စောစီးစွာ နှုတ်ဆက်ထွက်ခွာသွားတဲ့ ညီမလေး။ ဖြစ်နိုင်မယ်ဆိုရင်တော့ ပြန်လာပြီး ကြည့်လှည့်ပါတော့ကွယ်။ ။

# မိသားစုဆရာဝန်



မင်းညီညီ(ဘိုကလေး)

"ကိုသောင်းတင်ရေ စောစောစီးစီးပြောရဦးမယ်။ တော့်သားကို ဒီညနေတော့ ဆေးခန်းပြမှဖြစ်တော့မယ်။ ကျုပ်လည်းဟိုဆေးတိုက်၊ ဒီဆေးတိုက်နဲ့ တစ်ပတ်လောက်ရှိပြီ။ အခြေအနေက ထူးခြားမလာဘူး။ အဲဒါ ညနေအလုပ်ကပြန်လာရင် ပိုက်ဆံနည်းနည်းလောက်ရှာခဲ့ပါဦး"

အလုပ်သွားဖို့ပြင်နေသောသူ့အား ဇနီးက လှမ်းပြောသည်။ ဇနီးကိုခေါင်းညိတ်ပြရင်း အိပ်ရာထဲလဲနေသည့် သားကြီးအားကြည့်၍ ရင်ထဲတွင် သောကလှိုင်းထန်နေမိသည်။

သားကြီးက ရှစ်တန်းရောက်မှ ကျောင်းထွက်ပြီး ရေသန့်စက်ရုံတွင်ဝင်လုပ်ကာ မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှကူညီပေးခဲ့ရှာသည်။ ပူပြင်းလှသည့်ရာသီမို့ သားကြီးအလုပ်ကနားရက်မရှိခဲ့။ နေမကောင်းသည့်ကြားမှ အလုပ်ဆင်းရင်း အခုတော့ အိပ်ရာထဲ လဲခဲ့ရရှာသည်။

မလွှဲသာ၍ ကျောင်းထွက်အလုပ်လုပ်မည့်ကိစ္စကို ခွင့်ပြုလိုက်ရသော်လည်း ရင်ထဲတွင်တော့မကောင်းခဲ့။ သို့သော်လည်း သားကြီးလုပ်အားခကြောင့် အငယ်နှစ်ယောက်ကျောင်းစရိတ်နှင့် စားဝတ်နေရေး အထောက်အကူရ၍ အသက်ရှူချောင်ခဲ့ရ၏။ သားကြီးအလုပ်ကနေ့စားဖြစ်သည်။ သူ့အလုပ်ကတော့ တစ်လတစ်ခါမှသာ ငွေမြင်ရသည်။ အခုသားကြီးနေမကောင်းဖြစ်၍ နေ့စဉ်မီးဖိုချောင်စရိတ်ကို လမ်းထဲမှဒေါ်မြဆိုင်တွင် လကုန်ပေးဖြင့်တောင်းပန်ကာ အကြွေးယူနေရသည်။

ပြန်ဆပ်သည့်အခါ ဈေးကြွေး ၁၀၀၀၀ ဆိုလျှင် အတိုးက ၁၀၀၀ ပေးရမည်ဟုဆိုသည်။ မတတ်နိုင်။ လောလောဆယ် ဒီနည်းဖြင့်သာ ဖြေရှင်းနေရသည်။ သူထမင်းချိုင့်ကိုယူ၍ထွက်လာစဉ် အိမ်ပေါက်ဝအရောက်။

"ကိုသောင်းတင် မေ့မနေနဲ့ဦးနော်"ဟူသော ဇနီး၏အသံက နောက်ကျောမှကပ်ပါလာသည်။

မှတ်တိုင်တွင် ကားစောင့်နေသောလူအုပ်က ကျပ်သိပ်နေ၏။ ကားလာမည့်ဘက်သို့ မျှော်ငေးကြည့်နေကြသည်။ သူလည်း ကားစောင့်ရင်း သူဌေးဆီမှကြိုတင်ငွေထုတ်ရန် တွေးနေမိစဉ် စီးရမည့်ကားရောက်လာ၍ တိုးဝှေ့တက်လိုက်ခဲ့သည်။ အတွေးစကတော့ မပြတ်။

"ကိုသောင်းတင် ဂိုဒေါင်ကပစ္စည်းတွေတင်ဖို့ ဆရာက ခင်ဗျားကိုလိုက်သွားတဲ့"

"ဩော်. . . အေးအေး"

အလုပ်ထဲလှမ်းဝင်လိုက်စဉ် မျိုးအေးက သူ့ကိုလှမ်းပြောသည်။ ဂိုဒေါင်သွားမည့် ကုန်ကားပေါ် တက်လိုက်သွားရသည်။ ခြစ်ခြစ်တောက်ပူပြင်းလှသော နေက ကျောကွဲမတတ်။

ချွေးတို့က ရေလောင်းထားသလို့ပင် ရွှဲနစ်နေ၏။ ပစ္စည်းတွေတင်လိုက်ချလိုက်နှင့် ညနေအလုပ်သိမ်းတော့ သူ့တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နွမ်းနယ်နေသည်။ ထိုင်၍အမောဖြေရင်း

"ပိုက်ဆံနည်းနည်းလောက်ရှာခဲ့ပါဦး။ တော့်သားဆေးခန်းပြမှဖြစ်မယ်"ဟူသော ဇနီး၏အသံကို ပြန်ကြားယောင်မိသည်။

သူ ရုံးခန်းတံခါးကို ခေါက်လိုက်သည်။ အထဲမှ "ဝင်ခဲ့"ဟု လှမ်းပြောသည်။

တံခါးကိုအသာဖွင့်၍ အထဲသို့လှမ်းဝင်လိုက်စဉ် အေးစိမ့်စိမ့်အဲကွန်းလေငွေ့က သူ့ကိုလန်းဆန်းသွားစေသလိုခံစားရ၏။

အထဲတွင် သူဌေးက ဧည့်သည်တစ်ယောက်နှင့် စကားပြောနေ၍ သူခဏရပ်စောင့်နေလိုက်သည်။

"ခင်ဗျားသား တော်တော်ထွားလာတယ်နော်။ ဘယ်နှတန်း ရောက်ပြီလဲဗျ"

ဧည့်သည်က သူဌေးကို မေးနေသည်။

"ဒီနှစ် ၁၀ တန်းတက်နေတာလေ။ အဲဒါကြောင့် ဂရုစိုက်နေရတယ်"

အိမ်ကနေ ကျောင်း၊ ကျောင်းကနေ ကျူရှင်နဲ့ သူ့မှာ နားချိန်မရှိပါဘူး။ ပြီးခဲ့တဲ့လက မျက်နှာလေးချောင်ကျသွားလို့ မိသားစုဆရာဝန်ကို ညနေတိုင်းလာကြည့်ခိုင်းနေရတယ်"

သူဌေးနှင့် ဧည့်သည်ပြောနေသည့်စကားကို နားထောင်နေရင်း သားကြီးကျောင်းမထွက်ခဲ့ရင် ဒီနှစ် ၁၀ တန်းဟုတွေးကာ စိတ်မကောင်းဖြစ်မိသည်။

သူဌေးက ဧည့်သည်နှင့်ပြောလက်စစကားကိုရပ်၍ သူ့ကိုလှမ်းကြည့်ကာ

"ကဲပြော ကိုသောင်းတင် ဘာကိစ္စလဲ"

"ကျွန်တော်ကြိုတင်ငွေထုတ်ချင်လို့ပါဆရာ"

သူဌေးကမျက်မှောင်ကြုတ်ကာ ခေါင်းခါ၍

"အဲဒီလိုမရဘူးလေ ကိုသောင်းတင်။ ကျုပ်သတ်မှတ်ထားတာက ၂၀ ရက်နေ့လွန်မှထုတ်ပေးတာ ခင်ဗျားလည်း သိသားနဲ့။ ဒီနေ့မှ ၈ ရက်ပဲရှိသေးတယ်"

"ဟုတ်ကဲ့ သိပါတယ်ဆရာ။ ဒါပေမဲ့ ကျွန်တော့်သား တော်တော်နေမကောင်းဖြစ်နေလို့ ဆေးခန်းပြချင်လို့ပါဆရာ"

"မရဘူး ကိုသောင်းတင်။ ကျုပ်စည်းကမ်းအတိုင်းပဲလိုက်နာပါ။ သတ်မှတ်ထားတဲ့ရက်မှလာထုတ်ပါ"

သူ့ဆီမှအကြည့်ကိုလွှဲကာ ဧည့်သည်နှင့် စကားဆက်ပြောနေသည်။ သူသက်ပြင်းဖွဖွချကာ လှည့်ထွက်ခဲ့ရ၏။ အခန်းအပြင်အရောက် တိုးဝှေ့လာသော လေပူတို့သည် အခါတိုင်းနေ့တွေထက် ပို၍လောင်မြိုက်လွန်းနေသလိုပင်။ လေးလံသောခြေလှမ်းတို့ကို သယ်ရင်း အိမ်ပြန်ခရီးသည် နွမ်းလျနေမိသည်။

"ပိုက်ဆံနည်းနည်းလောက်ရှာခဲ့ပါဦး" ဆိုသော ဇနီးသည်၏ အသံက နားထဲတွင်ပဲ့တင်ထပ်နေသလို အိပ်ရာထဲလဲနေသည့် သားကြီးမျက်နှာမြင်ယောင်ရင်း ရင်ထဲဆို့နင့်နေမိ၏။ အိမ်ပြန်ရောက်လျှင် သားကြီးကို မိသားစုဆရာဝန်နှင့်ခေါ်၍ ပြလိုက်ချင်မိသည်။ ။

## သိသာသိစေ

( ၁ )

မိခိုင်ဝေ ညည်း ညည်းကောင်လေးနဲ့ပြတ်သွားပြီဆို ဖေ့စ်ဘွတ်ပေါ်ကဓာတ်ပုံတွေ ဘယ်လိုလုပ်မှာလဲ။

( ၂ )

အိမ်ထောင်ပြု ဘုရားတည် ဆေးမင်ရည်စုတ်ထိုးတွေထားပါဦး ညည်းတို့မညားကြသေးဘဲ ညည်းတို့ရဲ့ဓာတ်ပုံတွေ လူတိုင်းကသိနေပြီ။ ညည်းမျှော်လင့်နေပေတော့ ညည်းဘဝ အဲဒီမှာသေနေပြီ။

( ၃ )

ညည်းတို့အချင်းချင်း အဆင်ပြေတယ်ပဲထားဦးတော့ ညည်းကို တစ်ယောက်ယောက်က လုပ်ကြံချင်ရင် အဲဒီတစ်ယောက်က သဘောထားမပြည့်ခဲ့ရင် ညည်းလုပ်နေတဲ့အလုပ်မှာ ညည်းဟာနေလောင်ပန်းတစ်ပွင့်ပဲ။

( ၄ )

ငိုမနေနဲ့ ပေါ့ပေါ့တွေးရင် ပေါ့ပေါ့ဖြစ်တယ်။ ညည်းအရင်ကလို ပေါ့ပေါ့ပါးပါးတွေးရဲသေးလား။ ညည်းအရင်ကလို ပေါ့ပေါ့ပါးပါးနေရဲသေးလား။ ညည်းအတိတ်ကို ညည်းလန့်နေရပြီ မဟုတ်လား။ ဒါ ဖေ့စ်ဘွတ်ယဉ်ကျေးမှုတစ်ခုဖြစ်သွားမှာပါလို့ ညည်းလွယ်လွယ်လေးပြောလိုက်ဦးလေ။ ချစ်နေတုန်းကလို ညည်းစကားလုံးတွေ မပေါ့ပါးတော့ဘူးမဟုတ်လား မိခိုင်ဝေ။

**စံဟိန်းသော်(ငဖဲ)**

## စာနာတတ်မှ ချမ်းသာရ

❍ မေတ္တာသည်သာ ဤကမ္ဘာဝယ်
ငြိမ်းရာအမှန် ပုံသဏ္ဍာန်ကို
ပြန်လှန်ဖော်ပြ ရည်ညွှန်းရသော်
ငွေလစန္ဒာ လင်းရောင်သာလျက်
သူငါမခွဲ အေးရိပ်စွဲ။

❍ သူလည်းခန္ဓာ သွေးသားပါ၍
ငါ့မှာသွေးသား ဖွဲ့စည်းထား၏
အသားရောင်လွှာ မခွဲပါဘဲ
စာနာမှုမြဲ အားချည့်လဲသူ
လက်တွဲကူ၍ စိတ်ချမ်းမြေ့ဖွယ်
ထွေးပွေ့သယ်က အားငယ်ရသော
ဘဝမောသည် အားသစ်စည်၍
စိတ်ကြည်လင်လန်းဆန်းပေလိမ့်။

❍ အားသစ်ဝေဆာ ကိုယ်ခန္ဓာဝယ်
မကွာကပ်ပါ ဝေဒနာတို့
မလာဖြစ်တည် ဒေါင်ဒေါင်မြည်တုန်း
ဝေစည်တုန်းလျှင် ပြုဆင်ခြင်ဖွယ်
အေးရိပ်ကြွယ်သော စာနာဇောနှင့်
ပြေလျော့မာန ခဝါချကာ
ဖေးမကူညီစိတ်အေးကြည်။

❍ လူအချင်းချင်း စာနာခြင်းဖြင့်
စိတ်ရင်းဖြူစင် သာမှုယှဉ်လျက်
နာလျှင်ဖေးကူ လက်တွဲထူသော်
အပူပြေကွင်း အေးချမ်းခြင်းသည်
မယွင်းတည်ရာ ဤကမ္ဘာတွင်
သာယာမှုလွှမ်းပေတော့မည်။

**မေနွယ်စိုး(မြန်မာစာ)**

## ကျွန်တော်နှင့်
## နှလုံးသားအသိများ

အပူအပေါက်တွေနဲ့
ဒီဇမ္ဗူတစ်ဝိုက်မှာ
အလှပါးပါးကြားက အတ္တတစ်စုံ။

စိတ်ဖြင့်ရှုးမိုက်စွာ
ရင်ခုန်ရင်းကြည့်မိရဲ့
ငါ့ဦးခေါင်းအပေါ်ယံမှ ပင်ပန်းမှုများ။

ဘယ်သူမပြု မိမိမှုဆိုပဲ
နေလုံးကြီးကို အမှောင်တိုက်သွင်းပြီး
ကြယ်ကလေးတွေနဲ့ ချိတ်ထားလိုက်ရင်ကော။

နံရံပေါ်မှ ကချေသည်လို
ပုံသေနည်းနဲ့ ဦးနောက်တစ်လုံး
ပြာချပြီးအအေးခန်းထဲမှာ
ချောင်ထိုးထားလိုက်ပြီ။

စိတ္တဇကဗျာကို
ဈေးချိုတော်လိုကြည့်ကာ
နာရီစင်ပေါ်ကခုန်ချမယ့်မျက်နှာမျိုးနဲ့ပေါ့။ ။

**လူခေတ်စျာန်**

## ဖေ့စ်ဘွတ်ငိုကာ

ဘာလုပ်ကြလုပ်ကြ ဘယ်သွားကြသွားကြ
ဘာဖြစ်ကြဖြစ်ကြ ဖေ့စ်ဘွတ်တင်ဖို့ကိုက
အလုပ်တစ်ခုဖြစ်လာ။
ဆယ်ကျော်သက်ကနေ လူလတ်ပိုင်း လူကြီးပိုင်း
အရွယ်စုံဆိုက်စုံ လူမျိုးပေါင်းစုံ အလှလူပေါင်းစုံ
အကုန်သုံးကြ။
အကျိုးရှိရာရှိကြောင်းသုံး အပျင်းပြေသုံး
အပျော်အပျက်သုံး စီးပွားရေးလုပ်ငန်းသုံး
လူလုံးထွက်ပြစရာ ကြော်ငြာတာလည်းပါ
ကြွားတာလည်းပါသပေါ့။
စာပေတွေရေးကြ ကဗျာတွေတင်ကြ
အတိုအထွာ မှတ်သားစရာကအစ
ရသ သုတအဖုံဖုံ ဓမ္မကျမ်းဂန်တွေစုံရော။
ခင်မင်ရင်းနှီးသူတွေက
ပွဲလမ်းသဘင်ရှိရင် တွေ့ဆုံပွဲအတွက်
လူစုရာလည်းဖြစ်တယ်။
ဝေးကွာနေကြသူတွေ တစ်ဖန်ပြန်လည်ဆုံစည်းခွင့်ရ
ဟိုဒေသ သည်ဒေသ နိုင်ငံရပ်ခြားကအထိ
အသိမိတ်ဆွေတွေ သူငယ်ချင်းအပေါင်းအသင်းတွေ
ဆွေမျိုးသားချင်းတွေ။
ပြည်တွင်းပြည်ပသတင်း
စက္ကန့်ပိုင်းအတွင်း သိရှိနိုင်ခြင်း
မှန်ခြင်းမှားခြင်း တိကျခြင်း မတိကျခြင်း
ဖွခြင်းဆွခြင်းတွေကတော့
သင့်ဦးနောက်က ချင့်ချိန်ပေါ့။
မသမာသူတွေ ခြိမ်းခြောက်သူတွေ
အမြတ်ထုတ်လိုသူတွေ
လိမ်လည်လှည့်စားလိုသူတွေ
ရိုက်စားလုပ်လိုသူတွေ လော်မာသူတွေ
သားကောင်တွေနောက် ပင်ကိုတွေဖျောက်လို့
ဒုစရိုက်တွေလွန်ကျူးဖို့ ခြေရာဖျောက်နေကြပြန်။
နိုင်ငံရေးလား ဘာသာရေးလား လူမျိုးရေးလား
ဖေ့စ်ဘွတ်ကတစ်ဆင့်
လှုံ့ဆော်ကြ မှိုင်းတိုက်ကြ သွေးခွဲကြ
အသုံးချခံဖြစ်လိုဖြစ်။
လိုက်တွေ ကွန်မန့်တွေ စတစ်ကာတွေ
ဖရင်းရီကွက်တွေ ကွန်ဖန်းလုပ်တာတွေ
အန်ဖရင်းလုပ်တာတွေ ဘလော့တာတွေ
တက်တွဲတာတွေ ပို့စ်တင်တာတွေ
မန်ရှင်းခေါ်တာတွေ
နိတီဗီကေးရှင်းများ ဂရုများ ပေ့ချ်များ
နည်းပညာဝေါဟာရများ
ဖေ့စ်ဘွတ်ခက်ဆစ်တွေလား။
ဖေ့စ်ဘွတ်နဲ့အကျိုးထွက်သူထွက်
ဖေ့စ်ဘွတ်နဲ့ဘဝပျက်သူပျက်
ကောင်းကျိုးဆိုးပြစ် အရင်းစစ်တော့
ကာယကံရှင်ဟာ
သင်ကိုယ်တိုင်ပင်ဖြစ်တော့တယ်။

**အိုသွေးသျှင်**

